www.burmeseclassic.com

# ခေတ်ပျိုမြ

## ကြယ်တစ်စင်း ရင်ခုန်သက်သေ

## လျှို့ဝှက်ချက် အိပ်ပျက်ည



( အချစ်လုံးချင်းဝတ္ထု ၊

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၄၊ နိုဝင်ဘာလ။
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်၊
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ဈေး - ၁၂၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
ခေတ်ပျိုမြို့
ကြယ်တစ်စင်း၊ ရင်ခုန်သက်သေ၊ လျှို့ဝှက်ချက်၊ အိပ်မက်ည/ ခေတ်ပျိုမြို့
ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၄ ။
၂၀၈ - စာ ၊ ၁၂.၃ x ၁၈ စင်တီ။
(၁) ကြယ်တစ်စင်း၊ ရင်ခုန်သက်သေ၊ လျှို့ဝှက်ချက်၊ အိပ်မက်ည

# ခေတ်ပျိုမြို့

## ကြယ်တစ်စင်း ...
## ရင်ခုန်သက်သေ ...
## လျှို့ဝှက်ချက် ...
## အိပ်မက်ည ...

(အပြင်းစားအချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ့အပြစ် မပါခဲ့ပေမယ့်, အမှားလုပ်တဲ့သူဟာ ကျွန်မ မဟုတ်ပေမယ့် ကျွန်မအသည်း တကယ်ကို ကွဲရပါတယ်၊ သွေးတွေ စီးကျမနေပေမယ့် ကျွန်မ အသည်းကွဲရပါတယ် ကိုသွေးနေ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တိတ်ဆိတ်ငြိမ်သက်နေသော ဧည့်ခန်းလေးအတွင်း ဖေဖေ့စကားသံအဆုံးမှာတော့ ပိုပြီး တိတ်ဆိတ်သွားရတော့သည်။

"မမျှော်လင့်ဘဲ မှားသွားခဲ့တော့ မောင် တာဝန်ယူချင်တယ် စိမ်းရယ်၊ ဟိုကလေးမလေးက ငယ်ကလည်း ငယ်တော့လေ၊ သူ့ဘဝလေး မောင့်ကြောင့် ပျက်ရတာဆိုတော့ကွယ်"

နိုင်ငံခြားမှာသာ အနေများပြီး တစ်နှစ်တွင် တစ်လလောက်သာ မြန်မာပြည်ကို ပြန်လာတတ်သော ဖေဖေက အလုပ်အကိုင်လည်း ကြိုးစားသလို စီးပွားရေးလည်း အရှာကောင်းသူ ဖြစ်သည်။

နိုင်ငံရပ်ခြားမှာ စီးပွားရှာနေသော ယောက်ျားတစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



မိသားစုနှင့် ခွဲနေရချိန်မှာ အထီးကျန်စွာ ပင်ပန်းမှုများနှင့် ခံစားနေ မည်ဆိုတာကို သူမကတော့ ဖခင်ဖြစ်သူကို ခံစားနားလည်ပေးနိုင် သည်။

ဒါပေမဲ့ မေမေ့အတွက် မြို့ငဘက်တစ်ယောက်ဆိုပြီး ပေ လာတာကိုတော့ မကြိုက်ချင်ပေ။ ဖေဖေသာ မုဆိုးဖိုတစ်ယောက်ဆိုရင် တော့ ကျေနပ်ကြည်ဖြူစွာ လက်ခံပေးမိမှာအမှန်။ ဖေဖေ့ကို သူမ သမီးတစ်ယောက်အနေနှင့် နားလည်လက်ခံပေးနိုင်ပါသည်။

"သမီး ဖေဖေ့ကို အပြစ်မတင်တော့ဘူးလားကွာ"

ဖေဖေက သူမပခုံးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း မေ လာခဲ့သည်။ အပြစ်ရှိသူတစ်ယောက်အနေနှင့် နေရထိုင်ရ ခက်စွာ အပြစ်ဝန်ခံနေသော ဖေဖေ့ကို သူမ တကယ်လည်း သနားမိပါသည် သူမနှင့်မှ ရွယ်တူပါလို့ ပြောရလောက်အောင် ငယ်ရွယ်သော ကောင် မလေးတစ်ယောက် သူမအဖေကြောင့် ဘဝပျက်ရတာကိုလည်း လက်ခုပ်ဆိုတာ တစ်ဖက်တည်းတီးလို့ မမြည်ဘူးလို့လည်း မဝေ ရက်ပါ။ သနားတော့ သနားမိပါသည်။

ဖေဖေ နောက်တစ်ယောက် ထပ်ရှာလိုက်တာကို မကျေ မနပ် ဖြစ်မိပေမယ့် ဖြစ်ခဲ့ပြီးမှတော့ ဖေဖေ့မှာ တာဝန်ရှိတယ်လို့ ယူဆလိုက်ပါသည်။





အားလုံးထဲမှာ သနားကရုဏာအသက်ရဆုံးကတော့ မျက် ရည်လဲ့သောမျက်ဝန်းတွေနှင့် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်စွာ ထိုင်နေခဲ့သော မေမေ့ကိုပါပဲ။

ဘာအပြစ်မှမရှိရပါဘဲ စိတ်ဆင်းရဲရဖို့အတွက် မထိုက်တန် ဘူးဟု ထင်မိသည်။ အရမ်းလှ၊ အရမ်းကျက်သရေရှိပြီး သဘောထား ကြီးလွန်းလှသည့်မေမေ၊ ယောက်ျားအပေါ်မှာလည်း ချစ်ခင်လေးစား လွန်းသည့် မေမေ၊ အိမ်ထောင့်တာဝန် လူမှုရေး အစရှိတဲ့ ကိစ္စတွေ ဘက်မှာလည်း မလစ်ဟင်းစေရဘဲ ထောင့်စေ့အောင်လုပ်ထတ်တဲ့ မေမေ၊ ဖေဖေ့အမျိုးတွေကိုယ်တိုင်ကတောင် ဖေဖေ့ထက် မေမေ့ကို ပိုရင်းနှီးခင်မင်ခြင်းကို ခံခဲ့ရတဲ့ မေမေ။ ဘာအပြစ်မှ မကျူးလွန်ရပါဘဲ နှင့် မေမေခံလိုက်ရသည့် လောကဓံ၏ထိုးနှက်ချက်က ရက်စက်လွန်း လှသည်။

သူမကတော့ အဖက်ဖက်မှ ဝင်ရောက်ခံစားပေးကာ –

"ဖေဖေ့ကို သမီး အပြစ်မတင်ရက်ပါဘူး ဖေဖေ၊ ဘာပဲဖြစ်ခဲ့ ဖြစ်ခဲ့ ဖေဖေဟာ သမီးရဲ့ဖေဖေပဲလေ"

"စိတ်ချပါသမီးရယ်၊ ဖေဖေဟာ သမီးရဲ့ဖေဖေ စိမ်းရဲ့ခင်ပွန်း နေရာကနေ တစ်လက်မလေးမှ မရွေ့စေရပါဘူး။ ဖေဖေ ကတိပေးပါ တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ဘက်ကတော့ ခါတိုင်းလို နိုင်ငံခြားကစနိုးနှင့် ဆယ်လကျော်နေပြီး ရန်ကုန်ကစနိုးနှင့် တစ်လကျော် လာနေမည်ဟု စိတ်ကူးထားပုံရသည်။

"ရှင့်ကို ကျွန်မ နားလည်ပေးနိုင်ပါတယ် ကိုသွေးနေ"

မေမေ့စကားအဆုံး ဖေဖေမျက်နှာ ကွက်ခနဲပျက်သွားသည်။ ရုပ်ကလေးက ချောသလို တက္ကသိုလ်တွင် ကွင်းဖြစ်ခဲ့သော မေမေ့ကို ဖေဖေက သုံးနှစ်တိတိ လိုက်ခဲ့ရပါသည်။ ဖွဲ့ကောင်းလှန်းသော ဖေဖေ့ကို နောက်ဆုံးနှစ်ရောက်မှ ခေါင်းညိတ်လက်ခံခဲ့ပြီး စောင့်ကြည့်ခဲ့သေးတာ ဖြစ်သည်။

သုံးနှစ်လောက် ချစ်သူသက်တမ်းကြာမှ လက်ထပ်ခဲ့သော နူးညံ့သိမ်မွေ့လှန်းသည့်မေမေသည် ဖေဖေ့ကို မောင်လို့ ချစ်စနိုးနှင့် ခေါ်ခဲ့တာပါ။ "မောင် စိမ်းကလေ" ဟု အမြဲပြောတတ်သော မေမေက ကိုသွေးနေ၊ ကျွန်မ ဆိုတဲ့အသုံးအနှုန်းက မေမေ့ဘက်က ဆုံးဖြတ်ချက်ကို ပြသခဲ့ပါပြီ။

"စိမ်းကိုပဲ မောင်ချစ်ခဲ့တာပါ၊ ယုံပါ စိမ်းရယ်"

ဖေဖေက မျက်နှာငယ်လေးနှင့် မေမေ့ဘက်ကို လှည့်ရင်း ပြောသည်။

"ကျွန်မ ယုံမိတယ် ကိုသွေးနေ၊ သမီးလေးရှေ့မှာပဲ ပွင့်ပွင့်





လင်းလင်း ပြောရမယ်ဆိုရင်တော့ ရှင်တို့ယောကျ်ားတွေက အချစ်စစ်က တစ်နေရာ၊ သာယာမှုက တစ်နေရာဆိုပြီး နှစ်နေရာခွဲပြီး ချစ်နိုင်ကြပေမယ့် ကျွန်မတို့မိန်းမသားတွေမှာတော့ အဲဒီလို မရှိခဲ့ကြဘူး၊ ရှင့်အပြစ်ကို ကျွန်မ နားလည်ပေးနိုင်ပါတယ်၊ တကယ်ပြောတာပါ၊ ရှင်က ယောကျ်ားပဲ၊ ဒီနိုင်ငံမှာ သမီးကို တစ်ယောက်တည်း မထားခဲ့နိုင်လို့ နိုင်ငံခြားကို မလိုက်နိုင်တဲ့ ကျွန်မရဲ့လုပ်ရပ်ကိုလည်း ကျွန်မ နောင်တမရပါဘူး။

ယောကျ်ားတစ်ယောက်ရဲ့အချစ်ကို ခြောက်နှစ်တိတိ စောင့်ကြည့်ပြီး လေ့လာခဲ့တာတောင် ဆုံးဖြတ်ချက် မှားယွင်းမိလေခြင်းရယ်လို့လည်း ကျွန်မ မပြောပါဘူး။ ကျွန်မ ဒီအချိန်မှာ လင်ပစ်ခံရဖို့ကံက ပါလာတာပဲ၊ ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့ပါတယ်"

"မောင် စိမ်းကို မပစ်ပါဘူးကွာ"

"ရှင့်ဘက်က မပစ်ပေမယ့် ကျွန်မဘက်က ရုန်းထွက်ပါတယ်၊ တရားဝင်ကွာရှင်းပေးပါ့မယ်"

"အဲဒီလို မဖြစ်ချင်ဘူးစိမ်း၊ မောင် ကွာမပေးနိုင်ဘူး"

ဖေဖေ့ဘက်က တုန်လှုပ်စွာ ပြောလာခဲ့သည်။

"အခုကိစ္စမှာ ကျွန်မအပြစ် ကျွန်မအမှား တစ်ခုခုပါခဲ့လို့လား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းအပြစ် လုံးဝမပါပါဘူး။ မဆင်ခြင်နိုင်တဲ့ မောင့်အပြစ်တွေပါကွာ"

"ကျွန်မအပြစ်မပါခဲ့ပေမယ့် အမှားလုပ်တဲ့သူဟာ ကျွန်မမဟုတ်ပေမယ့် ကျွန်မအသည်း တကယ်ကို ကွဲရပါတယ်၊ သွေးတွေစီးကျမနေပေမယ့် ကျွန်မအသည်း ကွဲရပါတယ် ကိုသွေးနေ၊ ရှင့်ကို ကျွန်မဘက်က နားလည်ပေးသလို ရှင့်ဘက်ကလည်း ကျွန်မကို နားလည်ပေးနိုင်မယ်ဆိုရင် ကွာရှင်းပေးပါ။

သမီးဟာ တစ်သက်လုံး ရှင့်သမီးပါပဲ၊ ရှင်ဟာလည်း သမီးရဲ့ အဖေပါပဲ၊ ဒါပေမဲ့ ကျွန်မခင်ပွန်းတော့ မဟုတ်တော့ပါဘူး။ ဒီတော့ ရှင့်သမီးကို တွေ့ချင်လို့ပဲဖြစ်ဖြစ်၊ အလုပ်ကိစ္စနဲ့ ရန်ကုန်ကိုလာခဲ့တာပဲ ဖြစ်ဖြစ် ရှင် တစ်နေရာရာမှာတည်းပြီး သမီးနဲ့တွေ့နိုင်တယ်၊ ဖြစ်နိုင်ရင် ကျွန်မကတော့ ခုချိန်ကစပြီး ရှင်နဲ့ မျက်နှာချင်း လုံးဝမဆိုင်ချင်တော့ပါဘူး"

ပြောပြီးပြီးချင်းမှာပဲ မေမေက ထရပ်သည်။

"ရက်စက်လိုက်တာ စိမ်းရယ်"

ဖေဖေ့ငြီးတွားမှုကြောင့် မေမေက ဖေဖေ့ကို တစ်ချက်ငဲ့ကြည့်တာ –

"ရက်စက်တယ်ဆိုတဲ့စကားလုံး ရှင့်မှာ သုံးခွင့်မရှိဘူးလေ၊





ကျွန်မဘက်က ရှင့်ကို မတွေ့ချင်ဘူးဆိုတာက မုန်းလို့မှ မဟုတ်တာ၊ ရှင်နဲ့ကျွန်မက မုန်းလို့ ခွဲခွာတာမှ မဟုတ်တာ၊ နားလည်ခွင့်လွှတ်ပေးခဲ့တာဆိုတော့ ရှင်နဲ့တွေ့လို့ ရှင့်မျက်နှာကိုမြင်ရရင် ရှင့်အပေါ် ကြင်နာသနားစိတ် ဖြစ်သွားခဲ့ရင် မကောင်းဘူးလေ ...၊

ကျွန်မဘက်က ငါးပါးသီလလုံအောင် ထိန်းတာပါ၊ ရှင်ဟာ သူများရဲ့ယောကျ်ား ဖြစ်နေတော့ ရှင့်အပေါ် ကြင်နာစိတ်ဝင်မိသွားရင် ကျွန်မ ကာမေသုမိစ္ဆာစာရကံ ထိုက်မှာစိုးလို့ပါ"

မေမေ့လက်ဖျားလေးကို ဆုပ်ကိုင်ရင်း ဖေဖေက –

"စိမ်းပြောတဲ့ကံကို ထိုက်နေတာက မောင်နဲ့ ဟိုတစ်ယောက် မဟုတ်ဘူးလား"

"ကျွန်မကိုယ်ကျွန်မပဲ ဝေဖန်ပြီး ကောင်းအောင်နေပါတယ်၊ ဘယ်ဖက်သားကို အပြစ်တင်တဲ့အမြင်မျိုးနဲ့ ကျွန်မ မကြည့်တတ်ပါဘူး။ ကျွန်မကိစ္စ မဟုတ်ဘူးလို့လည်း ထင်ပါတယ်"

ဖေဖေဆုပ်ကိုင်ထားသောလက်ကို ဖြုတ်ချရင်း အေးစက်စွာ ပြောနေခြင်းဖြစ်သည်။

မေမေ့ဘက်က ဒီလောက်အထိ သွေးအေးလိမ့်မည်ဟု သူမ တွေးမိခဲ့။

ဘယ်လိုမှ ပြောမရတဲ့အခါမှာတော့ ဖေဖေက ရှိသမျှသည်း



www.burmeseclassic.com

www.burmeseclassic.com



အကုန်လွှဲကာ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် နိုင်ငံခြားသို့ ပြန်သွားပါသည်။

ဂျပန်ကပြားမလေး မီချိကိုကလည်း ကံပဲထင်ပါရဲ့။ အဖေအရွယ် ဖေဖေ့ကို ချစ်ရှာသည်ဆိုတော့ အိမ်ထောင်ရေးသာယာပုံ ရပါသည်။

သူမထံတော့ ဖုန်းအမြဲဆက်ကာ မေမေ့အကြောင်း မေးတတ်သည်။

"မေမေ အရမ်းကို ငြိမ်သက်သွားတာ ဖေဖေရဲ့၊ တရားနဲ့ပဲ မွေ့လျော်နေတဲ့ပုံ ဖြစ်နေတယ်၊ သမီးက မေမေ တရားရတာစော်လွန်းတယ်လို့ပြောတော့ မေမေက ပြုံးတယ် ... သိလား၊ တရားဆိုတာ စောစောတွေ့လေ ကောင်းလေပေါ့ သမီးရယ်တဲ့"

"စိမ်းက ဘဝကူးကောင်းမှာပါ၊ လောဘနည်းတဲ့သူလေ"

"ဒေါသနဲ့မောဟလည်း မရှိသလောက်ပါပဲ ဖေဖေရယ်၊ နောက်ဘဝမှာ ယောကျ်ားလေးပဲ ဖြစ်ချင်တယ်လို့ ဆုတောင်းတယ်တဲ့ 'မိန်းမသားဘဝ မဖြစ်ချင်ဘူးတဲ့"

သူမစကားဆုံးတော့ ဖေဖေ့ဘက်က အသံတိတ်သွားကာ သက်ပြင်းချသံသဲ့သဲ့ ကြားရသည်။

ဖေဖေလည်း ရင်မောသွားရတယ် ထင်ပါရဲ့။





ဖေဖေ့စိတ် ပေါ့ပါးသွားရန်အတွက် သူမဘက်က ရယ်စရာတွေ ရှာကြံပြောဖြစ်ပေမယ့် သူမဟာသနောက် လိုက်ရယ်နေသော ဖေဖေ့ရယ်သံတွေဟာ အသက်မပါမှန်း သူမရင်နာနာနှင့် နားလည်သက်ခံမိလိုက်တော့သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



"အနိုင်ဆိုတာ ခင်ဗျားတစ်ယောက်တည်းနဲ့ သက်ဆိုင်တဲ့ပစ္စည်း ဆိုပေမယ့် ခင်ဗျား မပိုင်ဆိုင်နိုင်တဲ့ အချိန်ရှိတယ်၊ ဥပမာ-မွန်းတည့်ချိန်၊ မွန်းတည့်ချိန်ဆိုရင် ခင်ဗျားချစ်တဲ့ ခင်ဗျားရဲ့ ကိုယ်ပွားလေးဟာ ခင်ဗျားဆီမှာ ရှိမနေခဲ့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

နှစ်ယောက်ထိုင်ခုံမှာ သူ့ဘေးက ကပ်လျက်ထိုင်ရမယ့်သူဟာ ကောင်လေးတစ်ယောက်ပဲမို့ သူ တော်တော်ကို စိတ်ကျေနပ်သွားရပါသည်။ ဟုတ်တယ်လေ၊ ဘေးကတစ်ယောက်သာ မိန်းကလေး ဖြစ်နေခဲ့မယ်ဆိုရင် သူ သက်သောင့်သက်သာထိုင်ရမည်မဟုတ်ပဲ အနေအထိုင် ဆင်ခြင်ရတော့မှာလေ၊

ကိုယ်တိုင်မောင်းနေကျ Mark II ရွှေငါးကားကြီးကိုထားခဲ့ပြီး အဝေးပြေးကားကိုပဲ ရွေးချယ်စီးဖြစ်ခဲ့သော သူ့ကို မာမီက အတတ်ဆန်း ထွင်လှချည်ရဲ့ဟု မျက်စောင်းတထိုးထိုးနှင့်ပြောခဲ့သည်။

သူကိုယ်တိုင်ကလည်း အတွေ့အကြုံသစ်တွေ လွှင့်သစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပါးမှုတွေကို ခံစားချင်တာမို့ အပေးပြေးကားစီးဖို့ အစီအစဉ်ကို ဆွဲခဲ့တာပါ။

"သားက ယောက်ျားလေးစစ်စစ်ပါ မာမီရာ၊ အဲဒီလောက် အထိလည်း စိတ်မပူပါနဲ့၊ သား အသက်လည်း နှစ်ဆယ်ကျော်နေပါ ပြီ၊ နိုင်ငံခြားတွေမှာဆိုရင် ဆယ့်ရှစ်နှစ်ပြည့်တာနဲ့ မိဘအိမ်ပေါ်က ဆင်းပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကြတာပဲလေ၊ ကိုယ့်ပိုက်ဆံ ကိုယ်ရှာပြီး တက္ကသိုလ်တက်ကြတာ"

ဟု သူက ပြောတော့ –

"တော် . . . တော်၊ ကိုယ့်အမေ ဆေးရုံတက်နေရတာကို တောင် အပေးတစ်နေရာကနေ ပန်းစည်းတစ်စီးလောက် ပို့တတ်တဲ့ ယဉ်ကျေးမှုမျိုးနဲ့တော့ လာမယှဉ်နဲ့၊ ကျုပ်တို့က ခေါင်းလေးနည်းနည်း ကိုက်လာခဲ့ရင်တောင် သားလက်ကိုဆွဲထားပြီး ဟို ဒယ်ဒီကြီး ကျုပ် အနားလာနေလို့ ပြောလိုက်ရမှ ကျေနပ်တာ"

သူက တဟားဟားနှင့် အော်ရယ်မိတော့ –

"လွှတ်လိုက်စမ်းပါကွာ၊ ပန်းခင်းလမ်းလျှောက်လာတာကြာ တော့ ဆူးခင်းလမ်းလျှောက်ကြည့်ချင်လို့ နေမှာပေါ့"

ဒယ်ဒီကတော့ ခပ်ပြုံးပြုံးအမူအရာနှင့် ထိုမျှလောက်သာ ပြောသည်။





"သွားအေ သွား သွား။ ဘဝဆိုတာကြီးထဲ ခဏဆင်းကြည့် ပြီး မြေကြီးစော်နံတဲ့ ရည်းစားလေးသာ ကောက်ထားမလာနဲ့"

"မာမီကလည်းဗျာ"

သူဟာ အသက်သာ နှစ်ဆယ်ကျော်ခဲ့ပေမယ့် အိမ်မှာတော့ ကလေးတစ်ယောက်လိုနေဆဲပါ။ ဒါပေမဲ့ ထိုကလေးဆန်မှုဟာ အလုပ် ခွင်ကို ရောက်ချိန်မှာတော့ လုံးဝပျောက်ကွယ်သွားပြီး တည်ကြည် နူးသားသောအသွင်နှင့် အလုပ်ရှင်တစ်ယောက်၏ မာန်အပြည့်ဖြင့် ရှိနေတတ်သည်။

✺

"ကျွန်တော်တို့ ယောက်ျားလေးနှစ်ယောက် တစ်ခုံတည်းကျ တာ အဆင်ပြေတယ်နော်"

သူ့ဘေးခုံမှ ဆယ်ကျော်သက်အရွယ်ကောင်လေးက အပြုံး ချိုလေးနှင့် ပြောလာခဲ့တာမို့ သူ ကောင်လေးကို သတိထားမိသွား သည်။

ချောလှချည်လား ဒီကောင်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတန်မဲ့ ခွတ်ခွတ်ဖွေးနေသော အသားရောင်ပေါ်မှာ အဝါနုစ်ရောင်လေး လှဲလှဲပြေးနေသော အသားအရည်လေးက တော်တော့်ကို ကောင်းလွန်းလှသည်။

ဆံပင်တိုတိုတွေကို Gel နှင့်ထောင်ထားကာ နားတစ်ဖက်တွင် နားကွင်းသေးသေးလေးနှင့် ကောင်လေးဟာ အလွန်ဆုံး အသက်ရှိလှမှ ဆယ့်ရှစ်နှစ်လောက်ပေါ့။ ဖက်ဖူးစိမ်းရောင် T-shirt ကျပ်ကျပ်ကို အပေါ်က coat အင်္ကျီအတိုအကျပ်ကို ထပ်ဝတ်ထားတာ အင်္ကျီလက်ကို တံတောင်ဆစ်နားအထိရောက်အောင် ပင့်တင်ထားပုံက လိုက်ဖက်လွန်းလှသည်။

ဂျင်းဘောင်းဘီအနက်ရောင်အကျပ် ဝတ်တတ်သော ယောက်ျားတော်တော်များများကို မြင်ဖူးပေမယ့် ကိုယ်တိုင်လည်း ဝတ်ဆင်တတ်ပေမယ့် ဒီကောင်လေး ဝတ်ထားတာလောက် ကြည့်မကောင်းဟု ထင်မိသည်။

သူကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကို smart ဖြစ်လှပြီ perfect ဖြစ်လှပြီဟုထင်ထားသမျှ သူကိုယ်တိုင် ယောက်ျားတန်မဲ့ မင်းသက် ဝေးနေမိရသည့်အဖြစ်။

"ဟုတ်တယ်၊ မင်းကို တွေ့လိုက်ရတော့ အစ်ကိုလည်း ကျေနပ်သွားတာ၊ ဘေးကလူသာ မိန်းမတစ်ယောက် ဖြစ်နေခဲ့ရင်





အရမ်းစိတ်ကျဉ်းကျပ်ရမှာလေ"

"အစ်ကို ဟုတ်လား . . . ဟား ဟား . . . ရယ်လိုက်ပြီနော်၊ ကျွန်တော့်တော့ ဘဝင်မြင့်ရတော့မယ်၊ ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် ကျွန်တော့်ထက် ကြီးတယ်လို့ ထင်လိုက်တာလားဗျ"

"အေးလေ . . . မင်းက ဘယ်လိုလုပ်ပြီး နှစ်ဆယ်ကျော်မှာလဲကွ"

ဟက်ဟက်ပက်ပက် ရယ်မောနေသော ထိုကောင်လေးကို မျက်ခုံးတွန့်ရင်း မေးလိုက်သည်။

"ကျွန်တော့်အသက် နှစ်ဆယ့်တစ်ထဲရောက်ပြီဗျ"

"ဟော . . . ငါလည်း နှစ်ဆယ့်တစ်ပဲ"

တစ်ဦးတည်းသောသားမို့ သူဟာ အိမ်မှာ ကလေးဆန်ပေမယ့် shopping mall ကြီးတစ်ခုလုံးကို ကိုယ်က တစ်ဝက်တိတိပိုင်ကာ အခေါ့်မြင့်ဆုံးတာဝန်ကို ရယူထားတာမို့ အနေတည်ကြည်ရပါသည်။

သူတို့သူငယ်ချင်းသုံးယောက် share လုပ်ပြီး ဖွင့်ထားသော shopping mall ကြီးဟာ သူက share တစ်ဝက်ထည့်ကာ သစ်ထူးနှင့် တေဇက ကျန်ရှယ်ယာတစ်ဝက်ကို တစ်ယောက်တစ်ဝက် ထည့်ဝေကာ ဖွင့်လှစ်ထားခြင်း ဖြစ်သည်။

သူကတော့ အလုပ်တွင် အနေတည်ကာ မျက်နှာထားတင်း



www.burmeseclassic.com

www.burmeseclassic.com



သလို စည်းကမ်းကိုလည်း တိကျပါသည်။ သူကို တွေ့တဲ့လူတိုင်းက လည်း ရှိတဲ့ အသက်ထက် ပိုမှန်းတတ်ကြစမြဲ။

Gel ဖြင့် သေသပ်စွာ ထောင်ထားသော ဆံပင်တိုတိုတိုနှင့် အဝတ်အစားကို smart ကျကျ ဝတ်တတ်သော သူ့အသွင်က တည် ငြိမ်စွာနှင့် ကြည့်ကောင်းပါသည်။

"လေတိုက်တာ ကြိုက်ရဲ့လား။ တံခါးပိတ်ပေးရမလား"

သူက ပြတင်းပေါက်ဘက်မှာမို့ တံခါးက ဖွင့်ထားသည်။ ရာသီဥတုက မိုးလေးတအုံ့အုံ့နှင့် မိုးသက်လေ ခပ်အေးအေးနှင့်မို့ ကားက ပြတင်းပေါက်တွေကိုသာ ဖွင့်ကာ aircon ကိုပိတ်ထားသည်။

"ရပါတယ်ဗျာ ... ဖွင့်ထားပါ၊ ခင်ဗျားက သဘာဝလေကို ကြိုက်တယ်မဟုတ်လား"

"ဟုတ်တယ်ကွ၊ ကိုယ်က သဘာဝလေကို ပိုနှစ်သက်တယ် မတတ်သာတဲ့အခြေအနေမျိုးမှ aircon ဖွင့်တာကိုကြိုက်တာ"

သူက ခေါင်းတညိတ်ညိတ်နှင့် ပြောတာကို ထိုင်တိလေးက စိတ်ဝင်တစား နားထောင်နေပြန်သည်။ ပြီးမှ ...

"တူပြန်ပြီဗျာ၊ ကျွန်တော်လည်း သဘာဝလေကို ကြိုက် တယ်ဗျ၊ ပြီးတော့ ဘဝကိုလည်း သဘာဝဆန်ဆန်ပဲ ဖြတ်ကျော်ချင် တာ၊ ဥပမာ–လသာတဲ့ညတွေဆိုရင် အိမ်ခန်းထဲနေတာထက် ခြံထဲ





ဆင်းပြီး လမင်းကြီးကိုမော့ကြည့်ပြီး ဂစ်တာတီးတာ၊ ခင်ဗျားကရော"

သူက ပြုံးလိုက်ကာ –

"ကိုယ်က မိုးရွာထဲ အကာအကွယ်မပါဘဲ လျှောက်သွားရ တာကို ပိုသဘောကျတယ်ကွ"

"ဟုတ်တယ် ... ဟုတ်တယ်၊ ကျွန်တော်လည်း ကျွန်တော့် အသားကို မိုးစက်တွေ လာထိမှန်တာ အရမ်းသဘောကျတယ်ဗျ"

"ကားစထွက်ကတည်းက စကားပြောဖြစ်ကြတာ တစ် ယောက်နာမည်တောင် တစ်ယောက် မသိကြသေးဘူးကွနော်၊ ကိုယ့် နာမည်က ရိုက်ခတ်ည၊ မင်းကရော"

ကောင်လေးက အပြုံးနှင့် ခေါင်းညိတ်ရင်း –

"ကျွန်တော့်နာမည်က ဝသုန်ပါ"

"အိုကေ ... ဒါနဲ့ လားရှိုးကို ဘာကိစ္စနဲ့သွားမှာလဲ"

"ကျွန်တော်က သူငယ်ချင်းတစ်ယောက်ဆီ အလည်သွား မှာပါ"

"ကြော်"

"ဒါနဲ့ ခင်ဗျားကရော"

"ကိုယ်က ကိုယ် နောက်ထပ်ဖွင့်မယ့် shopping mall အတွက် မြေနေရာသွားကြည့်မှာ"

www.burmeseclassic.com



ကောင်လေးက သူ့ iPad လေးကိုထုတ်ကာ ဟိုပွတ် ဒီပွတ် ပွတ်ရင်း –

"ခင်ဗျားက shopping mall ပိုင်တာလား"

"choice ဆိုတဲ့ shopping mall က ကိုယ့်လူငယ်ချင်းတွေနဲ့ share လုပ်ပြီး ဖွင့်ထားတာလေ"

"ဪ ... ကျွန်တော်ကတော့ ကျောင်းပြီးကတည်းက ဘာအလုပ်မှမရှိဘဲ ထိုင်နေတာလေ၊ ကျောင်းတောင် distance နဲ့ ပြီးတာ၊ အပေါင်းအသင်းလည်း သိပ်မရှိဘူးဗျ၊ ဆွေမျိုးထဲက cursin တွေနဲ့ shopping ထွက်တယ်၊ ရုပ်ရှင်ကြည့်တယ်၊ Stage show တို့ ဘာတို့ ကြည့်ဖြစ်ပါတယ်"

သူလည်း ဖုန်းနှင့် internet သုံးရင်းမှ –

"ဒါဆို ... မင်း တစ်နေ့ တစ်နေ့ ဘာလုပ်နေလဲကွ"

"video ရိုက်တယ်"

"ဘာ ... ဒါဆို မင်းက Model လား၊ director လား"

သူ့စကားကြောင့် ငတိလေးက ဟက်ဟက်ပက်ပက်ရယ်သည်။

"ခင်ဗျားကတော့ ကျွန်တော့်ကို တော်တော် အထင်ကြီးတာပဲဗျာ၊ ကျွန်တော်က Model တစ်ယောက် မဟုတ်သလို director





တစ်ယောက်လည်း မဟုတ်ပါဘူးဗျ၊ ကျွန်တော်က ကျွန်တော် စိတ်ဝင်စားတတ်တဲ့အရာလေးတွေကို movie လေးတွေ ရိုက်တာပါ၊ ပြီးတော့ ကျွန်တော့်ဘာသာကျွန်တော် ပြောချင်တဲ့စကားလေးတွေကို ပြောရင်းနဲ့လည်း ရိုက်တယ်၊ အပျင်းပြေပေါ့ဗျာ"

ဒီငတိလေးမှာ တာဝန်ရယ်လို့ လေးလေးပင်ပင်ရှိပုံမရပေ။ ဘဝကို ပေါ့ပေါ့ပါးပါးလေးပဲ တွေးထားပုံရသည်။

"မင်းဘဝက မိုက်လှချည်လား။ ကိုယ် မင်းဘဝကို ခဏတော့ ယူချင်တယ်"

"လူချင်းလဲရအောင်လေ"

သူက အိတ်ထဲမှာ အသင့်ပါလာသော visiting card ကို ထုတ်ပေးလိုက်ကာ –

"ရန်ကုန်ရောက်ရင် ဆက်သွယ်လိုက်ပေါ့ကွာ"

"အိုကေ ... ကျွန်တော့်မှာတော့ card မရှိဘူး၊ ကျွန်တော် ရန်ကုန်ရောက်မှ ဆက်သွယ်လိုက်မယ်"

သူက ခေါင်းညိတ်လိုက်ရင်း –

"ကိုယ်က ဒီမှာ တစ်ပတ်လောက်ကြာမှာကွ၊ ဒီတစ်ပတ်တောင် တော်တော်အချိန်ခွဲပြီးလာရတာ၊ သူငယ်ချင်းတွေအပေါ် တာဝန်တွေ လွှဲပြီး ထွက်ခဲ့တာလေ"

www.burmeseclassic.com



"ကျွန်တော် share ဝင်လို့ရမလား"

"လောလောဆယ် အရင်းအနှီးက သိပ်မလိုဘူးကွ၊ လိုရင် ပြောမယ်ကွာ နော့"

"ခင်ဗျားကို ကျွန်တော် အရမ်းကိုခင်သွားပြီဗျာ"

အာ ဒီကောင်။

ယောက်ျားချင်း ငြိတွယ်ချင်နေတာလား။

"ခင်ဗျားကို ကျွန်တော် ခင်လို့ ကျွန်တော့်ကိုယ်ပွားလေး တစ်ခု လက်ဆောင်ပေးမယ်"

ဝေဒီလေးစကားကြောင့် သူမျက်ခုံး ပင့်တက်သွားရကာ–

"ကိုယ်ပွားဆိုတာ ကိုယ်နဲ့မကွာရှိသင့်တဲ့အရာ မဟုတ်ဘူးလား"

"တစ်စိတ်တစ်ဒေသတော့ မှန်တာပေါ့ဗျာ၊ ဒါပေမဲ့ ... အလုံးစုံတော့ မဟုတ်ဘူး။ ခင်ဗျားရဲ့အရိပ်ဆိုတာ ခင်ဗျားတစ်ယောက်တည်းနဲ့ သက်ဆိုင်တဲ့ ပစ္စည်းဆိုပေမယ့် ခင်ဗျားမပိုင်ဆိုင်နိုင်တဲ့ အချိန် ရှိတယ်၊ ဥပမာ–မွန်းတည့်ချိန်ပေါ့၊ မွန်းတည့်ချိန်ဆိုရင် ခင်ဗျား အရိပ်ဖြစ်တဲ့ ခင်ဗျားရဲ့ကိုယ်ပွားလေးဟာ ခင်ဗျားဆီမှာ ရှိမနေခဲ့ဘူး လေ၊ ဝန်ခံရရင်တော့ ကျွန်တော့်ဘဝက မွန်းတည့်နေတယ်ဗျ။ ကိုယ်ပွားလေးဆိုပေမယ့် ကျွန်တော့်ဘဝ မွန်းတည့်နေချိန်မှာ အရိပ်ပျောက်





နေချိန်မှာ တစ်ယောက်ယောက်ဆီမှာ သိမ်းထားလိုက်ချင်တာ"

သူမျက်ခုံးထူထူလေးကို တွန့်ချိုးလိုက်ရင်းမှ –

"မင်းက ကိုယ့်ကိုယုံတယ်ပေါ့၊ ကိုယ်က စည်းကမ်းမရှိလို့ ပျောက်သွားခဲ့ရင်ရော"

"ကျွန်တော်က ခင်ဗျားကို ယုံကြည်စိတ်နဲ့ လေးစားသွားလို့"

"ကိုယ်က သူများကိစ္စ စပ်စုတာ ဝါသနာမပါဘူးကွာ၊ ဘယ်သူ့အကြောင်းမှလည်း စိတ်မဝင်စားဘူးကွ၊ အဲဒါကြောင့် မင်းပစ္စည်းကို ကိုယ်မယူချင်ဘူး"

"အိုကေလေ၊ ခင်ဗျားဘက်က ခါးပြနေတော့လည်း နောက်ထပ် ကူညီမဲ့သူ ရှာရမှာပေါ့"

ဝေဒီလေးဘက်က စကားသံတိတ်သွားတာမို့ သူလည်း နားကျပ်လေးတပ်ကာ သီချင်းနားထောင်နေလိုက်သည်။ ဝေဒီလေးဘက်ကို မသိမသာ ငဲ့ကြည့်လိုက်တော့ iPad လေးနှင့် game ကစားနေသော ဝေဒီလေးကတော့ မျက်နှာသုန်မှုန်နေဆဲ။ သူ သက်ပြင်း မသိမသာ ကျိတ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသိချင်းနားထောင်ရင်း မှေးခနဲ အိပ်ပျော်သွားကာ သိမ့်ခနဲ လှုပ်ခါသွားသောကြောင့် လန့်နိုးလာခဲ့သည်။

"နိုးလာပြီလား။ ကား ဘီးပေါက်သွားတာပါ။ အောက်ဆင်းရင်း လမ်းလျှောက်ရအောင်လေ"

ကားဘီးလဲနေတုန်း လမ်းဆင်းလျှောက်ရင်း စကားတစ်ခွန်း နှစ်ခွန်း ပြောဖြစ်ကြသည်။ ဆယ်မိနစ်ခန့်ကြာတော့ ကားဘီးလဲလှယ်ခြင်း ပြီးစီးသွားပြီမို့ ကားပေါ်ပြန်တက်ခဲ့ကြသည်။

ကားပေါ်ရောက်တော့လည်း စကားဆက်ပြောဖြစ်ကြပြန်သည်။

"ကျွန်တော်က လားရှိုးကပြန်ရင် လက်ထပ်ရတော့မှာဗျ"

"ဟုတ်လား။ congratulation ပါကွာ"

"ကျွန်တော်က မလိုချင်ဘူး။ ဒါနဲ့ ခင်ဗျားရော လက်ထပ်ရမယ့်သူ ရှိနေပြီလား"

တိုလေး၏အမေးစကားကြောင့် သူ ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။

"မရှိသေးပါဘူးကွာ"

"စိတ်ကြိုက် မတွေ့သေးတာလား"





"ဟုတ်တယ်၊ မတွေ့သေးတာ"

"အဲဒါဆိုရှာ . . . စိတ်ကြိုက်ဆိုတဲ့အဆင့်ကို ရောက်မလာဘဲနဲ့ ဖျတ်ခနဲလေး ချစ်မိသွားတာမျိုးရော"

"ဟား ဟား ဟား . . . မရှိပါဘူးဆိုကွာ၊ ယောက်ျားချင်း ညာရလားကွ၊ မင်းက ကိုယ့်ကိုမယုံဘူးလား"

"ဒါဆို . . . ခင်ဗျားကို လူကြီးတွေကလည်း မစီစဉ်ပေးကြဘူးပေါ့၊ ဟုတ်လား"

ယောက်ျားလေးတန်မဲ့ ဒီလောက်စပ်စုလာတော့ သူ နည်းနည်း စိတ်ပျက်လာတော့သည်။ ခရီးဝေးမှာ ရွယ်တူယောက်ျားလေးဘော်ဒါချင်း အပျင်းပြေစကားပြောချင်ပေမယ့် ဒီတိုလေးကတော့ တဆိတ် စကားများကာ စပ်စုလွန်းလှသည်။

သူ့အကြောင်းတွေကို ဖုံးကွယ်ထားတာမှ မဟုတ်ဘဲ။ တကယ်ကို သူ့မှာက ဘာမှကို မရှိခဲ့တာလေ။ ဒီလိုကိစ္စမျိုးတွေ သူ့ဦးနှောက်ထဲ၊ နှလုံးသားထဲဝင်လာဖို့အတွက် နေရာမပေးနိုင်သေးတာပါ။

"ကျွန်တော့်ကိုတော့ လူကြီးတွေ စီစဉ်ပေးတာပါ။ ကျွန်တော့်မှာ ငြင်းပိုင်ခွင့်ရော၊ ငြင်းပယ်နိုင်တဲ့ခွန်အားရော မရှိပါဘူးဗျာ၊ ကျွန်တော်က လူ့လောကထဲကို အစွမ်းအစသိပ်မရှိဘဲ ပေါ့ပေါ့ဆဆ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတဲ့ ခင်ညှို့ညှို့လှတစ်ယောက်ပါ”

မျက်နှာပေါ်တွင် တစ်ခုခုကို ခံစားနေရသော ခံစားမှုနှင့် ပြောနေသော ငတိလေးကို သူ စိုက်ကြည့်ရင်းမှ –

“ဒီလိုတော့လည်း ဘယ်ဟုတ်မလဲကွာ။ လူတိုင်းမှာ အရည်အချင်းဆိုတာ ရှိကြတာပဲ။ မင်းက ကိုယ့်အရည်အချင်းကို ကိုယ် မထုတ်သုံးတတ်လို့ပါ။ တခြားလူမှာရှိတဲ့ အရည်အချင်းမျိုး ကိုယ့်မှာ ရှိချင်မှရှိလိမ့်မယ်၊ အဲ တခြားလူမှာလည်း ကိုယ့်မှာရှိတဲ့ အရည်အချင်းမျိုး ရှိချင်မှရှိမှာပေါ့။ တစ်ယောက်တစ်မျိုးစီ မတူဘူးလေ”

ငတိလေးက iPad လေးကို Power off လုပ်လိုက်တာ။

“ခင်ဗျားပြောတဲ့ တစ်ယောက်တစ်မျိုးစီမှာ ကျွန်တော်က တော့ ညံ့တဲ့အမျိုးအစားထဲမှာ ပါမှာသေချာတယ်၊ ကဲ ကဲ... ခင်ဗျား သီချင်းနားထောင်နေတာမဟုတ်လား။ ဆက်နားထောင်လေ၊ ကျွန်တော်လည်း တစ်မှေးလောက် မှိန်းလိုက်ဦးမယ်ဗျာ”

“ရပါတယ်ကွာ၊ အိပ်ပျော်အောင်အိပ်ပါ”

သူလည်း နားကျပ်လေး နားတွင် ပြန်တပ်ရင်း သီချင်းသံတွေထဲ စီးမျောနေလိုက်တော့သည်။

✺ ✺ ✺





“အိမ်ထောင်ရေးမှာ အချစ်က အဓိကအကျဆုံးအရာ မဟုတ်ဘူးသား။ အချစ်ပဲ ကိုးကွယ်မယ်ဆိုပြီး ဆင်ကန်းတောတိုး လုပ်လို့မရဘူး။ ဒါပေမဲ့...အချစ်မပါပြန်တော့လည်း ဆားမပါတဲ့ဟင်းလို ဖြစ်သွားတတ်သေးတယ်”



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဘုရားအပြာနုလေးတွင် ဖဲကြိုးကြီးနှင့် စည်းနှောင်ကာ ရောက်ရှိလာသော ဘုရားကြီးထက်တွင် –

"ဦးရိုက်ခတ်ညံ့အတွက်"

ဟု စာတန်းထိုးထားတာမို့ သူ မျက်ခုံးလေးပင့်မိသွားသည်။ အပေါ်ဆုံးထပ် ရုံးခန်းသို့ လက်ဆောင်ဘုရားကြီးကိုင်ကာ တက်ရောက်အတွဲ ကောင်လေးကိုလည်း တအံ့တသြနှင့် သူရော သူငယ်ချင်းနှစ်ယောက်ပါ ကြည့်မိကြတော့သည်။

"ဒီလက်ဆောင်ဘုရားကြီးက ဘယ်သူ့အတွက်"

တေဇက စားပွဲမှ ခုန်ထလာကာ အခန်းဝတွင် ရပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးဆီသို့ ရောက်သွားဂဘာ မေးခြင်းဖြစ်သည်။

"ဦးရိုက်ခတ်ညံ့အတွက်ပါ"

"ဘယ်သူက ပို့ခိုင်းတာလဲကွ"

သူနှင့် သစ်ထူး၏အသံက တစ်ပြိုင်နက်တည်း ထွက်သွားရသည်။

"ကျွန်တော်က lion delivery ဆိုင်ကဝန်ထမ်းပါ။ ကျွန်တော်တို့ဆိုင်လေးက coustomer တွေ ပို့ချင်တဲ့ ပို့ခိုင်းတဲ့ လက်ဆောင်ပစ္စည်းတွေကို ပို့ပေးရမယ့်လိပ်စာအတိုင်း parking ထုပ်ပြီး ပို့ပေးရတာပါ"

"အိုကေကွာ ... ဒါဆို ဘယ်သူက ဒီဘူးကိုပို့ခိုင်းတာလဲ"

သစ်ထူး၏အမေးစကားကြောင့် ကောင်လေး ခေါင်းကုတ်သွားရကာ –

"အဲဒါတော့ ကျွန်တော်မသိဘူးဗျ။ ဆိုင်ပိုင်ရှင်မမက ပို့ခိုင်းတာ၊ သူသူငယ်ချင်းလို့တော့ ပြောတာပဲ"

"သူ့ဖုန်းနံပါတ် ငါတို့ကိုပေးခဲ့နိုင်မလား"

ကောင်လေးက တေဖစကားကြောင့် –

"ဟို အစ်ကိုပြောတာ ကျွန်တော်တို့ဆိုင်ပိုင်ရှင်မမရဲ့ ဖုန်းနံပါတ်ကို ပြောတာလား။ ကျွန်တော့်မှာ ပေးခွင့်မရှိဘူးခင်ဗျ"





"ဟော့ရောင်·ဖိုးညံ့ ... မင်းက လာမေးဦးလေကွာ၊ မင်းက တာယက်ရှင်ပဲဟာ"

သူက စားပွဲမှထလာတာကို ထိုကောင်လေးက –

"ဦးရိုက်ခတ်ညံ့ဆိုတာ အစ်ကိုလား"

"အေး ... ဟုတ်တယ်"

"ဒါဆို လက်ခံရရှိကြောင်း လက်မှတ်လေးထိုးပေးပါ ခင်ဗျ"

"ပေး ... ဒါနဲ့ ဒီဘူးထဲ အန္တရာယ်ဖြစ်စေမယ့်အရာမပါတာတော့ သေချာရဲ့လားကွ"

"ဟာ ... အဲဒါတော့ စိတ်ချပါအစ်ကို။ ကျွန်တော်တို့ဆိုင်က အားလုံးစစ်ဆေးပြီးမှ parking ပိတ်ပြီး ပို့ပေးတာပါ ခင်ဗျာ"

သူက ကောင်လေးလှမ်းပေးနေသော လက်ခံဖြတ်ပိုင်းစာအုပ်ထဲတွင် လက်မှတ်ထိုးပေးလိုက်သည်။

လက်မှတ်ရတာနှင့် ကောင်လေးက လှစ်ခနဲနေအောင် ပြေးတော့သည်။ ကောင်လေး မရှိတော့မှ ဘူးကြီးကို သူတို့သုံးယောက် ငေးကြည့်မိကြသည်။ ဘူးထဲတွင် သေသပ်လှပသော ခဲရောင်အနောက်တိုင်းဝတ်စုံတစ်စုံကို တွေ့လိုက်ရတော့သည်။

သူက အင်္ကျီကို ကုတ်လျှိုကြည့်လိုက်တော့ –

"ဟာ ... ငါနဲ့အတော်ပဲ၊ ငါ့ဆိုက်ကို ဘယ်လိုသိတာလဲ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး၊ ကွက်တိပဲကွ"

"ဟုတ်တယ် ဟေ့ရောင်၊ မင်းနဲ့ တော်တော်ကိုကြည့်ကောင်း

တယ်ကွ၊ Brand ကလည်း မြင့်တယ်နော်"

"အေးကွ ... အထဲမှာလည်း ဘာကတ်မှမပါဘူး။ ဘယ်သူ

များ ပို့လိုက်တာလဲ မသိဘူးကွ"

တေဇတို့ပြောသလို သူလည်း စဉ်းစားနေတာပါပဲ။ ဒါပေမဲ့

အဖြေကမထွက်။

"ဖိုးညဲ့ ... မင်းကိုကြွေနေတဲ့ Lady တစ်ယောက်ယော

က ပို့လိုက်တာထင်တယ်"

"ဘယ်သူကပဲ ပို့ပို့ပါ သစ်ထူးရာ ... ငါ့ခါးဆိုက်နဲ့ bod

က ကွက်တိတော်နေတာကိုတော့ တော်တော်အံ့ဩမိတယ်ကွ"

ပေးပို့သူရဲ့နာမည်မပါဘဲ ရောက်လာတဲ့ဒီပစ္စည်းဟာ သူ

အတွက် မဆန်းပေမယ့် သူနှင့်ကွက်တိတော်နေသော ဒီအကျႌတစ်စုံ

လျှို့ဝှက်ချက်ကိုတော့ သူသိချင်ပါသည်။

အခုခေတ် မိန်းကလေးတွေဟာ ဟိုးအရင်ခေတ်က

မဟုတ်တော့ဘဲ ယောကျ်ားလေးတွေနှင့်အပြိုင် ပိုးတတ်လာကြ

ကောင်းလာတာလား၊ ဆိုးလာတာလားဆိုတာကို သူ တကယ်

တွေးမိသွားရသည်။





သူ့အိမ်ကိုလည်း မာမီတို့အရွယ် စုံတွဲတွေ လာလည်ကြပြီ

ဆိုရင် တောင်စကားပြော မြောက်စကားပြောနှင့် နောက်ဆုံးမှာတော့

သားတောင်းကြတာတွေချည်းပါပဲ။

မာမီနှင့်ဒယ်ဒီကတော့ ကြုံရပါများလွန်း၍ အငြင်းစကားကို

တောင် လုလုပပ ပရိယာယ်ကြွယ်ကြွယ် ပြောတတ်နေပြီလေ။ သား

လာတောင်းသမျှကို ဒယ်ဒီတို့က ဘယ်တော့မှ လက်မခံတတ်ပါ။

စကားကို တစ်ဖက်သားနားခံသာအောင် ယဉ်ကျေးသိမ်မွေ့စွာပြောရင်း

အဓိကအကြောင်းအရာကတော့ ဒီလိုကိစ္စမျိုးအတွက် သားကိုသာ

လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးထားကြောင်းကိုပဲ ဖြစ်သည်။

သူ့ကိုလည်း ခဏခဏပြောသည်။

"မာမီနဲ့ဒယ်ဒီတို့လည်း ကိုယ်ကြိုက်တာ ကိုယ်ယူခဲ့တာပဲ

လေ၊ အဲဒါကြောင့် သားကိုလည်း ကိုယ့်ဘာသာရွေးချယ်ခွင့်ပေးချင်

တာပါ၊ အဲဒီလို ရွေးချယ်နိုင်ဖို့အတွက်လည်း သားခေါင်းထဲမှာ မာမီက

ဦးနှောက်ထည့်ပြီး မွေးပေးခဲ့တာပဲ၊ သားက သားရထားတဲ့ အခွင့်

အရေးကိုတော့ အလွဲသုံးစားမလုပ်ဖို့ လိုတာပေါ့ ...၊

ကောင်းရင်လည်း သားပဲ ခံရမှာ၊ မကောင်းရင်လည်း သားပဲ

ခံရမှာ၊ ဒယ်ဒီနဲ့မာမီက နည်းနည်းတော့ ဘောင်ခတ်ပေးမယ်၊ အဲဒီ

ဘောင်ထဲက သားရွေးပေါ့၊ သားသွားကလည်း မာမီ့ကို ဘောင်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ခတ်ပေးခဲ့တာပဲ၊ မာမီက အဲဒီဘောင်ထဲက ရွေးချယ်ခဲ့သလို သား
လည်း မာမီ့လိုပဲ ရွေးပေါ့''

တဲ့။ ပြီးတော့ လှပသော ဘောင်လေးတွေ ခတ်ပေးခဲ့သည်

နံပါတ်တစ်က ... ကိုယ်ပြည့်စုံကြွယ်ဝတာကို မက်မောပြီး ပိုင်းလုံးလုပ်ချင်တဲ့ မိန်းကလေးမျိုး မဖြစ်စေနဲ့တဲ့။ အဲဒီလိုပြောလို့လည်း သူဌေးမ,မှ ယူရမယ်လို့ မဆိုလိုဘူး။ ဆင်းရဲတာ၊ ချမ်းသာတာကို ပြောတာ မဟုတ်ဘူး။ ကိုယ့်ကိုမက်တာမဟုတ်ဘဲ ပစ္စည်းကိုမက်တာ ဆိုရင်တော့ သားဘဝက သွားပြီတဲ့။

နံပါတ်နှစ်ကတော့ ... အစွမ်းအစ ခပ်တုံးတုံးနဲ့ ကိုယ့်နောက်က တကောက်ကောက်လျှောက်လိုက်နေမယ့် မိန်းမမျိုးလည်း မဖြစ်စေနဲ့တဲ့။ ကိစ္စကြီးကြီးပဲဖြစ်ဖြစ် ကိစ္စသေးသေးပဲဖြစ်ဖြစ် ကိုယ့်ထင် မတော်ရင်တောင်မှ ကိုယ့်လောက်နီးနီး ဖြေရှင်းနိုင်ရမယ်တဲ့။

နံပါတ်သုံးကျတော့ ... သူ့ဝင်ငွေဟာ သားဝင်ငွေထက် နည်းချင်နည်းမယ်၊ ဒါမှမဟုတ် များချင်များမယ်။ ဘာပဲဖြစ်ဖြစ် နိုင်မာတဲ့ အသက်မွေးဝမ်းကျောင်းတစ်ခုကိုတော့ တစိုက်မတ်မတ် လုပ်နေတဲ့သူ ဖြစ်ရမယ်။ ယောကျ်ားလုပ်စာကို အိမ်မှာ အခန့်သားထိုင်စားပြီး သုံးဖြုန်းတတ်တဲ့ မိန်းမမျိုးကို မာမီ့ဘက်ကတော့ လုံးဝအသေ သေးမှာတဲ့လေ။





တကယ်တမ်းမှာလည်း မာမီက လမ်းမတော်မှာ စိန်တိုက်ကြီးတစ်တိုက် ပိုင်ဆိုင်ထားသူဆိုတော့ ပြောအားပိုရှိတာပေါ့။

နံပါတ်လေး ... ဘွဲ့လေးတစ်ခုတော့ရှိပါစေတဲ့။ သားကိုယ်တိုင်က ဘွဲ့ရထားတော့ ဘွဲ့လေးတစ်ခုမှမရတဲ့ မိန်းကလေးတစ်ယောက်နဲ့ စကားပြောရင်တောင် အဆင်ပြေမှာ မဟုတ်ဘူး။ သူ့စိတ်ဝင်စားတာတွေက နိမ့်ပြီး ကိုယ်ကမြင့်နေရင် အရမ်းကိုစိတ်ပျက်စရာကောင်းလာမှာ။ ဒါဆို ဘွဲ့မရတဲ့မိန်းကလေးတွေ ယောကျ်ားမရတော့ဘူးလားလို့တော့ သားမေးချင်နေလိမ့်မယ်။ မာမီ့အဖြေကတော့ ရှင်းရှင်းလေးပဲ။ သားက ဘွဲ့ရမို့ ဘွဲ့ရပြီးသား မိန်းကလေးကိုပဲ ယူစေချင်တာ။ ဘွဲ့မရသေးတဲ့ မိန်းကလေးတွေကို ဘွဲ့မရသေးတဲ့ ယောကျ်ားတွေ ယူဖို့ထားလိုက်တဲ့။

တွေ့လား သူ့မေမေက အဲဒီလိုမေမေလေ။

နံပါတ်ငါး ... ဒါကတော့ သူ့အတွက် ခတ်ပေးတဲ့ မာမီရဲ့ နောက်ဆုံးဘောင်ပါပဲ။

သားယူမယ့်မိန်းကလေးဟာ ဘယ်သူ့အပေါ်မှာမဆို သနားကြင်နာညာတာတတ်တဲ့ စိတ်ဓာတ်ရှိရမယ်တဲ့။ တစ်ကိုယ်ကောင်းဆန်တတ်တဲ့ မိန်းမမျိုး မဖြစ်စေရဘူးတဲ့။ အဲဒီငါးခုပါဝင်တဲ့ ဘောင်လေးတစ်ခုခတ်ပြီး အဲဒီထဲက ကိုယ်ချစ်တဲ့သူကိုသာ ရွေးပါတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးမှာ အချစ်က အဓိက အကျဆုံးအရာ မဟုတ်ဘူးသား။ အချစ်ပဲ ကိုးကွယ်မယ်ဆိုပြီး ဆင်ကန်းတောတိုး လုပ်လို့မရဘူး။ ဒါပေမဲ့ အချစ်မပါပြန်တော့လည်း ဆားမပါတဲ့ဟင်းလို ဖြစ်သွားတတ်သေးတယ်၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် သည်းခံကြင်နာစိတ်မရှိတဲ့ ဖြစ်သွားနိုင်တယ်၊ သားရဲ့ဦးနှောက်နဲ့ နှလုံးသားကို မာမီ စောင့်ကြည့်မယ်''

သူ ကြုံတွေ့ဖူးသော မိန်းကလေးတွေကို မာမီ့ဘောင်ကလေးထဲက စဉ်းစားကြည့်မိပေမယ့် တစ်ယောက်ကိုမှ ရင်မခုန်မိသေးပါ။ ဒါဟာ အချစ်မရှိလို့ပဲလား။ တကယ်လည်း သူ မချစ်ဘူးသေးပါ။

''ဟော့ကောင် ... ငြိမ်းလှချည်လားကွ၊ ဘာလဲကွ မင်း action က''

သူ့ကိစ္စမှာ သူက ရုတ်တရက် ငြိမ်ကျသွားတာမို့ တေဇော သူ့ပခုံးကို လက်သီးနှင့် အသာပိတ်ထိုးရင်း မေးလာသည်။

သစ်ထူးနဲ့တေဇဟာ အလုပ်ကိစ္စတွေ ဆောင်ရွက်နေရင် ဒါမှမဟုတ် တခြားလူတွေရှေ့မှာဆိုရင် သူ့ကို တရိုတသေ ဆက်ဆံပေးကြပေမယ့် သုံးယောက်တည်းရှိပြီဆိုရင်တော့ ဝိုင်းဂျစ်တိုက်ကြတော့သည်။

''ဒီ lady က မမိုက်ပါဘူးကွာ''





''ဘာလို့လဲကွ''

''လုံးဝ မလန်းတော့တဲ့ဖယား ခင်းပြနေတာလေ''

''ဒီလက်ဆောင်ပို့တာ lady တစ်ယောက်လို့ မင်းက တပ်အပ်ပြောနိုင်လို့အား တေဇ''

တေဇနှင့် သစ်ထူးကတော့ အမည်မသိပုဂ္ဂိုလ်တစ်ယောက် ပို့လိုက်သော အိမ်စာကြောင့် တော်တော်လေး အလုပ်ရှုပ်နေကြပြန်သည်။ ဒါကြောင့် သူက ...

''ဟိတ်ရောင်တွေ ... အဲဒီအိမ်စာကို မေ့လိုက်စမ်းပါကွာ၊ ဦးနှောက်စားပါတယ်၊ ဒါနဲ့ ... သစ်ထူး မင်းမနေ့က ဓာတ်ပုံပြပွဲသွားဖြစ်သေးလား''

''အေး ... သွားဖြစ်တယ်ကွ၊ အစကတော့ မင်းကိုခေါ်ဦးမလို့ပဲ၊ ဒါပေမဲ့ ... ငါ့ညီတွေ ညီမတွေ ရောက်လာပြီး သူတို့ပါလိုက်မယ်ဆိုတော့ မျက်စိနောက်မှာစိုးလို့ မင်းကိုမခေါ်တော့တာ၊ ဓာတ်ပုံတွေကတော့ တော်တော်မိုက်တယ်ကွာ၊ ငါ့ညီမတွေ ဆက်ဆော့လို့ အခုအမည်ကြီးနေတဲ့ ဒါရိုက်တာ ပန်းကနုတ်နဲ့တောင် ရင်းနှီးခဲ့သေးတယ်''

ဒါရိုက်တာပန်းကနုတ်ဆိုတာ မြန်မာပြည်မှာ အကျော်ကြားဆုံး one to five တရင်းဝင် မိန်းကလေးဒါရိုက်တာ တစ်ယောက်ပါ။ ကျော်ကြားပေမယ့် သူမကို ဘယ်သူတစ်ဦးတစ်ယောက်မှ မသိသေ



www.burmeseclassic.com

www.burmeseclassic.com



ချာချာ မမြင်ဖူးကြပေ။

အခုခေတ်လို facebook တွေပေါ်မှာ ဓာတ်ပုံတွေ ပလူပျံ နေကြတာတောင် သူ့မပုံတစ်ပုံတလေတောင် ယောင်၍ ပါမလာဘူးနဲ့

သူ့မနှင့်ရင်းနှီးတဲ့လူတချို့လောက်သာ သူ့မကိုမြင်နေကြပေ မယ့် တခြား ဘယ်သူမှ ဒါရိုက်တာပန်းကနုတ်ကို သေသေချာချာ မမြင်ဘူးကြပေ။

"မင်း စိတ်ကြိုက်ပုံတွေ မဝယ်ခဲ့ဘူးလား"

တေဇာ၏အမေးစကားကြောင့် သူ့အတွေး ပျက်သွားရသည်။ သစ်ထူးက ဓာတ်ပုံတွေ ပန်းချီပန်းပုဝယ်ပြီး စုတာ ဝါသနာပါသူဖြစ် သည်။ မောင်နှမနှစ်ယောက်ရှိတာ သစ်ထူးအစ်မက နိုင်ငံခြားတွင် အိမ်ထောင်ကျကာ ချမ်းသာပြည့်စုံကြသည်။

သစ်ထူးအစ်မကို အမွေခွဲထားပြီးသားမို့ လက်ရှိခြံနှင့်တိုက် အပြင် မိဘတွေလုပ်ကိုင်နေသော စီးပွားရေးကို သစ်ထူးကပင် အမွေ ဆက်ခံရမှာ ဖြစ်သည်။ သူ့ shopping mall မှာ share နည်းနည်း ထည့်ပြီး ဝင်လုပ်တာကလည်း အတွေ့အကြုံလည်းရ အပျော်လည်းပျော် သူငယ်ချင်းတွေနဲ့လည်း ဆုံရတာဆိုတော့ သူ့ကိုအကြိုက်ပေါ့။

ပြီးတော့ သူ့ရတဲ့ share အမြတ်ကိုလည်း အိမ်ကိုပြန်ပေး စရာ မလိုတဲ့ လက်ကုန်ရက်မှ အဖေအတွက်လက်ဆောင်၊ အမေ့အတွက်





လက်ဆောင်ဆိုပြီး ထိုင်ကန်တော့တတ်လိုက်ရုံနှင့် သားလိမ္မာဘွဲ့က အလိုလိုပိုင်ဆိုင်ပြီးသား ဖြစ်နေသည်။

တေဇာတစ်ယောက်လည်း ဒီလိုပင်။ သူ့ဌေးသားတစ်ယောက် ဆို့ အမြတ်ရလာတော့ အိမ်ပြန်အပ်စရာမလိုပေ။ တေဇာနှင့်သစ်ထူးဟာ အလုပ်ကို အလုပ်နှင့်တူအောင် မလုပ်တဲ့ သူ့ဌေးသမှုကို စောင့်လုပ်ပေး တတ်ပြီး သူ့မနိုင်းရင် သူ့တို့ဘာသာ တစ်ခုမှ မဆုံးဖြတ်ကြတဲ့သူတွေ လည်းဖြစ်သေးသည်။

သူ့ကတော့ ဒီအလုပ်ထဲမှာပဲ နစ်မြုပ်မတတ် လုပ်ကိုင်တတ် သမို့ သစ်ထူးနှင့်တေဇာက တစ်ခါတလေ သူ့ကိုကြည့်ပြီး မောနေကြ ပြန်သည်။

"မင်းက ကိုယ့်ဒုက္ခကိုယ်ရှာတာလေကွာ၊ မိဘလုပ်စာကိုင် စားလို့ ရနေသေးတဲ့အရွယ်မှာ ဒီကောင်နဲ့ပေါင်းမိလို့"

ဟုလည်း တစ်ယောက်နှင့်တစ်ယောက် အပြစ်တွေတင်ကာ ညည်းညူတတ်ကြပြန်သည်။

"ဒါဆိုလည်း မင်းတို့ share တွေ ပြန်ထုတ်ကွာ၊ စာရင်းလုပ် ရတာတောင် အာရုံနောက်သေးတယ်"

သူ့က တကယ်အတည်ဖြစ်ချင်တာကို ဘုပြောတော့လည်း ခေါင်းခါကြပြန်သည်။ အလုပ်ဆိုရင် သူ့ကသာ ကျုံးလုပ်ရပြီး သူ့တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကတော့ နိုင်းမှလုပ်တတ်ကြသည်။ သူက စိတ်တိုတိုနှင့် မညှာမတာ နိုင်းရင်လည်း မညည်းညူဘဲ လုပ်ပေးကြပြန်သည်။

မနိုင်းသမျှကတော့ လက်နှင့်ပင်မဟုတ်၊ ခြေထောက်နှင့်ပင် ယောင်လို့တောင် မတို့ကြ။ ဆုံးဖြတ်ချက်မှန်သမျှကိုလည်း သူကပဲ ချရတာ သူတို့နှစ်ယောက်ကတော့ ဘယ်တော့မှ ဝင်မဆုံးဖြတ်ကြဘဲ-

"မဆုံးဖြတ်တတ်ဘူး"

ဆိုတဲ့စကားကိုသာ တွင်တွင်သုံးတတ်ကြသည်။

ဒါပေမဲ့ သူကျေနပ်ပါသည်။ ဟိုတလောက လဲားရှိုးမှာ ငွေ ကိစ္စသွားရတုန်းက သူတို့နှစ်ကောင်ကို ဒီမှာထားပစ်ခဲ့တော့လည်း စိတ်ချရသောလုပ်ငန်းရှင်တွေအဖြစ် ရပ်တည်နေကြပြန်သည်။

တကယ်တော့ နိုလို့ရလို့ နိုနေတာဖြစ်ပေမယ့် ဒီနှစ်ကောင် ဟာ ဝတုံးတွေမှ မဟုတ်တာ။

"ဟော့ရောင် . . . အဲဒီ ဒါရိုက်တာမက သူ့မျက်နှာကို အစ တမ်း ဖုံးထားတာဆို ဟုတ်လား"

"ဒါဆို . . . သူက လူတောမတိုးရဲလောက်အောင် ရုပ်ဆိုး လို့လား"

"နေစမ်းပါဦးကွာ . . . မင်းတို့ကလည်း ငါပြောတာ သေချာ နားထောင်ပါဦး။ မင်းတို့ပြောသလို ငါလည်း အရင်က အဲဒီသတင်း





တွေ ကြားတာပဲကွ၊ သူက ရိုက်ကွင်းတွေပေါ်မှာလည်း မျက်နှာကို မမြင်ရအောင် mask တပ်ပြီး အလုပ်လုပ်တာတဲ့ကွ၊ အနုပညာအသိုင်း အဝိုင်းက လူတွေတောင် သူ့မျက်နှာကို မမြင်ဘူးတဲ့သူတွေ တစ်ပုံကြီး ပဲ သူ mark ချွတ်ပြီး အပြင်မှာနေရင်လည်း သူဟာ ဒါရိုက်တာမ,ပါ ဆိုတာကို ဘယ်သူမှမသိကြဘူးလေကွာ"

သစ်ထူးစကားတွေကို သူရော တေဇပါ စိတ်ဝင်စားလာခဲ့ သည်။

"နေစမ်းပါဦးကွ၊ သူက ဘာလို့ရိုက်ကွင်းပေါ်မှာ mask တပ်ထားရတာလဲ"

"ငါ့အသိ ဇာတ်ညွှန်းရေးဆရာတချို့ ပြောတာကတော့ သူက အရမ်းလှလွန်းတော့ ရိုက်ကွင်းထဲက မင်းသားမင်းသမီးတွေ အရောင် မှိန်သွားတတ်လို့တဲ့ကွ"

"နည်းနည်းတော့ ပိုတယ်ကွာ"

တေဇက သစ်ထူး၏ပခုံးကိုပုတ်ရင်း ပြောလိုက်ခြင်း ဖြစ် သည်။

"ဟုတ်တယ် သစ်ထူး။ ငါလည်း ကြားစက မင်းလိုပဲ ပိုတယ် လို့ ထင်မိတယ်၊ ဒါပေမဲ့ကွာ မနေ့က ငါတွေ့လိုက်ရတဲ့အချိန်မှာတော့ ငါ တော်တော့်ကို shock ဖြစ်သွားရတယ်ကွာ၊ ပက်ပက်စက်စက်ကို



www.burmeseclassic.com

www.burmeseclassic.com



လှလွန်းတယ်၊ သူ့အနားရောက်သွားတာ လမင်းကြီးနားရောက်သွားရသလို ကိုယ့်အပေါ်ကိုတောင် ရောင်စုံတွေ ဖြာကျလာသလို ခံစားရတယ်''

''အောင်မာ . . . မင်းက ပျော်ဝင်လာတာ လား''

သူက မေးဆတ်၍ သစ်ထူးကိုမေးလိုက်တော့မှ ဒီကောင် ပြုံးပြုံးပြာပြာနှင့် -

''ဟေ့ကောင်တွေ . . . အဲဒီအကြောင်းကို မနွေကို သွားမပြောနဲ့ ဦးနော်၊ သူသာသိသွားရင် ဖြေရှင်းမဆုံး ဖြစ်နေမယ်ကွ''

''အဲဒါဆို တစ်ဝိုင်းကျွေးကွာ''

''ကျွေးမယ်ကွာ ကျွေးမယ်''

''အိုကေ . . . ဒီညတော့ ဒိုင်ဇင်ထိုးပြီသာမှတ်''

သစ်ထူးမှာ လူကြီးခြင်းသဘောတူထားသော နွေသဇင် ဆိုသည့် မိန်းကလေးရှိသည်။ ပညာရော အလုပ်အကိုင်ပါ အောင်မြင်သော သူတစ်ယောက်ပေမယ့် အသားနည်းနည်းညိုကာ ရှက်ကြမ်းရော့ထက် နည်းနည်းလေးပိုသာသောရုပ်ရည်ကို ပိုင်ဆိုင်ထားသူလေးမို့ သူ့ထက် အများကြီးပိုချောသော သစ်ထူးကို အရမ်းလည်းချစ်ရှာကာ တွေ့ကရာလူနှင့်လည်း လိုက်သဝန်တိုတတ်သေးသည်။

မိဘတွေသဘောတူ၍ လက်ခံလိုက်ရတယ်ဆိုပေမယ့်



သစ်ထူးကိုယ်တိုင်ကလည်း သံယောဇဉ်တွယ်သွားခဲ့တာပါ၊ ကောင်မလေးဘက်က ချစ်တာကို သိပေမယ့် ဒီကောင်က လွတ်လွတ်လပ်လပ်နေချင်သေးတာမို့ တစ်နှစ်လောက် ရွှေ့ဆိုင်းထားတာကို သူမကိုချစ်လို့ အချိန်ရွှေ့တာဆိုပြီး အရာအားလုံးနှင့် သဝန်တွေ လိုက်တိုနေတော့တာဖြစ်သည်။

''ဆက်ပြောလေ . . . အဲဒီ ဒါရိုက်တာမက ဘယ်လောက်ချောလဲ'

''ဖော်ဖော်ရွှေရွှေလည်းရှိပါတယ်၊ ဒါပေမဲ့ မျက်လုံးတွေက ကြည်ကြည်တယ်၊ ငြိမ်သက်တယ်၊ ပြီးတော့ သိမ်မွေ့တယ်၊ အရပ်မြင့်တယ်၊ အသားဖြူတယ်ကွာ၊ အဲ . . . ဖြူတယ်ဆိုတာထက် သူ့အသားရောင်လေးက အစိမ်းနုရောင်လေးပြေးပြီး စိမ်းစိုလက်ဆတ်နေတာ မျက်နှာလေးကလည်း ကော်ပတ်စားထားလား ထင်ရလောက်အောင် အစက်အပျောက်ကင်းပြီး ချောမွတ်နေတာပဲကွ၊ ဆံပင်လေးတွေကလည်း ပျော့အိပြီး ဖြောင့်စင်းအိတုန့်နေတာပဲ''

''အရှည်ကရော''

''ဆံပင်လား''

''အေးလေ''

''ကျောလယ်လောက်ကွ၊ အပြစ်ပြောစရာမရှိလောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



အရမ်းချောတယ်ကွာ''

သူက ရေခဲသေတ္တာ အသေးလေးထဲမှ ရေဘူးတစ်ဘူးကို ထုတ်ကာ parking ခွာပြီး မော့သောက်လိုက်သည်။

''အနုပညာသမားတချို့က အလှအပကို သိပ်ဂရုမစိုက်ဘဲ ပစ်စလက်ခတ်နေတတ်ကြတယ်ကွ၊ အဲဒီ ဒါရိုက်တာမကရော ဘယ်လို မျိုး ဝတ်စားသလဲ''

''ငါတွေ့ခဲ့တာကတော့ကွ၊ ပိုးချိတ်ခေါ်မလား ချိတ်သေး သေးလေးတွေပါတဲ့ ပိုးသားပျော့အိအိ အစိမ်းနုရောင်ထမီလေးကို လည်တောင် ကော်လာသေးသေးလေးပါတဲ့ လက်ပြတ်ရင်ဖုံး အစိမ်းနု ရောင်လေးကို ချပ်ချပ်ကပ်ကပ်လေးဖြစ်အောင် ရိုးရိုးရှင်းရှင်းလေး ဝတ်ထားတာကွ၊ ဒါပေမဲ့ သူမှာ အရောင်အဝါတစ်ခုခု လင်းလက်နေ တာတော့ အမှန်ပဲ၊ ကတ္တီပါအစိမ်းနုရောင်ဖိနပ်ပါးလေးစီးထားတဲ့ သူ့ခြေထောက်ဖွေးဖွေးလေးတွေ၊ ပြီးတော့ ခြေချောင်းလှလှလေးတွေ ပေါ်မှာ ရေညှိရောင် ခြေသည်းဆိုးဆေး၊ မိုက်တယ်ကွာ အရမ်းပဲ''

''မင်းက မိန်းကလေးတစ်ယောက်ကို ခေါင်းအစ ခြေအဆုံး သေသေချာချာ ထိုင် show ခဲ့တာပေါ့ ဟုတ်လား ငထူး''

''အေးလေ ... ဒါနဲ့ အဲဒီမိန်းမက ဘယ်အရွယ်လဲ အသက် ကို ပြောတာနော်၊ ပြီးတော့ ... သူက ဒီလောက်ချောတာကို ဘာလို့





…င်းသမီး မလုပ်တာလဲကွ''

သူ့မေးခွန်းကြောင့် တေဇနှင့်သစ်ထူးက အံ့သြသလို မျက်နှာ …နှင့် သူ့ကိုကြည့်လာပြီး –

''မင်း မင်း ... သူစိမ်းမိန်းမတစ်ယောက်အကြောင်းကို …ဘ်ဝင်တစားမေးတယ်၊ ဟုတ်လား''

''မဟုတ်ပါဘူးကွာ၊ မင်းတို့ကလဲ''

''ထားလိုက်ပါတော့၊ အဲဒီဒါရိုက်တာမမှာ မိသားစုပိုင် ရုပ်ရှင် …ိုထုတ်လုပ်ရေးအပြင် studio တစ်ခုလည်းပိုင်သေးတယ်တဲ့''

''ငါက အဲဒါကိုပြောတာပေါ့၊ ထုတ်လုပ်ခံရေးတွေ ဒီလောက် …တာကို သူ မင်းသမီး လုပ်ဖို့ပဲကျန်တော့တယ်လို့''

သူက ဒုတိယအကြိမ် ထပ်မေးလိုက်မိသည်။

''သူက မလုပ်ရဲဘူးတဲ့ကွ၊ အနုပညာကို ဝါသနာပါပေမယ့် …ရှေ့ထွက်ဖို့ကြတော့ ဝန်လေးတယ်တဲ့၊ လူကြောက်လို့မဟုတ်ပေ …ယ့် လူတွေနဲ့ တရင်းတနှီး ပွတ်သီးပွတ်သပ်လည်း မနေချင်ဘူးတဲ့၊ …ရ ... ဒါရိုက်တာအလုပ်က အနုပညာလည်းမြောက်တယ်၊ ပရိသတ် …့လည်း ထွက်ပြစရာမလိုဘူးတဲ့လေ''

''ငါကတော့ အဲဒီမိန်းမကို အားကျတယ်ကွာ''

''ဘာလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလေကွာ . . . လူဆိုတာ ကိုယ်ဝါသနာပါတဲ့အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုရတာ နည်းတဲ့ကုသိုလ်မဟုတ်ဘူး။ လူတွေ တော်တော်များများဟာ ဝါသနာနဲ့ ကိုယ်လုပ်နေရတဲ့အလုပ်နဲ့ ထပ်တူ မကျတတ်ကြဘူးလေ၊ အခု သူက သူလုပ်တဲ့အလုပ်ဟာ ဝါသနာဖြ သလို အောင်လည်းအောင်မြင်တယ်ဆိုတော့ အားကျစရာပဲပေါ့"

သူ ဒီမိန်းမကို တကယ်ပင် အထင်ကြီးမိပါသည်။ အသက် ငယ်ရွယ်ပေမယ့် နေရာတစ်ခုမှာ အဆင့်အတန်းရှိရှိ ရပ်တည်နေနိုင် တာဟာ သူမ သိပ်ထက်မြက်နေလို့ပေါ့။

"ဒါပြောခဲ့သေးတယ်ကွ သိလား။ မပန်းကနုတ်ကို ကျွန်တော့် သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးချင်တယ်လို့လေ"

"ဟား . . . ဇာတ်လမ်းက အခုမှ climax ကိုရောက်တာ"

"နောက်ကြုံရင် နှုတ်ဆက်ပါတဲ့၊ အလိမ္မာနဲ့ ရှောင်သွားသေး တယ်လေ"

ထိုစဉ် ရုံးခန်းတံခါးဝမှာ လူတစ်ယောက် လာရပ်တာနဲ့ သုံးယောက်လုံး လှည့်ကြည့်လိုက်စဉ် –

"အစ်ကို Men cosmetic ကောင်တာမှာ ရေမွှေးပုလင်း ကျကွဲလို့"

"ဟေ . . . ဘယ်လိုကွဲရတာလဲကွ"





အရောင်းကောင်တာမှ ကောင်လေးက –

"ကိုင်ကြည့်ရင်း လွတ်ကျတာပါ အစ်ကို၊ ပြန်ကောက်တော့ ကွဲသေးဘူးခင်ဗျ။ နည်းနည်းတော့ အက်ချင်အက်မှာပေါ့နော်၊ ဒါပေမဲ့ . . . ထပ်လွတ်ကျပြန်တယ်ဗျ"

"ဟေ . . . နှစ်ခါတောင်"

"ဟုတ်တယ်ဗျ"

"တမင်များ လွှတ်ချတာလားကွာ"

တေဇက တီးတိုးရေရွတ်သည်။ သစ်ထူးကတော့ –

"ရေမွှေးက ဘာအမျိုးအစားလဲ"

"channal 5 ပါ အစ်ကို"

"chash ကိုသွားပြီး ပုလင်းကွဲပြ အရောင်းစာရင်းထဲ သွင်း လိုက်လေ"

"ဟုတ်ကဲ့ အစ်ကို"

သူ့စကားအဆုံး ဝန်ထမ်းကောင်လေးထွက်သွားမှ တေဇက

"ကောင်မလေးတစ်ယောက်မှ ဟုတ်ရဲ့လားမသိဘူး"

"ဟုတ်မှာပါကွာ၊ ဟို . . . နာမည်ကြီးစာရေးဆရာမလေးရဲ့ ဇာတ်လမ်းထဲကလို ရေမွှေးပုလင်းလွှတ်ချပြီး သူဌေးနဲ့တွေ့ဖို့ အကွက် ဆင်တာလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကလည်းကွာ၊ အခု သူက သူ့ဒွေးနဲ့မှ တွေ့မယ်လို့ မပြောတာ၊ မတော်တဆနေမှာပေါ့"

"နှစ်ခါတောင်ပဲ မတော်တဆ ဖြစ်ရတာလားကွာ"

ထိုနေ့ညက သစ်ထူးကျွေးသော ညစာကိုစားရင်း သူငယ်ချင်း သုံးယောက် ညည့်နက်သွားကြရတော့သည်။

✹ ✹ ✹





"ပေးဆပ်ချင်ပေမယ့် ချစ်သူကလက်မခံ၊ ရယူချင်ပေမယ့် ချစ်သူက မပေးဘူးဆိုတော့ ကျွန်တော့်ဘဝဟာ 'ရှုထောက်ခွင့်လည်း မရှိတော့ ချစ်သူဆီက ဘယ်လိုအခွင့်အရေးကိုမှ မရခဲ့သလို ဆုံးရှုံးနစ်နာမှုကိုလည်း မရခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"မနေ့က အကြံ့အဖန်လုပ်သွားတာလားဆိုတာကို မသိလိုက် [illegible] နာတယ်ကွာ"

"လုပ်မနေပါနဲ့သစ်ထူးရာ၊ အကြံအဖန်ဆိုရင် မနေ့ကတည်း [illegible] ဆိုင်ပိုင်ရှင်နဲ့တွေ့ပြီး ဖြေရှင်းမယ်လို့ ပြောမှာပေါ့။ အခု သူ့ဘာသာ [illegible] အေးအေးဆေးဆေးပဲ လျော့သွားခဲ့တာကို၊"

သူနှင့်သစ်ထူး စကားပြောနေစဉ်မှာပဲ တေဇရောက်လာကာ

"မနေ့က ရေမွှေးပုလင်းခွဲသွားတာ မိန်းမတစ်ယောက်တဲ့၊ [illegible]တက် ပိုသေချာတာက အဲဒီမိန်းမဟာ အရမ်းချောတယ်တဲ့ကွ၊ [illegible]မှုန်းသမီးတွေတောင် သူ့ကိုမီမှာ မဟုတ်ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



တေဇ ရုံးလာရင်း ကောင်တာမှာ ဝင်မေးခဲ့ပုံရသည်။ တေဇ
ကဲ သဲဝဲဲကောင်းပြီး ပျော်ပျော်နေတတ်သူမို့ အရောင်းကောင်တာ
တွေမှ ကောင်လေးတွေ ကောင်မလေးတွေနှင့် သူငယ်ချင်းပေါင်း
ပေါင်းတတ်သူဖြစ်သည်။

တေဇက သူ့အိတ်ကို စားပွဲပေါ်တင်ပြီး aircon ကို အအေး
ပိုကဲစေရန်အတွက် remote ကိုယူရန် မှန်ပြတင်းအနားကို အသွား-

"ဟာ ... lion delivrey ဆိုပါလား။ ဘယ်တုန်းက ဖွင့်
လိုက်တာလဲကွ"

"ဘယ်မှာလဲ"

သူရောသစ်ထူးပါ တေဇ ဘေးရပ်ကာ ကြည့်မိကြသည်။

"အေးဟ ... ငါတို့လည်း မသိလိုက်ဘူး"

"ဟော့ရောင် မိုးညို ... ဟိုနေ့က မင်းဆီကို parking
ဘူးရောက်လာတာ အဲဒီဆိုင်က မဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်"

"ဟာ ... ဟိုကောင်မလေးတစ်ယောက်က ငါတို့အခန်း
ဘက်ကို မော့ကြည့်နေတာကွ၊ ဘယ်သူလဲမသိဘူး"

ဟုတ်ပါသည်။ မိန်းကလေးတစ်ယောက်ဟာ သူတို့ shop-
ping mall ၏ ဘေးတစောင်းတွင်ရှိသောတိုက်၏ အောက်ဆုံးထပ်





ဖွင့်ထားသော Lion Delivery ဆိုင်တွင် သူတို့အခန်းဘက်ကို မော့
ကြည့်နေပါသည်။ ဒီမိန်းကလေးမျက်နှာကို သဲသဲကွဲကွဲ မမြင်ရတာမို့
သူ စားပွဲပေါ်တွင် ပြန်ထိုင်ရင်း –

"မင်းတို့နှစ်ကောင်ကို လာကြည့်တာနေမှာပေါ့"

"ဟာ ... အဲလိုတော့ မလုပ်လိုက်ပါနဲ့ညည်းရာ၊ နွေသိသွားရင်
ဒီကိစ္စမလွယ်ဘူးကွ၊ ငါ့ကိုတော့ မဟုတ်လောက်ပါဘူးကွ၊ မင်းနဲ့
တေဇ နှစ်ကောင်ထဲက တစ်ကောင်ပဲဖြစ်မှာ"

"ပုံသဏ္ဌာန်ကိုကြည့်ရတာတော့ချောမယ့်ပုံပဲကွ"

"ထားလိုက်စမ်းပါကွာ၊ အဲဒါ ... သစ်ထူး မင်းရဲ့နွေသဇင်က
မင်းကိုစိတ်မချလို့ လွှတ်ထားတဲ့ spy လားမသိဘူးနော်"

သူ့စကားကြောင့် သစ်ထူးရော တေဇပါ ဝေ့ဝေ့သွားရ
သည်။ ပြီးမှ တေဇက –

"ငါ စုံစမ်းကြည့်ပါမယ်ကွာ၊ ခုခေတ်မှာ ကောင်လေးတွေကို
ကောင်မလေးတွေ လိုက်စိတ်ဝင်စားကြတာ အဆန်းမှ မဟုတ်တော့
တာ၊ သိပ်လည်း ရင်ခုန်စရာ မကောင်းပါဘူးကွာ"

သိပ်မကြာခင် အချိန်အတွင်းမှာပဲ သူနှာမည်နှင့် လက်ဆောင်
ဘူး ရောက်လာခဲ့ပြန်သည်။

လာပို့သည့်ကောင်လေးက သူ့ရှေ့တွင် စက္ကူဘူးကို တရို



www.burmeseclassic.com

www.burmeseclassic.com



တသေ ချပေးတာမို့ သူ ခေါင်းညိတ်ပြပြီး ယူထားလိုက်သည်။ ကောင်လေးပြန်သွားတော့ ဘူးကို ဟိုနှစ်ကောင် အလုအယက် ဖွင့်ကြည့်ကြပြန်သည်။

"ဟာ . . . ဖိနပ်က မိုက်လှချည်လား။ တော်တော်တော့ ပေးရမယ်ကွ၊ ရော့ , . . ဖိုးညို မင်းအတွက်ဖိနပ်"

Brand မြင့်သောဖိနပ်တစ်စုံက သူ့ထံသို့ လှပစွာရောက်ရှိလာခဲ့သည်။ သူစီးထားသည့်ဖိနပ်ကိုချွတ်၍ လှဲကြည့်လိုက်တော့-

"ဟာ . . . မင်းနဲ့အတော်ပဲကွ ဖိုးညို၊ အဲဒီတစ်ယောက်ဟာ မင်းဆိုက်ကို အလိုလိုသိပြီးသားဖြစ်နေတာတော့ အံ့သြစရာပဲကွာ"

သူတို့သုံးယောက်ရဲ့ အတွေးတွေထဲမှာ ဒီလက်ဆောင်ဘူးတွေကို ပို့တတ်သောပိုင်ရှင်၏အကြောင်းတွေကို တွေးနေမိတော့သည်။

✺

အိပ်ခါနီး စာအုပ်ဖတ်နေစဉ် ဖုန်းဝင်လာတာမို့ သူ ဖွင့်နားထောင်လိုက်သည်။





"ဟယ်လို . . . အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော် ရိုက်ခတ်ညံ့ပါ"

သူက တလေးတစား ထူးလိုက်ပေမယ့် တစ်ဖက်က အသက်ရှူသံသဲ့သဲ့မှတစ်ပါး ဘာသံမှ ထပ်ထွက်မလာခဲ့တာမို့ -

"ဟယ်လို ဘယ်သူလဲမသိဘူးဗျာ"

"ကျွန်မ ရှင်နဲ့စကားပြောချင်လို့ပါ"

သူ တစ်ခါမှ မကြားဘူးသော မိန်းကလေးတစ်ယောက်၏အသံဖြစ်သည်။ အဲဒီအသံဟာ သူကြားနေကျအသံ မဟုတ်ပေမယ့် တစ်ခါကြားလိုက်ရရုံနှင့် နားထဲစွဲသွားစေရသောအသံမျိုးဖြစ်သည်။

အသံဟာ ပေါ့ပျက်ပျက်သံမျိုးမဟုတ်ဘဲ ဟိုးနှလုံးသား၏အနက်ရှိုင်းဆုံးနေရာကနေ လှိုက်ခနဲတက်လာသော ချိုအေးငြိမ်းချမ်းသောအသံမျိုး ဖြစ်သည်။

ဒီအသံကို နားထောင်လိုက်ရတာနှင့် နားထောင်လိုက်ရသူ၏ တကာယကို အေးမြသွားစေတာအမှန်ပါ။

"ဟယ်လို"

"ပြော် . . . ကျွန်တော် နားထောင်နေတာပါ"

"ဟုတ်ကဲ့၊ ကျွန်မက ရှင့်အတွက် လက်ဆောင်တွေပို့ပေးတဲ့

သူ့ နှုတ်ခမ်းလေး တွန့်ခနဲ ပြုံးသွားရသည်။ သူ့နှုတ်ခမ်းက



www.burmeseclassic.com

www.burmeseclassic.com



ပြုံးမိပေမယ့် သူ့ရင်ထဲမှာ တစ်ခုခု ခံစားလိုက်ရသလို ခံစားနေရသည်။

"ဟို ... ကျွန်မဘက်က ဘာကြောင့်မှမဟုတ်ပါဘူးနော်၊ လက်ဆောင်ပေးချင်ရုံ သက်သက်ပါ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

ချိုရှဆွဲဆောင်သော ဒီမိန်းကလေး၏အသံကိုပဲ သူ နားထောင်ချင်နေမိသည်။

"ကျွန်မ ရှင်တို့ shopping mall ကို ပစ္စည်းဝယ်ရင်း ရောက်လေ့ရှိပါတယ်၊ ရှင်ကတော့ ကျွန်မကို သတိထားမိချင်မှ သတိထားမိမှာပါ၊ ကျွန်မကတော့ ရှင့်ကိုမြင်ဖူးတယ်၊ မြင်မြင်ချင်းပဲ ခင်မိသွားတာ ဘာကြောင့်မှန်းမသိဘူး။ မိန်းကလေးတစ်ယောက်အနေနဲ့ စမိတ်ပွဲနဲ့ အတွက်ကလည်း သိပ်အဆင်မပြေဘူးလေ"

"ရပါတယ်၊ ကျွန်တော်ကလည်း ခင်တတ်ပါတယ်၊ ဒါပေမဲ့ တန်ဖိုးကြီးတဲ့လက်ဆောင်တွေကိုတော့ ထပ်မပို့ပါနဲ့ဗျာ၊ ကျွန်တော် ခင်ဗျားကို အားနာလို့ပါ"

"ဟုတ်ကဲ့ ... ရပါတယ်ရှင်၊ ရှင်နဲ့စကားပြောခွင့်ရတဲ့ အတွက် ကျေးဇူးတင်ပါတယ်၊ good night"

သူမဘက်ကစပြီး ဖုန်းချသွားတော့သည်။

ဟာ ... သူ့နာမည်တောင် မမေးလိုက်မိဘူး။





သူမဘက်ကလည်း ပြောမသွားပေ။

ဟိုနေ့က lion ဆိုတဲ့ဆိုင်မှာ ရပ်ကြည့်နေတဲ့တစ်ယောက်ဟာ သူမလား။ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရပေမယ့် ခပ်ချောချောထဲကပဲ ဆိုတာတော့ သေချာသည်။ ဒါပေမဲ့ ရုပ်ရည်အနေအထားက အသံလောက်တောင် ရင်ခုန်စရာမရှိတာတော့ ပိုသေချာသည်။

✿

လားရှိုးကို သွားခဲ့သောခရီးစဉ်ဟာ သူ့အတွက်တော့ မမေ့နိုင်သည့် ခရီးစဉ်တစ်ခု ဖြစ်ခဲ့သည်။ လားရှိုးကိုသွားခဲ့ပေမယ့် သူ လားရှိုးအထိ မရောက်လိုက်ပါ။ ကား accident ဖြစ်ကာ ဆေးရုံသို့ ရောက်သွားခဲ့ရသည်။

ကံကြမ္မာနှင့် ကုသိုလ်ကံ။

ထိုနေ့ကအကြောင်း အခုပြန်တွေးရင် သူ ထိတ်လန့်မိဆဲဖြစ်သည်။ မိုးတဖွဲဖွဲနှင့် အေးစိမ့်နေသောရာသီဥတုကို အံတုကာ ပြေးကားကြီးက အမြန်လမ်းမကြီးပေါ်တွင် အရှိန်အဟုန်ပြင်းစွာ …င်နေသည်။ ဗိုစွတ်နေသောလမ်းပေါ်တွင် အရှိန်ပြင်းလွန်းသော



www.burmeseclassic.com

www.burmeseclassic.com



ကား slip ဖြစ်ကာ တစ်ပတ်နှစ်ပတ်လည်ထွက်သွားပြီး မှောက်ကာ လမ်းဘေးမြောင်းအောက်သို့ စိုက်ကျသွားတော့သည်။

ယာဉ်မောင်းလည်း ပွဲချင်းပြီးခုံးကာ ကားတစ်ပတ်လည်စဉ် မှန်အကွဲပြတင်းပေါက်များမှ ထွက်ကျသူတွေကျသည်။ ကားပံသူတွေလည်း ပိသည်။ ဒဏ်ရာပြင်းထန်သူနှင့် သိပ်မပြင်းထန်သူသာကွာပြီး ဒဏ်ရာမရတဲ့သူဆိုတာ မရှိခဲ့ပေ။ ပွဲချင်းပြီး သေဆုံးသူတွေလည်း ရှိသည်။

ဆေးရုံရောက်မှ သေဆုံးသော ကံဆိုးသူကတော့ သူ့ဘေးက ထိုင်ခုံမှ ဝသုန်ဖြစ်သည်။ သူ့မိဘတွေလိုက်လာကာ အလောင်းကို ရန်ကုန်သို့ ပြန်သယ်ယူသွားသည်ဆိုသော သတင်းကို ကြားလိုက်ရ တော့သည်။

ဒဏ်ရာရတဲ့သူတွေကို သယ်ယူနေစဉ်မှာ ဒဏ်ရာတွေနှင့် ဝသုန်က သူ့အနားထိ တရွေ့ရွေ့တိုးလာကာ သူ့လက်ထဲသို့ အရာဝတ္ထု လေးတစ်ခု ထည့်ပေးခဲ့သည်။ သူလည်း ကယောင်ကတမ်းနှင့် လှမ်း ဆုပ်ကိုင်လိုက်မိချိန်မှာ ဝသုန့်ကို ကယ်ဆယ်ရေးအဖွဲ့မှ ခေါ်ဆောင် သွားခဲ့သည်။

သိပ်မကြာခင်မှာပဲ သူ့ကိုလည်း ကယ်ဆယ်ရေးနောက်တစ်ဖွဲ့ မှ ခေါ်ဆောင်လာခဲ့သည်။ သူ့ဒဏ်ရာတွေက သေလောက်သည့်





...်ရာတွေ မဟုတ်တာမို့ သူ့လက်ထဲမှ ဝသုန်ထည့်ခဲ့သော ...ည်းလေးကို ကြည့်လိုက်မိတော့ Memory Stick ကလေးတစ်ခု။

ထို့နောက် သူ သတိလစ်သွားခဲ့တော့သည်။

ဒီ stick ကလေးက ဝသုန်ရဲ့ကိုယ်ပွားလေးဆိုတာများလား။ ...ဆီမှာ ဒီ stick လေးရှိနေခဲ့တာ တော်တော်ကြာခဲ့ပေမယ့် သူများကိစ္စ ...ို မစပ်စုတတ်သောသူမို့ ဖွင့်လည်းမကြည့်မိခဲ့ပေ။

ဒီနေ့တော့ ဘာကြောင့်မှန်းမသိ ဒီ memory stick လေးကို ...ကြည့်ချင်စိတ် ရင်ထဲသို့ ရုတ်တရက် ဝင်ရောက်လာခဲ့သည်။ အား ...လို့လည်း ဖြစ်နိုင်ပါသည်။ သူ ဒီနေ့ နည်းနည်းဖျားနေတာမို့ ...လုပ်မသွားတော့ဘဲ ဆေးသောက်ကာ အိမ်မှာနားနေလိုက်သည်။

ဒီကြားထဲ ချွမ်းစိမ့်စိမ့်ဖြစ်လာတာမို့ အနွေးထည်ကောက်ဝတ် ...ကာ aircom ပိတ်လိုက်သည်။ ပြီးတော့ ခုတင်ပေါ်သို့တက်ကာ ... laptop လေးဆွဲကာ memory stick လေးကို ထိုးလိုက်ကာ ...လိုက်သည်။

ပထမဆုံးပေါ်လာတာကတော့ ဝသုန်၏ မိန်းမချော ချော ...သာ မျက်နှာလေး။ ပြီးတော့ စကားသံချိုချိုလေးတွေ။

"ဒါဟာ . . . ကျွန်တော့်ရဲ့ကိုယ်ပွားလေးပါ၊ ဒုတိယ ...သုန်ပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဝသုန်စကားအဆုံး သူပြုံးလိုက်မိသည်။ ဒီကောင် တော်တော် ပေါ်တာပဲဟုလည်း စိတ်ထဲက ဝေဖန်လိုက်သည်။

ဝသုန်က သူ့ကိုယ်သူ့ချိန်ကာ ရိုက်ထားတာမို့ ရုပ်ပုံက သိပ် မငြိမ်ချင်။

"ကျွန်တော်လေ မကို အရမ်းချစ်တာပဲဗျာ၊ ချစ်လွန်းလို့ မ,ဆီကို တစ်နေ့တစ်မျိုး မရိုးရအောင် ပန်းလေးတွေ လက်ဆောင်ပေး ခဲ့တာပါ။ မ,ရဲ့မျက်နှာတည်တင်းတင်းကို မြင်ပြီး ချစ်စကားတွေ မပြော ခဲ့ပေမယ့် ကျွန်တော့်ရဲ့အချစ်ထုထည်ကတော့ ကြီးမားပါတယ်ဗျာ"

ပြီးတော့ မိန်းကလေးတစ်ယောက် ဒန်းပေါ်မှာထိုင်နေတာကို နောက်ကျောမှရိုက်ထားတဲ့ movie တစ်ခု။

မိန်းကလေးရဲ့မျက်နှာကို မမြင်ရပေမယ့် ကျောလယ်အထိ ဖြောင့်စင်းကျနေသော ဆံပင်အိအိတုန်တုန်များကတော့ ဖွဲ့မက်စရာ

နောက်ထပ် ဝသုန်ပုံ ပေါ်လာပြန်သည်။

"အချစ်ဆိုတာ ဘာလဲဗျာ၊ ပေးဆပ်ခြင်းလား၊ ရယူခြင်း လား၊ ကျွန်တော့်အတွက်ကတော့ အဲဒါတွေ တစ်ခုမှမဟုတ်ဘူး။ ပေးဆပ်ချင်ပေမယ့် ချစ်သူကလက်မခံ၊ ရယူချင်ပေမယ့် ချစ်သူက မပေးဘူးဆိုတော့ ကျွန်တော့်ဘဝဟာ ဒူးထောက်ခွင့်လည်း မရှိတော့ ချစ်သူဆီက ဘယ်လိုအခွင့်အရေးကိုမှမရခဲ့သလို ဆုံးရှုံး နစ်နာမှု





လည်း မရခဲ့ပါဘူး။ အချစ်ဟာ အချစ်အဖြစ်သာ သီးသန့်တည်ရှိနေခဲ့ တာမို့ ကျွန်တော့်အဖို့တော့"

မျက်ရည်တွေကျရင်း ပြောနေသော ဝသုန်ကိုကြည့်ပြီး သူပါ တစ်ခုခု ခံစားသွားရသည်။

ဒီကောင် မင်းသားလုပ်ရင် အခုခေတ်မင်းသားတွေ ထိုင်ငို ရတော့မှာပဲဟုလည်း တွေးလိုက်မိပြန်တော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



"မရဲ့ ရဲဝင့်ခြင်းတွေ၊ ငွေနဲ့ ဝီရိယတွေကြောင့် မ,လက်က ထွက်သွားတဲ့ ကြယ်ပွင့်ဝိုင်းဟာ လူတွေငေးမောကြည့်ရတဲ့ တစ်နေရာမှာ တောက်တောက်ပပနဲ့ လင်းလက်ခွင့်ရနေကြပြီလေ၊ ဒါပေမဲ့ မ,ကတော့ သူတို့ကို ဘာကြိုးနဲ့မှ ချည်နှောင်မထားခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ကျွန်တော်ရဲ့ဘဝအကြောင်းလေး ပြောပြချင်တယ်၊

တကယ်တော့ ကျွန်တော့်ချစ်သူဟာ ကျွန်တော့်ထက် တစ်နှစ်ပဲကြီးတာပါ။ ဒါပေမဲ့ ကျွန်တော်ကတော့ အနေတည်တဲ့ချစ်သူကို တရိုတသေ မ,လို့ပဲ ခေါ်ခဲ့မိတယ်။

မနဲ့ တစ်နှစ်ပဲကွာတဲ့ကျွန်တော်ဟာ မရဲ့ တစ်ဦးတည်းသော ညီမလေး ငုံးဥနဲ့မှ ရွယ်တူသွားဖြစ်နေခဲ့တယ်။ ကျွန်တော်က မကို သေလောက်အောင်ချစ်နေခဲ့သလို ငုံးဥကလည်း ကျွန်တော့်ကို တွတ်ဖျတ်လူး ချစ်နေခဲ့တာ ယောက်ျားတစ်ယောက်အနေနဲ့ ကျွန်တော် သိမိခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ မတို့ညီအစ်မဟာ သူငယ်ချင်းတွေလိုလည်း ဆော့ခဲ့သလို မောင်နှမတွေလိုလည်း ကြင်နာခဲ့ကြတယ်။ လူကြီးချင်းလည်း ရင်းနှီးခဲ့ကြတာဆိုတော့ နှစ်အိမ်တစ်အိမ် ဖြစ်ခဲ့ကြတာပေါ့။

ကျွန်တော့်မှာသာ ညီတစ်ယောက်ရှိခဲ့ရင် ငုံးဥကို ညီလေးအတွက်၊ မ,ဟာ ကျွန်တော့်အတွက်ဆိုပြီး ဝေစုခွဲမိမှာအမှန်ပဲ။ ဒါပေမဲ့ မေမေက ကျွန်တော့်ကို တစ်ယောက်တည်းမွေးခဲ့တာဆိုတော့ အသက် အရွယ်ချင်းတူတဲ့ ငုံးဥဟာ ကျွန်တော့်အတွက်တဲ့ဗျာ။

ပြီးတော့ ငုံးဥကလည်း ကျွန်တော့်ကို သဘောကျနေခဲ့တာ လူကြီးတွေရှေ့မှာ ဝန်ခံခဲ့သတဲ့လေ။

မ,မေမေကတော့ ကျွန်တော့်မေမေကို သူ့သမီးနှစ်ယောက်ထဲက ဘယ်သမီးကိုပဲရွေးရွေး ရွေးချင်တဲ့သမီးကိုသာရွေး ကျွန်တော်ကို သမက်တော်ပြီးသားပဲ။ ဘယ်လောက်အဆင်ပြေလိုက်သလဲဗျာ။ ဒါပေမဲ့ မေမေက ငုံးဥကိုပဲ သက်တူရွယ်တူဆိုပြီး ရွေးလိုက်တယ်ဗျာ။

မ,မေမေကလည်း ရယ်ရယ်မောမောပဲ ပြောရှာပါတယ်။ မေမေ စိတ်ကြိုက်ရွေးနိုင်အောင်သာ သမီးနှစ်ယောက်ကို ဈေးရောင်းသလို ဗန်းထဲ ထည့်ချပြီးရွေးခိုင်းရပေမယ့် သက်တူရွယ်တူဖြစ်တဲ့ ငုံးဥနဲ့ ကျွန်တော့်ကိုပဲ သဘောတူထားတာပါတဲ့လေ။

မနဲ့ဆိုရင်ရော တစ်နှစ်ပဲကွာတာပဲလေ။ ဘာလို့ သဘောမတူ





ရတာလဲဗျာ။ ကျွန်တော့်ဘက်မှာလည်း မေမေတို့ရဲ့သဘောထားကို ငြင်းပယ်ခွင့်မရှိတဲ့ အကြောင်းတရားတွေ ရှိနေခဲ့တော့လည်း ရေငုံနှုတ်ပိတ်နေခဲ့ရတယ်။

မကာ ကျွန်တော့်ရဲ့လမ်းပြကြယ်ပါ။ ငုံးဥကတော့ သူ့အိမ်မှာ အငယ်မို့ ရတဲ့အခွင့်အရေးကို အကုန်ယူတတ်ပြီး မကိုလည်း နိုင်စားတတ်တဲ့သူ။

မရယ် . . . မအပေါ် တွယ်တာခဲ့တာဟာ ဟိုးကလေးဘဝကတည်းကပါ။ ဒါကို မ မသိခဲ့တာလား။ မသိချင်ယောင်ဆောင်ခဲ့တာလားဆိုတာ ကျွန်တော် အစကတော့ သေချာမသိခဲ့ပါဘူး။

ငုံးဥကိုတော့ ခင်လည်းခင်တယ်၊ ဖြူဖြူစင်စင်နဲ့ မောင်နှမတစ်ယောက်လိုလည်း ချစ်မိပါတယ်။ ဒါပေမဲ့ ကျွန်တော် ငုံးဥကို ချစ်တဲ့အချစ်က ရိုးသားပါတယ်ဗျာ။ တကယ်ပါ။

ငုံးဥချစ်သလို ကျွန်တော့်မချစ်နိုင်တာဟာ ကျွန်တော်တို့နှစ်ယောက်စလုံးအတွက် ကံဆိုးဖို့ ဖြစ်ခဲ့တာလား။

ဒါပေမဲ့ ငုံးဥကတော့ ကျွန်တော့်ကို စိန်ခေါ်သွားခဲ့တယ်။

"နင့်ကိုငါ ရအောင်လက်ထပ်ပြမယ်" တဲ့။

မမှာ တခြားမိန်းမတွေမှာမရှိတဲ့ ထက်မြက်မှုတွေရှိတယ်။ အောင်မြင်ကျော်ကြားမှုတွေ မဆီမှာ များလာလေလေ ကျွန်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပိုဝေးသွားသလို ခံစားရလေလေပါပဲ မရယ်။ မ မြေတောင်မြှောက်
ပေးလိုက်လို့ လင်းလက်ပြီး နေရာရသွားတဲ့ ကြယ်ပွင့်လေးတွေ မှာ
လာခဲ့သလို မ,ဟာလည်း လူတွေကြားထဲမှာ ဂုဏ်ရှိန်ဝင့်ထည်ပြီး
ရပ်တည်နေနိုင်ခဲ့တယ်လေ။

မရဲ့ ရဲဝင့်ခြင်းတွေ၊ ဖွဲနွဲ့ဝီရိယတွေကြောင့် မ,လက်က ထွက်
သွားတဲ့ ကြယ်ပွင့်တိုင်းဟာ လူတွေငေးမောကြည့်ရတဲ့ တစ်နေရာမှာ
တောက်တောက်ပပနဲ့ လင်းလက်ခွင့်ရနေကြပြီလေ။ ဒါပေမဲ့ မ,က
တော့ သူတို့ကို ဘာကြိုးနဲ့မှ ချည်နှောင်မထားခဲ့ဘူးနော်။

ဒါဟာ မရဲ့ စိတ်ထားဖြူစင် မြင့်မြတ်လွန်းမှုထဲက တစ်ခု
လေ။

❁

အဲဒီနေ့က ကျွန်တော် မရဲ့ကားဆက်ခန်းလေးထဲ ရောက်
တယ်။ မ,တစ်ယောက်တည်း တည်းဖြတ်နေတဲ့ မ,နား ကျွန်တော်
အသာကပ်ထိုင်တော့ မဆီကရလိုက်ရတဲ့ ကိုယ်သင်းရနံ့လေးကို
ကျွန်တော် ဒီတစ်သက်မမေ့လို့ရမှာ မဟုတ်တော့ဘူး။





ကျွန်တော့်ရင်ခွင်ထဲ မ,ကို ထွေးပွေ့ထားချင်လိုက်တာ။

“မောင်လေး လာလည်တာလား”

လို့မေးပြီး ကျွန်တော့်ဘေးနားက မသိမသာထသွားခဲ့တာ
ကျွန်တော် ရိပ်မိတာပေါ့။

“ကျွန်တော် ငုံးညကို သူငယ်ချင်းလိုပဲ ခင်တာ”လို့ ပြောလိုက်
မိတယ်၊ ကျွန်တော် မ,ကိုကြည့်လိုက်တဲ့အကြည့်တွေမှာ အရှုံးပေးခြင်း
တွေ ရောနှောနေမှာကို မ,ခံစားနိုင်မှာပါ။

ငုံးညဟာ မ,လောက် သဘောထားမကြီးတာ၊ ခံစားမှု တစ်
ဖက်စွန်းရောက်တာ၊ အတ္တကြီးတာ၊ အောက်သက်မကျေတာ၊ အလို
လိုက်ခံ သမီးတစ်ယောက်မှာ ရှိတတ်တဲ့လက္ခဏာတွေကို မ,နဲ့ ယှဉ်ရင်
ကျွန်တော် နားလည်မပေးနိုင်ဘူး ဖြစ်နေတယ်၊

“ကျွန်တော့်မှာ ချစ်သူရှိတယ် မ”

လို့ပြောတော့ မ,က ကျွန်တော့်ကို ဖျတ်ခနဲ လှမ်းကြည့်
တယ်။ ပြီးတော့ လောကကြီးမှာ စိတ်ကူးနဲ့ဘဝ တစ်ထပ်တည်း
မကျနိုင်ဘူးလို့လည်း ပြောခဲ့သေးတယ်။ ကျွန်တော် ဘာဆက်လုပ်ရ
မလဲ မ,ရယ်။

“မ . . . ဒီနေ့ ကျွန်တော့်ကိုအချိန်ပေးပါလား။ ကျွန်တော်နဲ့
လျှောက်လည်ရအောင်၊ နေဝင်မှ လမ်းခွဲရအောင်လေ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော့်လမ်း ကျွန်တော်သွား။ မ,လည်း မ,လမ်း မ,လျှော
ပေါ့''

လို့ ပြောလိုက်မိတယ်။ ဒါပေမဲ့ မ,က ကျွန်တော့်ကို ပြန်နှိ
ခဲ့ပါတယ်။ ကျွန်တော်ဟာ ငုံးညှရဲ့ခင်ပွန်းလောင်း ဖြစ်နေခဲ့ပြီမို့ မ
အတူ ရှိမနေသင့်ဘူးတဲ့။ ဒါဟာ မ,တို့ မြန်မာမိန်းကလေးတို
ထိန်းသိမ်းရမယ့် သိက္ခာတရားပါတဲ့လေ။

မ, ကျွန်တော့်ကို မုန်းနေတာလားလို့ မေးလိုက်မိပြန်တယ်
ဒါပေမဲ့ မ,က ကျွန်တော့်ကို မမုန်းခဲ့ပါဘူးတဲ့။ မောင်လေးတစ်ယော
လိုပဲ ချစ်ခဲ့တာလို့ ထပ်ပြောပြန်တယ်။

ကျွန်တော်ပြန်ခဲ့ပါတယ်။ မရယ် ကျွန်တော် မ,ကို အတို
အဆုံးမရှိ ချစ်မိပါတယ်။

☀

Video file လေး မပြီးဆုံးသေးခင်မှာတဲ့ သူ ရပ်ထားလို
သည်။ ထို Video file လေးတွေထဲတွင်ပါသော မိန်းကလေးတ
ယောက်၏ ရုပ်ပုံရိပ်တွေဟာ မသဲကွဲပေမယ့် ပုံသဏ္ဌာန်အရတော





တော်တော့်ကို ချောမှန်း သိသာစေသည်။

သူ laptop လေးကိုပိတ်ကာ stick လေးကိုဖြုတ်ပြီး သိမ်း
လိုက်သည်။ ခေါင်းအုံးပေါ် ခေါင်းချပြီး ဝသုန်အကြောင်းကို ခေါင်းထဲ
မှ ထုတ်လိုက်ပေမယ့် ရင်ထဲမှာ တစ်ဆို့ဆို့ကြီးဖြစ်လာကာ အိပ်မပျော်
တော့ပေ။

သူ အိပ်ဆေးသောက်ပြီး အိပ်ပျော်အောင် အိပ်လိုက်တော့
သည်။

''ဝသုန်ရေ ••• မင်း ကောင်းရာဘုံဘဝ ရောက်ပါစေကွာ''

☀ ☀ ☀



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ … ဒီအလုပ်တွေကို မင်းတစ်ယောက်တည်း တတ်တယ် ထင်နေကွာ၊ မင်းနဲ့ အသက်ရော ဘွဲ့ရော အတူတူရထားတာ၊ မင်း သိသလောက် ငါတို့သိတယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

''မနေ့က တစ်နေ့လုံး အလုပ်တွေရှုပ်တယ်ကွာ၊ ဘာလုပ်ရ
 ကျွမ်းကျင်တော့ မင်းကိုပဲ ထိုင်ကျိန်ဆဲနေကြတာ၊ တော်သေး
 မင်း ဒီနေ့ရုံးတက်လာလို့ မင်းသာ တစ်ပတ်လောက် ဆက်ဖျား
 ငါတို့နှစ်ယောက် ရူးနိုင်တယ်''

သူက နှစ်ကောင်ကို တဖောင်းဖောင်းနှင့်မြည်အောင် ဖိုင်တွေ
 နှိုက်လိုက်ရင်း –

''သိကြပြီလား။ ငါ တစ်ယောက်တည်း ကျုံးလုပ်နေရတုန်း
 ဘယ်လောက်ပင်ပန်းမယ်ဆိုတာ''

''သိပါပြီကွာ၊ အလုကုန်ကောင်တာမှလည်း တတ်လိုက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ၊ အဲ . . . မင်းကို ပြောရဦးမယ်ကွ၊ မင်း ရုံးမတက်တဲ့နေ့… စပြီး ဟို lady လည်း ပေါ်မလာဘူးကွာ၊ နှစ်ပတ်လောက် ဆ… တိုက် လာမော့ကြည့်နေပြီးမှ ပျောက်သွားတာ၊ ဒီနေ့လည်းမလာဘူး"

"အောင်မာ lion ကိုသာမလာတာ၊ အောက်ထပ်ကိုတော့… ရောက်ပ"

တေဇစကားကြောင့် သူတို့ စိတ်ဝင်စားသွားကြသည်။

"မင်း . . . သူ့မျက်နှာ သေချာတွေ့လိုက်တာပေါ့ ဟုတ်လား… သူက ဘာလာဝယ်တာလဲ၊ ရေမွှေးလာခွဲတာပဲလား"

"ရေမွှေးလာခွဲတာ မဟုတ်ဘူးကွ၊ နှုတ်ခမ်းနီလာချိုးတာ…"

"ဟေ"

"ဟုတ်တယ်၊ နှုတ်ခမ်းနီတောင့်ကို အဆုံးထိ လှည့်ထုတ်… ပြန်မချဘဲ ဖိတ်ထည့်လိုက်တာ"

"ဟိုမိန်းကလေးပေါ့၊ ချောလား"

သစ်ထူးက အလောတကြီး ဝင်မေးသည်။

"ချောတယ်၊ အသားဖြူတယ်၊ အရပ်ရှည်တယ်၊ တော်တော်… ချောပါတယ်"

"လျော်ရော လျော်သွားရဲ့လား"

"လျော်သွားတာပေါ့ revlon လေ နှုတ်ခမ်းနီက"





သူကတော့ လုပ်စရာရှိတာတွေလုပ်ရန် laptop ကိုဖွင့်လိုက်…သည်။

"အဲဒီမိန်းမနဲ့ ဒါရိုက်တာမ ဘယ်သူပိုချောလဲ"

"ပန်းကနုတ်ကိုတော့ လုံးဝမမီပါဘူး"

ဒီကောင်တွေပြောသောစကားတွေကို မကြားချင်ယောင် …ဆောင်ကာ အလုပ်လုပ်ရန် ပြင်နေတာမို့ တေဇက –

"အလုပ်တွေ လျှောက်ရှာမနေနဲ့၊ စာရင်းပါ အတိအကျ …တို့လုပ်ထားတယ်၊ မင်းရုံးတက်လာရင် နားပါစေတော့လို့"

တွေ့လား။

"ဒီလိုဆိုတော့လည်း ငါသူငယ်ချင်းတွေက အားကိုးရသားပဲ…"

"ဒီမှာ . . . ဒီအလုပ်တွေကို မင်းတစ်ယောက်တည်း တတ်…ယ်မထင်နဲ့ကွ၊ မင်းနဲ့ အသက်ရော ဘွဲ့ရော အတူတူရထားတာ၊ …သိသလောက် ငါတို့သိတယ်၊ မင်းတတ်သလောက် ငါတို့တတ်…ယ်၊ ရှိသမျှအလုပ်တွေကို မင်းက တစ်ယောက်တည်း သိမ်းကျုံးလုပ်…တို့ အချောင်ခိုလို့ရလို့ ခိုနေတယ်မှတ်"

သစ်ထူး၏စကားကြောင့် သူ တဟားဟားနှင့် အော်ရယ်မိ…သည်။ ထိုစဉ် တေဇ၏ note 2 လေး အသံမြည်လာတာနှင့်–



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို . . . အေး ဖေယျ ပြော"

"_____"

"အိုကေ . . . ဒါပဲကွာ၊ ကျေးဇူး"

တေဇက ဖုန်းပိတ်လိုက်ကာ –

"lion ကနေ လာညှော်နေတဲ့တစ်ယောက်အကြောင်း စုံစမ်းထားတာ သိရပြီကွ၊ နာမည်က မြတ်ပညာလင်းတဲ့၊ ပုဂ္ ယွန်းထည်တွေလုပ်တဲ့ လုပ်ငန်းကြီးရှိတဲ့ ဘောစိမမတဲ့ကွာ"

သူကတော့ မြတ်ပညာလင်းဆိုတဲ့ နာမည်တစ်ခုရဲ့နောက် ဖုန်းထဲက ချိုအေးမြသောအသံလေးတစ်ခုကို သတိတရ ဖြစ်နေ တော့လေ၏။

✺

ဆယ်နာရီအထိဆိုရင် သူမဘက်က ဖုန်းစခေါ်တတ်သည် သူမ၏အသံလေးတွေက သူ့နားထဲသို့ ပျားရည်မြစ်တစ်စင်း ဖောက် ပေးသလားလို့တောင် ထင်ရသည်။

သူ့အနေနှင့် သူမကို "မင်းက မြတ်ပညာလင်း" လား





ဘုင့်မေးဖို့ကြတော့လည်း မိန်းကလေးတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိခိုက်သွားမှာစိုး၍ သူမဘက်က ဖွင့်ပြောလာမှသာ နားထောင်ပေး လိုက်တော့မည်ဟု တွေးထားမိတော့သည်။

တေဇပြောတာမို့ သူမကို သူမြင်ဖူးပြီးသွားပြီ။ မင်းသမီး တစ် ယောက်နီးပါး ချောမောသော မြတ်ပညာလင်းကို သူ ရင်မခုန်မိပါ။ ဒါပေမဲ့ မျက်နှာမမြင်ရသော ဖုန်းထဲမှ အသံချိုလေးကိုတော့ ညို့ငင် သလို ရင်ခုန်နေမိသည်။ ညပိုင်းဆိုရင် သူမနဲ့ အချိန်တော်တော် ကြာအောင် ဖုန်းပြောဖြစ်ကြသည်။

သစ်ထူးနှင့်တေဇကလည်း လက်ဆောင်ဘူးတွေပို့နေသော မိန်းကလေးဟာ မြတ်ပညာလင်းပဲ ဖြစ်ရမည်ဟု ထင်နေကြသည်။ သူလည်း ယုံကြည်နေမိသည်။ သူကတော့ မြတ်ပညာလင်းကို ရင် မခုန်ဘဲ အသံကိုသာ ရင်ခုန်မိပါသည်။ သစ်ထူးတို့တွေးကြသလို လက်ဆောင်တွေပို့ပေးသူနှင့် ဖုန်းဆက်သူဟာ မြတ်ပညာလင်းပဲ ထား ပါတော့။

လူတစ်ယောက်လုံးကို ရင်မခုန်ဘဲ အသံကိုသာ ရင်ခုန်မိ သည်ဆိုတော့ တော်တော့်ကို ကန့်လန့်ဖြစ်သော ပြဿနာဖြစ်သည်။

"ရိုက်ခတ်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် နေမကောင်းဘူးဆို"

"ကျွန်တော် နေမကောင်းတာ သိတယ်ပေါ့"

သူမထံက ရယ်သံသဲ့သဲ့လေးထွက်လာသည်။

ရယ်သံလေးက စမ်းချောင်းလေးထဲ ပန်းလေးတွေ မျော သလို နူးညံ့အိစက်နေသည်။

လုံးဝ အမိုက်စားပဲ။

"ကျွန်မပို့လိုက်တဲ့ တောင်ငူမုန့်ဟင်းခါးရော စားရဲ့လား"

အိုး ... စတီးချိုင့်နဲ့ရောက်လာတဲ့ တောင်ငူမုန့်ဟင်းခါး သူမ ပို့လိုက်တာတဲ့။ အဲဒီနေ့က မာမီက ပန်းကန်ထဲထည့်ပြီး သူ ထဲ ဝင်လာကာ ...

"သား ... သူငယ်ချင်းက ပို့ခိုင်းလိုက်တာတဲ့ကွယ်"

သူငယ်ချင်းပို့လိုက်တာပါဆိုပြီး ရောက်လာသော မုန့်ဟင်း ကို တေဇနှင့်သစ်ထူး တစ်ယောက်ယောက်က ပို့ခိုင်းလိုက်တာဟု က ဒင်းတို့ကိုတောင် မာမီက ကျေးဇူးတွေတင်နေသေး၏။

မုန့်တစ်ဇွန်း ခပ်စားချိန်မှာ မသိစိတ်က လှုပ်ခနဲခုန်သွား နှလုံးသားကို သူ သတိထားလိုက်မိသည်။ သူကတော့ ရင် သက်သေကြောင့် ဒီတောင်ငူမုန့်ဟင်းခါးဟာ ဒီကောင်တွေ့ မဟုတ်မှန်း ခိုင်မြဲစွာသိလေသည်။





ဒီမုန့်ဟင်းခါးဟာ သူစားဖူးသော မုန့်ဟင်းခါးတွေထဲမှာ အကောင်းဆုံးဖြစ်သည်။ ကောင်းလိုက်တာဟုပြောနေတာမို့ မာမီက တစ်ဇွန်းဝင်မြည်းကာ -

"ကောင်းတော့ ကောင်းပါတယ်၊ အရမ်းကြီးတော့ မကောင်းပါဘူးသားရယ်"

ဟု ပြောသေးသည်။

တောင်ငူမုန့်ဟင်းခါးကို သူမ ပို့လိုက်တာဆိုတာကို သူမ ကိုယ်မပြောလည်း ရင်ခုန်သက်သေနှင့်ပင် သူသိပြီးသား ဖြစ်နေတော့သည်။

"ကျွန်မ ရှင်နဲ့ မိတ်ဆွေအရမ်းဖြစ်ချင်ခဲ့တာ"

"အခုလည်း ဖြစ်နေတာပဲလေ"

"ကျွန်မလုပ်ပုံက ကလေးဆန်နေမှာပဲနော်၊ ဒါပေမဲ့ ကျွန်မ ပတော့ ပျော်တယ်၊ ရှင်က ကျွန်မကို မမြင်ဖူးဘူး၊ ပြီးတော့ ကျွန်မ နာမည်ကိုလည်း ရှင်မသိဘူးလေ၊ ဟုတ်တယ် မှတ်လား"

သူမကိုယ်သူမ အပိုင်တွက်ထားပုံရသည်။ ဒီအချိန်မှာ သူက သာ သူမကို မြတ်ပညာလင်းလို့သာ ခေါ်လိုက်ရင် သူမ ရှက်သွားမှာ သားမသိပေမယ့် သူကတော့ အဲဒီလို မလုပ်ရက်ခဲ့ပါ။

"ကျွန်မက ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်တဲ့သူတွေကိုဆိုရင် ခင်မင်လေးစားတယ်၊ ရင်းနှီးချင်တယ်၊ ဒီလောက်ပါပဲ၊ ရှင့်ကိုလည်း အရမ်းခင်သွားတာလေ"

"ကျွန်တော့်ဘက်ကလည်း လက်ခံပါတယ်ဗျာ၊ ကျွန်တော့် ရုံးခန်းကိုလည်း လာလည်နိုင်ပါတယ်၊ စီးပွားရေးကိစ္စလည်း ဆွေး နိုင်တယ်၊ ဒါနဲ့ မင်းက ဘာစီးပွားရေးလုပ်လဲ၊ ကျွန်တော် ဘာ မေးရမလဲ"

"ကျွန်မက ကျွန်မလည်း ဝါသနာပါတဲ့ ကျွန်မရဲ့မိဘ ပိုင်တဲ့ စီးပွားရေးလုပ်ငန်းကို လုပ်ပါတယ်"

သူမလေး၏စကားကြောင့် သူ တိုးဖွဖွရယ်လိုက်မိသည် သူမဘာအလုပ်လုပ်တယ်ဆိုတာကို ရေရေရာရာ ဖြေမသွားဘဲ ဝိုက်ကာ ပညာသားပါပါ တိမ်းရှောင်ပုံက ညက်လှသည်။

အခုလို စကားပြောဖြစ်ခြင်းကပင် သူမနှင့် သူ၏ရင် တစ်ခုကို အတိုင်းအတာတစ်ခုထိ ရောက်ရှိနေခဲ့ပြီဖြစ်သည်။ သူ စကားပြောသည့်အခါ သူက သူမ၏ရယ်သံလေးတွေကို ကြားချင် မို့ ဟာသလေးတွေ ထည့်ပြောလိုက်လျှင် သူမက သူကြားချင် ရယ်သံချိုလေးနှင့် ရယ်မောတတ်ပါသေးသည်။

ဟာသတွေပြောတတ်တာကတော့ သူ့ ကိုယ်ပိုင် လိုအပ်လာရင်တော့ တိကျကျစ်လစ်သော စကားလုံးတွေနှင့် တ





လူနားထဲမှတစ်ဆင့် ရင်ထဲကို တန်းခနဲရောက်သွားအောင် မျက်နှာထား တည်တည်နှင့် ပြောတတ်သေးသည်။

သူ သူ့ကိုယ်သူ အံ့ဩတာတစ်ခုတော့ရှိသေး၏။ အဲဒါက တော့ လက်ဆောင်တွေနှင့် ဖုန်းသံမှာ ရင်ခုန်ပြီတွယ်မိပြီး လူတစ် ယောက်လုံးကို တွေ့တာတော့ ရင်မခုန်မိခြင်းကိုပါ။ လက်ဆောင်ရယ်၊ ဖုန်းသံရယ်၊ နေ့တိုင်း lion ကနေ လာ show တာရယ်ဟာ တစ် ယောက်တည်းဆိုတာတော့ သေချာသလောက် ရှိသွားပြီ။

လက်ဆောင်နှင့် ဖုန်းသံကတော့ ကာယကံရှင်က ဝန်ခံပြီးပြီ၊ Lion မှာ လာရပ်ကြည့်ပြီး မော့ကြည့်တာကတော့ သူမပါပဲဟု ဝန်မခံ သေးပါ။ ဝန်မခံပေမယ့် သေချာသလောက်တော့ရှိသည်။

သူမကိုယ်တိုင်ကလည်း သူ့အနားအနီးကို တစ်နေ့တစ်ခေါက် လောက်တော့ လာဖြစ်တယ်ဟု ပြောထားသည်။ သူ မေးလိုက်ရင် ကောင်းမလား၊ မမေးတော့ပါဘူးလေ။

တော်ကြာ သူမ အရှက်သည်းသွားပြီး ဖုန်းထပ်မဆက်တော့ ရင် ဒုက္ခ။

"ကျွန်မကို ရှင်က ရုံးခန်းကို လာနိုင်ပါတယ်ဆိုပြီး ဖိတ်ခေါ် ပေမယ့် ကျွန်မရဲ့အားနည်းချက်တချို့ကြောင့် မလာနိုင်တာကိုတော့ ခွင့်လွှတ်ပေးပါရှင်၊ သဘောထားကြီးတဲ့သူတွေဟာ ထက်မြက်လူရဲ့



www.burmeseclassic.com

www.burmeseclassic.com



အားနည်းချက်ကို ခွင့်လွှတ်တတ်ကြတယ်ဆိုပေမယ့် ကျွန်မ လှုလုံ

ထွက်မပြတာကိုတော့ နားလည်ပေးပါနော်''

''ကောင်းပြီလေ . . . မင်းရဲ့အားနည်းချက်က ဘာလဲဆိုတာ

မသိပေမယ့် ကျွန်တော် နားလည်ပေးပါတယ်၊ ဒါပေမဲ့ ကျွန်တော့်

ကိုတော့ လက်ဆောင်တွေ ပို့မပေးပါနဲ့တော့နော်''

''ဘာဖြစ်လို့လဲဟင်''

''ကျွန်တော့် friend list ထဲ မင်းရောက်သွားပြီလေ၊ လက်

ဆောင်တွေ မလိုတော့ပါဘူး''

''အိုကေ . . . ကျွန်မ ဖုန်းပိတ်လိုက်တော့မယ်နော်''

သူမဘက်က ဖုန်းပိတ်သွားခဲ့ပေမယ့် call list ထဲမှာ အ

ဖုန်းနံပါတ်လေးကို သူ သေသေချာချာ မှတ်ထားလိုက်တော့သည်

✲ ✲ ✲





''သူ့အမေက သူ့သမီးကို ဒိန်ထောင်ရေးလွှတ်လပ်ခွင့် အပြည့်

ပေးထားတာတဲ့ ကြိုက်တာယူ ကြိုက်တဲ့သူခေါ်လာ သားလို့ ဆီးခေါ်ဖို့

အဆင်သင့်ပဲတဲ့''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

သူ အလုပ်ကိစ္စတွေပြီးတော့ chat box ဖွင့်လိုက်စဉ် email
...စ်စောင် ရောက်နေတာမို့ ဖွင့်ကြည့်လိုက်သည်။

ရိုက်ခတ် . . .

ကျွန်မ 'စ' လုံးကိုရောက်နေတာ။ ရှင့်ကို အသိ
...ဖြစ်တာ စိတ်မဆိုးပါနဲ့နော်။ ကျွန်မ အရမ်းကို busy ဖြစ်နေလို့ပါ။
...ထဲကတော့ အရမ်းကို သတိရနေပါတယ်။

ရှင်ရော . . .

ကျွန်မကို သတိရရဲ့လား?

ဖုန်းဆက်ချင်ပေမယ့် ကျွန်မဘက်က မအားတာရယ် ရှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘက်က မအားမှာတွေ့ရယ်ကို စိုးရိမ်ပြီး မဆက်ဖြစ်တော့တာ။ ကျွန်မ အားရင် အားသလို mail ပို့ထားပါ့မယ်။ ရှင်လည်း အားရင် ဒီလိပ်စာ အတိုင်း mail ပို့ပေးနော်။

ဒါပါပဲ

(ပ)

မြတ်ပညာလင်း မင်းပဲလားကွာ။

မင်းသာဆိုရင်တော့ ငါ လုံးဝ ရင်မခုန်ဘူး။

နောက်ရက်တွေမှာ email မှန်မှန်ရောက်လာပေမယ့် သူ့ဘက်က ပြန်မပို့ဖြစ်ခဲ့။ ကိုယ်မချစ်နိုင်သည့်မိန်းမတစ်ယောက်ကို သူ မတုတ်နှောင်ချင်ပါ။ မျှော်လင့်ချက်တွေလည်း မပေးချင်ပါ။

ဒီကိစ္စ ဟိုကောင်တွေကိုတော့ ပြောသင့်ပြီ။

✹

"လက်ဆောင်တွေ ထပ်ရောက်မလာတော့ဘူးနော်"

"အေးလေ"

သစ်ထူးနှင့်တေဇော်စကားကြောင့် –



"ငါ တားလိုက်လို့ပါ"

"ဟေ ... လက်ဆောင်လာပို့တိုင်း ငါတို့ရှိတာပဲကွ၊ မင်းက ဘယ်လိုတားလိုက်တာလဲ၊ Telepathy နည်းနဲ့များလား"

"ဖုန်းထဲမှာကွ"

"အလို ဗုဒ္ဓေါ"

နှစ်ကောင်စလုံး သူ့စားပွဲနား ပြေးကပ်လာကာ –

"မင်းဆီကို ဖုန်းဆက်တယ်"

"အေး"

"မြတ်ပညာလင်းကလား"

"အဲဒါတော့ မသိဘူးကွာ၊ ငါက မင်းက မြတ်ပညာလင်းလားလို့ ဒဲ့ကြီး မေးလို့မကောင်းဘူးလေ"

"မင်းက ငါတို့ကိုတောင် ဖွင့်မပြောဘူးပေါ့"

"အရေးမှမပါတာကွာ"

သူ့ရဲ့ မပွင့်တပွင့်စကားသံကြောင့် သစ်ထူးက ရှူးရှူးရှဲရှဲ ဖြစ်လာသည်။

"မင်းတို့ကိုပြောရတာ ပျင်းနေလို့ပါကွာ"

ဖုန်းဆက်တဲ့တစ်ယောက်နဲ့ လက်ဆောင်ပို့သူဟာ တစ်ယောက်တည်းဆိုတာရယ်။ နောက်ထပ် email ပို့သူပါ တိုးလာတာ

www.burmeseclassic.com

www.burmeseclassic.com



ရယ်။ အဲဒီသူတွေဟာ မြတ်ပညာလင်း ဟုတ်လား မဟုတ်ဘူးလား ဆိုတာတော့ သူ သေချာမသိဘူးဆိုတာတွေ အားလုံး ပြောပြလိုက်တော့သည်။

"ဟော့ ဟော့ . . . မြတ်ပညာလင်းအကြောင်း ငါ ထပ်သိထားတာ ပြောရဦးမယ်၊ မြတ်ပညာလင်းက ပုဂံက ယွန်းလုပ်ငန်းသူဌေး အပြင် ယောက်ျားတွေနဲ့လည်း ကင်းရှင်းတယ်တဲ့ကွ၊ သဘောလည်း ကောင်း ပြီး . . . လူမှုရေးစိတ်ဓာတ်လည်း အပြည့်ရှိတယ်တဲ့ သွားလေရာလည်း လူချစ်လူခင် ပေါတယ်ဆိုပဲ"

သစ်ထူး စကားဆုံးတော့ တေဇက -

"ဒီလောက် ပစ်မျိုးမဲ့မထင် ဖြစ်နေမှတော့ သားရှင်တွေ ဝိုင်းဝိုင်းလည်နေမှာပေါ့ကွ"

"သူ့အမေက သူ့သမီးကို အိမ်ထောင်ရေးလွတ်လပ်ခွင့် အပြည့်ပေးထားတာတဲ့၊ ကြိုက်တာယူ ကြိုက်တဲ့သူခေါ်လာ သားကို ဆီးခေါ်ဖို့ အဆင်သင့်ပဲတဲ့၊ သူ့သမီးကို ယုံကြည်လွန်းတာလည်း ပါမှာပေါ့ကွာ"

"မင်းသတင်းက စုံလှချည်လား"

သူက ဝင်မေးတော့ -

"စုံတာပေါ့ကွ၊ ငါ့ညီတွေ ညီမတွေက ကမ္ဘာပတ်နေကြတာ





တွေလေ၊ သူက တို့တွေထက် ကြီးရင် တစ်နှစ်၊ အလွန်ဆုံး နှစ်နှစ်ပေါ့ကွာ"

ထိုစဉ် -

"အစ်ကို့ shopping mall မှာ ပစ္စည်းတင်ချင်လို့တဲ့ တွေ့ခွင့်တောင်းနေတယ်"

"ချိန်းထားတဲ့သူလား"

"မဟုတ်ဘူး အစ်ကို၊ အခုမှလာတဲ့သူပါတဲ့"

သူတို့သုံးယောက် တစ်ယောက်နှင့်တစ်ယောက် ကြည့်ဖြစ် သူက -

"အိုကေဗျာ . . . လွှတ်လိုက်ပါ"

Lift နှင့်တက်လာရတာမို့ ချက်ချင်းဆိုသလို ရောက်လာပါသည်။ ပထမဝင်လာသူက မန်နေဂျာ ကိုအေးမင်းဖြစ်ပြီး နောက်မှ လာသူကတော့ -

သူတို့သုံးယောက်လုံး မျက်လုံးပြူးသွားကြသည်။

မြတ်ပညာလင်း။



www.burmeseclassic.com

www.burmeseclassic.com



မာမီ့သူငယ်ချင်းတစ်ယောက် နိုင်ငံခြားတွင် အခြေချနေပြီး မြန်မာပြည်ကိုပြန်လာကာ စီးပွားရေးလုပ်ချင်ပါသည်ဟုဆိုကာ ရော လာတာမို့ သူတို့တစ်မိသားစုလုံး မအားလပ်ရလောက်အောင် ကူညီ ပေးရတော့သည်။

ထိုအန်တီလုပ်ချင်တဲ့ စီးပွားရေးကလည်း ရုပ်ရှင်နှင့်ဇာ ထုတ်လုပ်ရေးတဲ့။

ကြည့်ပါဦး။ ဒီမှာ ဒိုးကူးတွေပေါလို့ ထိုင်ငိုနေရတဲ့ pro ducer တွေ တစ်ပုံကြီးရှိနေတာကို။ ငွေအင်အားတောင့်တင်း ဝါသနာပါတာကို လုပ်ချင်တာလည်းဖြစ်နိုင်သည်။ သူတို့ဘက် လည်း ကူညီပေးဖို့အသင့်ပါပဲ။

တစ်နေ့ သူတို့နဲ့ စကားပြောနေစဉ်မှာ အန်တီက -

"အန်တီ့ကို နာမည်ကြီး director တစ်ယောက်ယော ချိတ်ပေးဦးလေကွယ်၊ အန်တီ အလုပ်စလုပ်ချင်ပြီ"

အန်တီလင်းမှာက ပစ္စည်းတွေအားလုံးက နိုင်ငံခြား လာတာမို့ အားလုံး ပြည့်စုံနေသည်။ သူတို့အဆက်အသွယ်နှင့် ဝ တွေလည်း ရထားပြီးပြီ။

ဒီလိုနှင့် -





"သစ်ထူးရေ ... မင်း ပန်းကနုတ်နဲ့တွေ့ဖို့ ပေးနိုင်မလား"

"ငါ ချိန်းကြည့်လိုက်ဦးမယ်ကွာ"

သစ်ထူးက ချက်ချင်း contect လုပ်လိုက်သည်။

"မှတ်မိမလားမသိဘူး။ ကျွန်တော်သစ်ထူးပါ။ မာတင်ပုံပြပွဲမှာ တွေ့တယ်လေ"

"ဩော် ... မှတ်မိပါတယ်ရှင်"

သစ်ထူးက အန်တီလင်းအကြောင်းကို အကြောင်းစုံရှင်းပြ လိုက်တော့ သူမဘက်က ဝမ်းသာအားရနှင့် -

"ကူညီပေးရမှာပေါ့ရှင်၊ အစစအရာရာ အားလုံး ကူညီပေး မယ်လို့သာ ပြောလိုက်ပါ၊ ကျွန်မ အခု sedona မှာ ကြော်ငြာတစ်ခု ရိုက်နေတယ်၊ ရှင်တို့လာရင်လာခဲ့လေ၊ အန်တီလင်းလည်း အတွေ့ ကြုံရတာပေါ့"

"အိုကေလေ"

Shopping mall ကို မန်နေဂျာနှင့်သာ လွှဲထားခဲ့ပြီး Sedona နှ် ပြင်ရပြန်သည်။

Sedona ကိုရောက်တော့ ဒါရိုက်တာပန်းကနုတ်ရဲ့ရိုက်ကွင်း ကာ ရိုက်ကွင်းရှိရာသို့ ထွက်လာခဲ့ကြသည်။

ဟော တွေ့ပါပြီရိုက်ကွင်း။



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီး model တစ်ယောက်က အချိုရည်ဘူးကြော်ငြ
ရိုက်နေတာဖြစ်ပြီး အရပ်မြင့်မြင့် မိန်းကလေးတစ်ယောက်က ကြယ်
ပေးနေသည်။

“ဟိုးက ခုံမှာထိုင်နေတဲ့ အဝါနုရောင်ပိုးချိတ်လေးနဲ့ ma
တပ်ထားတာ ပန်းကနုတ်ပဲ”

သစ်ထူးက ရှေ့ကသွားကာ သူရယ်၊ တေဇရယ်၊ အန်
လင်းရယ်က နောက်မှလိုက်ခဲ့သည်။

“ပန်းကနုတ် ... ကျွန်တော်သစ်ထူးပါ”

သူမက တပ်ထားသော mask ကိုဖြုတ်လိုက်သည်။

ဟာ ချောလိုက်တာ။ သစ်ထူးပြောတုန်းက ပိုတယ်လို့
ခဲ့တာ။ အခုတော့ တကယ်ကို နတ်သမီးတမျှ ချောတာပါပဲလား

သူရော တေဇပါ ငေးသွားရသည်။ အန်တီလင်းက
လက်ကလေးကို သွားဆွဲကိုင်ကာ –

“သမီးလေးက ချောလိုက်တာကွယ်၊ ပြီးတော့ ယဉ်
ရှယ်ရှယ်လေးနဲ့ နာမည်ကြီး director ဖြစ်နေတာ အံ့ဩချီးကျူး

“ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မလည်း အန်တီတို့ကို
နေတာပါ၊ Lunch သွားစားရအောင်လေ၊ ကျွန်မလည်း sho
ပြီးပါပြီ”





သူမက သူ့ကိုကြည့်ကာ အပြုံးချိုချိုလေးနှင့် ခေါင်းညိတ်ပြ
အမို့ သူ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားရသည်။

မင်းသက်ငေးမိက ယောင်ယမ်းနေသောသူ့ကို သစ်ထူးက
ပြီးစွာ တံတောင်နှင့် မသိမသာတွက်ရင်း –

“မိတ်ဆက်ပေးရဦးမယ်၊ ဒီက ကျွန်တော်တို့ choice shop-
ng mall ကို တစ်ဝက်တိတိပိုင်တဲ့ ဘော့(စ်) ဦးရိုက်ခတ်ညီ၊ သူက
ည်း share ရှင် ဦးတေဇ၊ သူကတော့ ဒေါ်လင်းလက် pro-
cer လုပ်မယ့်သူပေါ့”

“ဟုတ်ကဲ့ရှင်၊ ခင်မင်ရတာ ဝမ်းသာပါတယ်”

သူတို့အားလုံးကို သူမကပဲ lunch လိုက်ကျွေးပါသည်။
အန်တီလင်း၏အလုပ်ကိစ္စအဝဝကို သူမကပဲ ရှင်းပြပေးကာ အစွမ်း
ကူညီမည်ဟု ကတိပေးသည်။

သူက မနေနိုင်စွာနှင့် –

“ပန်းကနုတ်နဲ့မိဘတွေကရောဗျာ”

ဟု မေးမိလိုက်သည်။

“ကျွန်မ မေမေက ရိပ်သာဝင်နေတယ်လေ၊ နောက်လမှ
ထွက်မှာ၊ ဖေဖေကတော့ နိုင်ငံခြားမှာပါ၊ ကုမ္ပဏီဖွင့်ထားတယ်
ဟိုမှာ အခြေချနေတော့ ဒီကိုပြန်မလာတော့ဘူး။ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ အိမ်ထောင်ပြုလိုက်တယ်လေ၊ အဲဒီတော့ ဒီကပိုင်ဆိုင်မှုအား

က ကျွန်မနာမည်နဲ့ လွှဲခဲ့တာဆိုတော့ ကျွန်မအတွက် ပိုတာဝန်ကြီး

ပိုကြိုးစားရပါတယ်၊ ပြီးတော့ မေမေ့နားမှာ ကျွန်မတစ်ယောက်

တော့ သမီးကောင်းတစ်ယောက်ဖြစ်အောင်လည်း ကြိုးစားနေရပါ

တယ်”

“Sorry ပါဗျာ၊ အားနာလိုက်တာ”

သူက တောင်းပန်တော့ သူမက လှပလွန်းသော အပြုံး

နှင့် –

“ဘာဖြစ်လဲရှင်၊ ကျွန်မတို့ မြန်မာလူမျိုးတွေက ခင်မင်

ဆိုရင် မိသားစုအကြောင်းတွေ အပြန်အလှန် အသိပေးကြတာပဲ

ကျွန်မ ရှင့်ကိုခင်ပါတယ်”

ဟိုနှစ်ကောင်က မချိမချဉ်မျက်နှာပေးတွေနှင့် သူ့ကို

ချင်နေကြသည်။

သူကတော့ မသိချင်ယောင်ဘဲဆောင်နေလိုက်တော့

✺ ✺ ✺



“ဘေးလူကို ဗိုလ်ကျအနိုင်ယူပြီး သည်းခံစိတ်မရှိတဲ့ မိန်းမမျိုး

သားအပေါ်မှာလည်း တစ်နေ့တော့ ဆိုးလာမှာပဲ”

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

တစ်ရက်တော့ သစ်ထူးခီသို့ သူမ ဖုန်းလှမ်းဆက်လာသည်။ မမေမေ တရားစခန်းမှ ထွက်လာပြီမို့ အန်တီသင်းနှင့်တကွ သူတို့ ယောက်ကို သူမတို့အိမ်တွင် ထမင်းဖိတ်ကျွေးချင်လို့တဲ့။

သူတို့အားလုံး မငြင်းဘဲ သွားဖြစ်ခဲ့ပါသည်။ သူမပို့လိုက်သော essage ထဲမှ လိပ်စာအတိုင်း ခုနစ်မိုင်ဘက်သို့ မောင်းလာခဲ့တော့ ည်။ ဝိုး ခြံကြီးက အကျယ်ကြီးပဲ။

"နှစ်ဧကလောက်တော့ ရှိမယ်နော်"

တေဇက မျက်ခုံးပင့်ရင် လှမ်းပြောသည်။ သိန်းပေါင်း င်ချီတန်မှာတော့ အသေအချာပဲ။ ခြံဝလမ်းကနေစပြီး စိမ်းစိုနေ



www.burmeseclassic.com

www.burmeseclassic.com



သော သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေတာကို စမြင်ရသည်။ ခြံဝ
အစောင့်အိမ်လေးတွင် အစောင့်တစ်ယောက်ရှိပြီး သူတို့ကားကိုမြင်တ
နှင့် အပြေးတံခါးလာဖွင့်ပေး၏။ အဝင်လမ်းတစ်လျှောက်သည် သစ်ပ
စိမ်းအုပ်ကြီးတွေအောက်မှာ ပတ္တမြားရောင်ပြေးနေတာမို့ romance
ဆန်နေသည်။

ကွန်ကရစ်လမ်းမဟုတ်ဘဲ ဂဝံကျောက်တွေကို ညီညာအေ
မွေ့အောင် ပြုလုပ်ထားပြီး ခင်းထားသော အနီရောင်လမ်းကလေး

"မိုက်တယ်ကွာ"

သစ်ထူးကတော့ အသံထွက်ကာ ချီးကျူးသည်။ အန်
လင်းကတော့ ဆိုဖွယ်ရာမရှိတော့ သဘောအကျကြီးကျနေသည်
တချို့နေရာများတွင် အောက်သို့ဖြာဝေဆာစွာ ဖွင့်တတ်သော ပန်း
တစ်မျိုးကို ပန်းအိုးတွေထဲထည့်စိုက်ထားတာကြောင့် ပန်းခက်
ဖြာကျနေပုံက ကဗျာဆန်လှသည်။

"အဲဒါ ဘာပန်းလဲ အန်တီလင်း"

မိန်းကလေးဖြစ်သော အန်တီလင်းကိုမေးတော့မှ -

"ခွာဖြူတွေလေ သားရဲ့၊ အမှန်က စင်တင်ပေးရတာ
စင်မတင်ဘဲ အမြင့်ကနေ ဒီတိုင်းချထားတော့ ကိုင်းတွေအောက်
ပြီး ပန်းပုံကြီးလိုဖြစ်သွားတာ၊ စိတ်ကူးအရမ်းကောင်းလွန်းတယ်ကွ





န်းကနုတ်ဟာ တကယ့် art သမားစစ်စစ်ပဲ"

နေပူတဲ့နေရာတွေမှာလည်း ပန်းတွေအစုံရှိသည်။ သူက
ယောကျ်ားလေးမို့ ဘာပန်းဟူ၍သာ မသိတာပါ။ နေရိပ်ထဲမှာလည်း
သစ်ခွစင်တွေ ဟိန်းထနေသည်။

ထိုသစ်ခွခြံကြီးတွေ၏ရှေ့မှာတော့ ရောမတိုက်ကြီးကို တွေ့ရ
သည်။ နှစ်ထပ်ခွဲလား သုံးထပ်လား split level ဆောက်ထားသော
တိုက်ကြီးက လှပလွန်းနေသည်။ မျက်စိရှေ့မှာပင် တိုက်ကြီးက ဟို
နေရာက လျှောခနဲထွက်လာ ဒီနေရာက လျှောခနဲထွက်လာနှင့် ပြင်
ညီဆောက်ထားသော တိုက်ကြီး၏ သစ်လွင်တောက်ပမှုက အံ့ဩမှု
တွေကို ပေးစွမ်းနိုင်သည်။

ကားရပ်လိုက်တာနှင့် ဒေါနရောင်ပိုးချိတ်လေးကို ချပ်ချပ်ကပ်
ပ်လေး ဝတ်ထားသော သူမက တံခါးကိုသာ ဖွင့်ပေးပါသည်။
ည့်ခန်းထဲရောက်တော့လည်း ဧည့်ခန်းက သားနားလွန်းနေပြန်သည်။

သူမ အိမ်ဟာ ဘယ်နှစ်ထပ်ပါလို့ ပြောရခက်လှသည်။
အိမ်ကို သူမအိမ်နှင့်ယှဉ်လိုက်လျှင် တဲသာသာအဆင့်ကိုရောက်သွား
တော့မှာအမှန်။

"မေမေက ထမင်းစားခန်းထဲမှာ အဆင်သင့်စောင့်နေတာ
ကြပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ခေါင်းညိတ်ရင်း သူမနောက်မှ ထမင်းစားခန်းထဲသို့ လိုက်ခဲ့ကြသည်။ ထမင်းစားခန်းထဲတွင် သူမနှင့် တော်တော်တူသော အန်တီကြီးကို –

"မေမေ . . . ဧည့်သည်တွေရောက်ပါပြီ"

ဟုပြောပြီး သူတို့အားလုံးနှင့် မိတ်ဆက်ပေးတော့သည်။

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ သမီးလေးပြောပြတာနဲ့ တင် ရင်းနှီးနေပါပြီ၊ သုံးဆောင်ကြပါဦးရှင်၊ ဒါတွေအားလုံး သမီးကိုယ်တိုင် ချက်ပြုတ်ထားတာပါ"

သူမ မေမေကလည်း သူမလို ချောမောကာ သဘောကောင်းပါသည်။ ဟင်းတွေကလည်း အစုံပါပဲ။ ဘဲပေါင်းစွန်(လ်)တန်ဟင်း၊ ပုစွန်ကင်၊ ငါးရံ့အူအစပ်ဟင်း၊ ငါးသလောက်ကင်၊ ပြီးတော့ သခွားသီးသုပ်၊ ငါးရံ့ခြောက်မီးဖုတ်၊ ငါးဖယ်ကြော်ကို ပြန်နှပ်ထားသောဟင်း အစုံ အရမ်းကို လက်ရာကောင်းပြီး စားလို့ကောင်းပါသည်။

သူတို့အားလုံး စားကောင်းကောင်းနှင့် စလိုက်ကြတာ ထမင်းနှစ်ပန်းကန် အသာလေးကုန်သွားသည်။ ဘယ်သူမှ ဟန်မဆောင်ဘဲ စားကြတာကို သူမနှင့် သူမမေမေကတော့ တပြုံးပြုံးနှင့် ကျေနပ်နေကြသည့်ပုံပင်။

"ကျွန်တော်တို့ စားဖူးတဲ့ Dinner တွေထဲမှာ အကောင်းဆုံး





ပဲ။ ဒီဝိုင်ကလည်း ကောင်းလိုက်တာ"

သူ မချီးကျူးဘဲ မနေနိုင်စွာ ဖွင့်ပြောလိုက်သည်။

ဒီဝိုင်ဟာ သူမတို့ မက်မန်းခြံမှပို့ပေးသော မက်မန်းသီးများကို မေမေကိုယ်တိုင် ဧည့်သည်တွေကို ဧည့်ခံရန်အတွက် ထည့်ထားသော ဝိုင်ဖြစ်ကြောင်း ဝင်ပြောပြသည်။

သူမမေမေအကြောင်း ပြောပြနေချိန်မှာ သူမမျက်နှာလေးပေါ်မှာ ခံစားချက်တွေ ဖြတ်ပြေးနေသည်။ သူ သူမကို သနားနေမိသည်။ ဘာကြောင့်မှန်းမသိ သူ သူမနှင့် အတူတူရှိနေသေးချင်မိသည်။

ထိုနေ့ညက သူ အိမ်ပြန်ရောက်ရောက်ခြင်း ရေချိုးကာ အိပ်ရာဝင်ခဲ့သည်။

ဒီနေ့ သူမ ဖုန်းမဆက်ပါလား။ ဖုန်းဆက်တာ ဘယ်သူများလဲ။ ဟာ . . . သိပြီ သူ သစ်ထူးထံ ဖုန်းခေါ်လိုက်မိသည်။

"အေး . . . ဗိုးညံ့ပြော"

"ငါ တစ်ခုသိချင်လို့ကွာ၊ ညတိုင်း ငါ့ဆီ ဖုန်းဆက်တဲ့ တစ်ယောက်ရဲ့ ဖုန်းနံပါတ် ငါ့ဆီမှာရှိတယ်လေ၊ အဲဒါ ငါရွတ်ပြမယ်၊ မင်းသိလား။ အဲဒီနံပါတ်ကို"

သူက နံပါတ်ရွတ်ပြလိုက်သည်။

"မသိဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို မြတ်ပညာလင်းပေးခဲ့တာ အဲဒီနံပါတ်လား"

"မဟုတ်ဘူး ဗိုးညို၊ ဒါပေမဲ့ ... ပညာက ဘောစိပဲ၊ ဖုန်း ဘယ်နှစ်လုံးရှိမှန်းမှ မသိတာ"

"ဒါလည်း ဟုတ်တာပဲ၊ ဒါပဲကွာ good night"

သူ မျက်စိမှိတ်လိုက်သည်။

သူမရဲ့စိတ်ထားလေးက နူးညံ့ပုံရသည်။ တစ်ဖက်သား အပေါ်တွင်လည်း သနားကြင်နာထားတတ်သူဆိုတာ မျက်နှာလေးပေါ် မှာ ပေါ်နေသည်။ သူ့နားထဲမှာ မာမီ့စကားလေးတစ်ခွန်းကို သတိရ သည်။

"သားရွေးတဲ့ အိမ်ထောင်ဖက်ဟာ သားတစ်ယောက်တည်း အပေါ် ကောင်းနေရုံနဲ့ မပြီးသေးဘူးလေ၊ တကယ်ကောင်းတဲ့သူဟာ ပတ်ဝန်းကျင်မှာလည်း ကောင်းရမယ်၊ အဲဒီလို မိန်းကလေးမျိုးက တစ်သက်လုံး ကြင်နာတတ်မှာ ...၊

သားအပေါ်တော့ ကောင်းပါရဲ့၊ ဘေးလူကို ဗိုလ်ကျအနိုင်ယူ ပြီး သည်းခံစိတ်မရှိတဲ့ မိန်းမမျိုးဟာ သားအပေါ်မှာလည်း တစ်နေ့ တော့ ဆိုးလာမှာပဲ၊ သားဘက်ကလည်း ချစ်တဲ့စိတ်နဲ့ မှုန်နေတုန်း တော့ သည်းခံနိုင်မှာပေါ့၊ နောက်အချိန်တွေ ကြာလာတော့ သား ခံစားရမှာ ...၊





လင်ကုန်ရှုံ့ရင် တစ်သက်လုံးမှောက်ဆိုတာ မိန်းကလေးတွေ အတွက်ပဲ ရည်ရွယ်ထားတာမဟုတ်ဘူး သား။ သားတို့ယောက်ျားလေး တွေအတွက်လည်း ပါတယ်"

တဲ့လေ။

အသားအရေရော၊ အရပ်အမောင်းရော၊ ဆံပင်၊ ရုပ်ရည် အစ်ကွက်ဆို တစ်ကွက်မှ ပြောစရာမရှိလောက်အောင် ချောမောလွန်း သော သူမဟာ အမေနှင့်တူတာလား၊ အဖေနှင့်တူတာလား။

အမေနှင့်တူတာပဲဖြစ်မှာပါ။ သူမ မေမေဟာလည်း အရမ်းကို ချောမောလွန်းလှသူပါပဲ။ ဒီလောက်လှတဲ့မိန်းမ ဒီလောက် အေးဆေး ငြိမ်သက်တဲ့မိန်းမကို ဘာကြောင့်များ သူမဖေဖေက ပစ်ပယ်ခဲ့တာပါ လိမ့်။ သူတက်က လျှော့ကြေးပေးသွားသော အတိုင်းအတာဟာလည်း ဆော်တော်ကြီးကိုများပါသည်။ ဒါပေမဲ့ အဲဒီတော်တော်ကြီးများသော ငွေကြေးဥစ္စာပစ္စည်းတွေဟာ မိန်းမတစ်ယောက်ရဲ့ ဘဝနဲ့လဲလှယ်ပြီးမှ ရတာဆိုတော့ တန်ရဲ့လား။

အဲဒီညက သူ အိပ်ရေးပျက်ခဲ့ပါသည်။

မြတ်ပညာလင်းရဲ့အသံနဲ့ ဖုန်းဆက်တဲ့ တစ်ယောက်ရဲ့အသံ က ဘာလို့များ ခပ်ဆင်ဆင်ဖြစ်နေရတာလဲ။

မြတ်ပညာလင်း သူတို့ထံရောက်လာခဲ့တာ မကြာသေးဘူးပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမရောက်လာပုံက ရိုးသားလွန်းတာမို့ သူမသာ lion ကနေ မော့မော့

ကြည့် မနေဘူးဆိုရင် တကယ့်ကို ရိုးရိုးသားသားဟု ထင်မိမှာပဲ

သူမတို့ ယွန်းထည်ပစ္စည်းတွေကို သူတို့ shopping mall

မှာ ထင်ချင်လို့တဲ့။

အဲဒီလိုနှင့်ပင် မြတ်ပညာလင်းနှင့် သူတို့သုံးယောက်ခင်

ကြပါပြီ။ သူမက ပျော်တတ်သလို သဘောလည်းကောင်းသည့်

သူတို့နှင့်ပါမက အောက်ထပ်မှ ဝန်ထမ်းတွေနှင့်ပါ ခင်နေတော့သည်

"ရေမွှေးပုလင်းက တကယ်ကျကွဲတာပါဟယ်၊ ရှင်တို့

ပညာကို ပုံလာပြောနေတယ်ထင်လို့လား။ နှုတ်ခမ်းနီကတော့ တမင်

ချိုးလိုက်တာလေ၊ ရှင်တို့နဲ့ အလုပ်သဘော ဆက်ဆံဖြစ်မှာဆိုတော့

ရှင်တို့ သဘော ကောင်း မကောင်း သိချင်လို့လေ"

Cometic ပစ္စည်းတွေကိုလည်း မကြာခဏ ဝယ်တတ်

တစ်ယောက်လည်းဖြစ်သည်။ မျက်လုံးတွေရှိသားပြီး သဘောကောင်း

သော သူမဟာ သူတို့သူငယ်ချင်းအဖွဲ့ဝင် ဖြစ်လာခဲ့တော့သည်။

✿





ဒီရက်ပိုင်းမှာ သူပန်းကနုတ်ကို သတိရနေခဲ့သည်။ သူမ

မျက်ကွင်းကိုစုံစမ်းပြီး တေဇတို့မသိအောင် သွားချောင်းမိသည်။ သူမ

ကတော့ mask ကလေးတပ်ကာ မျက်ကွင်းတွင် ညွှန်ကြားနေသည်။

သူ ခဏငေးပြီး လှည့်ပြန်လာခဲ့သည်။

သူ ခြေလှမ်းတွေပျက်နေတာကို ဟိုကောင်တွေကတော့

သိနိုင်မိ။

"ပန်းကနုတ်က တော်တော်ချောတယ်နော်"

တေဇ၏နှုတ်မှ ထွက်လာသောစကား –

"ပန်းကနုတ်အမေကလည်း ချောတာကိုးကွ"

"ဒါတောင် အပစ်ခံရတယ်နော်"

"သူ့ဘက်က ကွာပေးလိုက်တာတဲ့ကွာ"

တေဇနှင့်သစ်ထူး၏စကားကို သူ စိတ်ဝင်တစား နားထောင်

နေမိသည်။

"ပန်းကနုတ်အဖေက ရှိသမျှပစ္စည်းတွေ အကုန်ထားခဲ့ပြီး

အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ပြန်ထွက်သွားတာတဲ့"

"စီးပွားရေး ပြန်ဖြစ်ရဲ့လားကွာ"

"အဲဒီဘိုးတော်က စီးပွားရေးလည်း လာဘ်မြင်ပြီး သိပ်

တော်တဲ့သူဆိုတော့ ပြန်ဖြစ်တာပဲတဲ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



ပန်းကနုတ်ခများလည်း မအားရှာပါဘူးကွာ၊ ဥပုသ်နေ့တိုင်း
ဘုရားပို့ပေးတယ်၊ ပြီးတော့ shooting တွေကလည်း ဆက်နေတော့
ကားတစ်စီးနဲ့ run နေရတာပဲလေ၊ သူက လူချစ်လူခင်ပေါတယ်
ပြီးတော့ သူ့တို့သားအမိက စိတ်ဓာတ်လည်း သိပ်ကောင်းတယ်
လူတိုင်းချီးကျူးတယ်ကွာ''

''သူ့မှာ ချစ်သူရှိလား''

သူ သတိမထားမိလိုက်ဘဲ သူ့နှုတ်ဖျားမှ မေးခွန်းတစ်
လွှတ်ခနဲ ထွက်သွားသည်။ တေဇရော သစ်ထူးပါ သူ့ကို အကြည့်
တစ်မျိုးနှင့်ကြည့်လာခဲ့သည်။ ပြီးမှ –

''လာတောင်းတဲ့သူတွေရှိပေမယ့် ပန်းကနုတ်က ငြင်း
ချည်းပဲတဲ့''

''သူ့အဖေနဲ့ပတ်သက်ပြီး ယောက်ျားတွေကို စိတ်နာနေ
လား''

''အဲဒါတော့ ငါတို့လည်း မသိဘူးကွာ၊ ဒါနဲ့ နေပါဦး ...
မင်းက ပန်းကနုတ်ကို စိတ်ဝင်စားနေတာလား''

တေဇက ဒဲ့ပဲမေးလာသည်။ သူ ပြုံးစိစိနှင့် ခေါင်းကုတ်
ကာ –

''နည်းနည်းပါကွာ''





''ဝန်မခံဘူး''

''မင်းကိုမေးရဦးမယ် ဖိုးညဲ့ ... မနေ့က မြတ်ပညာလင်း
တို့အိမ်ကို လာသွားတယ်ဆို၊ အန်တီ့အတွက် ရက်ကန်းချိတ်တွေ
က်ဆောင်ပေးသွားတာဆို၊ ဘယ်လိုခြေလှမ်းတွေလဲ''

သစ်ထူးက သတင်းအတိအကျနှင့်မေးလာသည်။

''ငါတို့အိမ်ကို လမ်းကြုံလို့တဲ့ ... ပြောတာပဲကွာ၊ ပညာက
ရေးသမားဆိုတော့ သူ့ပစ္စည်းတွေ ရောင်းရအောင် မျက်နှာလုပ်
ပါကွာ''

''ငါတို့ကို မှန်မှန်ပြောစမ်းပါကွာ၊ မင်း ပညာကို ရင်မခုန်
လား''

''မခုန်ပါဘူးကွာ၊ မင်းတို့ကလည်း''

''ဒါဆို မင်းက ဘယ်သူ့ကိုခုန်တာလဲ''

မျက်နှာလေးတစ်ခုက သူ့မျက်ဝန်းထဲသို့ ဒိုင်းခနဲရောက်လာ
ည်။ ရင်မှာလည်း ဝုန်းခနဲ ဆောင့်ခုန်သွားရသည်။

သေချာတယ်။

ဒါ အချစ်ပဲ။

✺ ✺ ✺



www.burmeseclassic.com

www.burmeseclassic.com



"ငုံးရယ် . . . ယောက်ျားတစ်ယောက်အတွက် ညီအစ်မနှစ်ယောက် စိတ်ဝမ်းမကွဲချင်ဘူး။ ငါ ဝသုန်ကိုမချစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဒီနေ့ သူ့ အနားယူတာမို့ ဝသုန်နဲ့ memory stick လေးကို ထပ်ဖွင့်လိုက်ပြန်သည်။

ဝသုန်ရဲ့မျက်နှာချောချော ပေါ်လာပြန်သည်။

"မရယ် . . . ကျွန်တော် မကို အရမ်းချစ်တာပဲဗျာ၊ ဒါပေမဲ့ မကတော့ ကျွန်တော့်ကို လှည့်တောင်မကြည့်တော့ဘူး"

တစ်နေ့တော့ ကျွန်တော် မ,တို့အိမ်ဘက် ကျွန်တော်ထွက်လာတော့ မ,နဲ့ငုံးညွန့် ပြောနေတဲ့စကားတွေကို မထင်မှတ်ဘဲ ကြားလိုက်ရတယ်။

"မမ . . . ဝသုန်က ငုံးကို လက်မထပ်ချင်တာ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



ထင်လဲ''

''သူက ညည်းလေးကို မချစ်လို့နေမှာပေါ့ဟယ်''

''ငုံးမှာ သူ မချစ်စရာ ဘာရှိလို့လဲ''

''အဲဒါတော့ ငါလည်းမသိဘူးလေ ငုံးရဲ့''

''ဝသုန်က မမကို ချစ်နေတာလား''

''မဟုတ်တာပဲဟယ်။ ငါက သူ့ကို မောင်လေးတစ်ယောက်လိုပဲချစ်တာပါ''

အရင်တုန်းကတော့ ညီမအတွက် မ,က အနစ်နာခံလိုက်တာလားလို့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ်နဲ့ တွေးခဲ့မိသေးတယ်။

ဒါပေမဲ့ အခုတော့ –

''ငုံးရယ် . . . ယောက်ျားတစ်ယောက်အတွက် ညီအစ်မ နှစ်ယောက် စိတ်ဝမ်းမကွဲချင်ဘူး။ ငါ ဝသုန်ကို လုံးဝမချစ်ဘူး''

မရယ်၊ နှလုံးသားတည့်တည့်ကို ဓားနဲ့ထောင့်ထိုးလိုက်သလိုပါပဲ။ ရက်စက်လိုက်တာဗျာ။ မ,ဆီမှာ ရက်စက်နိုင်တဲ့နှလုံးသား ရှိခဲ့ပါလား။

''ဒါပေမဲ့ မမရယ် . . . ဝသုန် ငုံးကို စိတ်မဝင်စားတာ မောင်သူချစ်နေလို့ပဲလို့ ထင်တယ်''

''ဟဲ့ . . . အဲဒါ ငါနဲ့မဆိုင်ဘူးလေ၊ ငါ့ဘက်က လုံးဝရှင်းတယ်။ မောင်တစ်ယောက်ထက် သဲတစ်ပွင့်တောင်မပိုဘူး။ ငါ့မှာ ငါချစ်နေတဲ့သူရှိတယ်''

ဒုတိယအကြိမ် ထိနိုက်မှုကိုပြင်းထန်တယ် မရယ်။ ကျွန်တော့်ရင်ထဲ အောင့်မျက်သွားရသည်။ မျက်ရည်တစ်စက် ပေါက်ခနဲ ကျသွားသည်။ အဲဒါ မအတွက်။

''မမှာ ချစ်သူရှိတယ်၊ ဟုတ်လား ဘယ်သူလဲ''

''ငါ့ဘက်က ချစ်နေတဲ့သူပါဟာ၊ သူကတော့ သိမယ်မထင်ဘူး''

''ငုံးကိုလိုက်ပြ''

အေးဆေးတည်ငြိမ်သော မ,နှလုံးသားကို ရိုက်ခတ်အောင်လုပ်တာ ဘယ်ကောင်လဲ။ ကျွန်တော် မနာလိုဖြစ်လိုက်တာဗျာ။

မက ငုံးဉကို မရဲ့ချစ်သူကို ဘယ်လိုပြခဲ့သလဲဆိုတာကို သိပေမယ့် ကျွန်တော်ကတော့ ငုံးဉကို အပိုင်ချုပ်ပြီး မရဲ့ချစ်သူကို လိုက်ပြနိုင်းခဲ့တယ်။

ဟာ ဒါဟာ မရဲ့ တစ်ဖက်သတ်ချစ်ရသူပေါ့ ဟုတ်လား။ ... ကံကောင်းလိုက်တာ။

ဒီလူကို ကျွန်တော် သတ်ပစ်ချင်စိတ်တွေ တဖွားဖွားပေါ်လာပေမယ့် မရဲ့ချစ်တဲ့သူမို့ ကျွန်တော် မလုပ်ရက်ခဲ့ပါဘူး။ ယောက်ျား







www.burmeseclassic.com

www.burmeseclassic.com



ချင်း မနာလိုဖြစ်ရလောက်အောင် ချောမောတဲ့ ဒီဘဲကြီးဟာ ကျွန်တော်အသိအမှတ်မပြုဘဲ မနေနိုင်ရလောက်အောင် ချောမောလွန်း နေခဲ့တာလေ။

ဉာဏ်ရွှေသိက္ခာရှိလွန်းတဲ့ မ,လို မိန်းကလေးတစ်ယောက်ရဲ့ ရင်ထဲကို ယောက်ျားတစ်ယောက် ဝင်ရောက်နေပြီဆိုတာကို သိလိုက်ရ ချိန်ကစပြီး ကျွန်တော့်ဘဝတစ်ခုလုံး အဓိပ္ပာယ်မဲ့ခဲ့ရတယ်။

ကျွန်တော့်ရဲ့ ဒီစိတ်ဒုက္ခတွေအတွက် ကျွန်တော် အခုသေ သွားခဲ့ရင်တောင် ကျွန်တော့်ရဲ့သေခြင်းဟာ အဲဒီစိတ်ဒုက္ခတွေကို သယ် ဆောင်သွားဦးမှာလေ မရယ်။

ကျွန်တော် မရဲ့ တစ်ဖက်သတ်ချစ်ရတဲ့သူဆိုတဲ့ တစ်ယောက် ကို မြင်ဖူးပြီးကတည်းက ကျွန်တော် ဘယ်လိုမှ ယှဉ်ပြိုင်လို့မရတော့ ဘူးဆိုတာကို နားလည်လိုက်ပြီး အရှုံးမပေးချင်သေးပေမယ့် စိတ်ဓာတ် ကတော့ အလိုလိုကျသွားခဲ့ရပြီ။

မရဲ့ချစ်သူဟာ အဘက်ဘက်က ပြည့်စုံလွန်းလို့ ကျွန်တော် လိုက်မမီနိုင်ဖို့ဝေးလို့ ယှဉ်တောင်မယှဉ်သာတဲ့ ယောက်ျားတစ်ယောက် ပါ။ ကျွန်တော် သူ့အကြောင်းတွေကို စုံစမ်းလိုက်တော့လည်း အ တည်ပြီး သိက္ခာတရားကို လက်ကိုင်ထားသော အမျိုးကောင်းသား တစ်ယောက်အပေါ် ကျွန်တော် မုဒိတာ ပွားလိုက်ပါပြီ။





မရယ် . . . ချစ်ရသူနဲ့ဝေးကွာခြင်းဆိုတဲ့ ဆင်းရဲမှုကို ခံစားဖူး တဲ့ ကျွန်တော်၊ မကိုလည်း ကျွန်တော့်လို မခံစားစေချင်တာမို့ မနဲ့ မရဲ့ ချစ်ရသူ ပေါင်းဖက်ဖို့အတွက် အစွမ်းကုန်ကူညီပေးပါ့မယ် မရယ်။

အရမ်း အရမ်းကို ချစ်ပါတယ်။

✺

ဝသုန် . . . ဒါဆို ဝသုန်က သူချစ်ရတဲ့မကို မကူညီပေးနိုင် တော့ဘူးပေါ့။ အိမ်ကနေ အသက်နဲ့ဆင်းသွားပြီး အိမ်ကို အသက်မဲ့စွာ ပြန်တက်ရတဲ့ကောင်လေး။ သူ ချစ်ခင်ရသော မမကိုတော့ ချစ်ရှာသား ပဲ။

ဝသုန် မမကို သူကတော့ ပန်းကနုတ်ကိုပဲ မြင်နေမိတော့ သည်။ မဖြစ်နိုင်ပါဘူးလေ။

သူမက တစ်ဦးတည်းသမီးပဲ။

ပန်းကနုတ်။

နာမည်လေးလှသလို ရုပ်ရည်လည်း ပက်ပက်စက်စက် ချော လွန်းသည်။ သဘောကောင်းပြီး သိက္ခာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတွေးရင်းနှင့်ပင် ဝသုန်ဓါမ ၊နေမည်ကို သိချင်မိသွားရသည်။

ဝသုန်ဓါမနှင့် ပန်းကနုတ်ကို ဘုရားကျောင်းများ ယှဉ်တွဲပြီး မြင်ယောင်နေမိပါလိမ့်။

ပန်းကနုတ်ကို တစ်ရက်တော့ ကော်ဖီလိုက်တိုက်ဦးမယ်ဟု တွေးလိုက်မိသေးသည်။

"ဟော့၊ ပညာ့ပုံစံကို ကြည့်ရတာတော့ စီးပွားရေးသမားသက်သက် ပုံပဲနော်။ သူ့ကြည့်ရတာ လူမှုရေးလည်း သိပ်စိတ်ဝင်စားပုံမရဘူးကွ။ အလှူအတန်းရော ရက်ရောရဲ့လား"

တေဇဓါစကားကို သစ်ထူးက စဉ်းစားရင်း –

"မကြားမိဘူးကွ၊ အလှူအတန်းရက်ရောတာ ပန်းကနုတ်ကတော့ အရမ်းရက်ရောတာကွ"'

"ဟုတ်တယ် . . . ဟုတ်တယ်၊ အဲဒါတော့ ငါလည်း ကြားတယ်၊ သူက ဘိုးဘွားရိပ်သာတွေ၊ မိဘမဲ့ဂေဟာတွေ AIDS ရောဂါသည်တွေကို လစဉ်လှူတတ်သလို NLD ကဖွင့်ထားတဲ့ သင်တန်းက ကလေးတွေကိုလည်း အားရင်အားသလို စာသွားသင်တတ်သေးတယ်တဲ့"

"ဟော့ကောင် တေဇ . . . အဲဒီသင်တန်းအကြောင်းကို ငါ





တစ်စွန်းတစ်စတော့ ကြားမိတယ်ကွ၊ သေချာတော့မသိဘူး၊ ရှင်းပြပါဦး"

တေဇက စားပွဲပေါ်မှ ကော်ဖီတစ်ခွက်ကို တစ်ငုံမျှ သောက်လိုက်ပြီး –

"ဒီလိုလေကွာ . . . ရပ်ကွက်တွေမှာ ရေသန့်ဘူးတွေ၊ ကော်တွေ လိုက်ကောက်တဲ့ကလေးတွေကို မင်းမြင်ဖူးတယ်မှလား၊ အဲဒီကလေးတွေက အရမ်းဆင်းရဲတော့ ကျောင်းမတက်နိုင်ကြဘူးလေ၊ အဲဒီလို ကလေးတွေအတွက် စာ အလကားသင်ပေးတဲ့ကျောင်းလေး NLD က ဖွင့်ထားတယ်ကွ၊ အဲဒီကျောင်းကကလေးတွေက မနက်ပိုင်း ရေသန့်ဘူးကောက်၊ ပြီးတော့ ခဏနား ထမင်းစားပြီး အဲဒီကျောင်းမှာ စာလာသင်ပေါ့ကွာ၊ အဲဒီကျောင်းက နေ့တိုင်း ကလေးတွေကို နွားနို့နဲ့ ပေါင်မုန့်ကို နေ့ခင်းစာအဖြစ် ကျွေးသေးတယ်"

"ကောင်းလိုက်တဲ့ကျောင်းလေးကွာ၊ ပန်းကနုတ်က အဲဒီ့ဆရာမ ဝင်လုပ်ပေးသေးတယ်ပေါ့"

"ဟုတ်တယ်"

"ငါ အဲဒီကျောင်းလေးကို လှူမယ်ကွာ၊ မင်းတို့စီစဉ်ပေး"

"အိုကေ . . . ငါစီစဉ်ပေးမယ်"

ဒီလိုကျောင်းလေးတွေ မြန်မာပြည်ရဲ့နေရာအနှံ့အပြားမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်နိုင်ပါစေလို့ သူ ဆုတောင်းမိသည်။

အနာဂတ်ပျောက်နေသော ကလေးတွေအတွက် ဒီလို ကျောင်းလေးတွေ တကယ်ပဲလိုအပ်ပါသည်။ သူလည်း ဒီလိုကျောင်း လေးတစ်ကျောင်း ဖွင့်နိုင်အောင် ကြိုးစားရမည်။

✺ ✺ ✺





"ကျွန်မ ဘယ်သူ့ကို လာကြည့်တယ်ဆိုတာကိုတော့ မပြော ပါဘူး။ ဒါပေမဲ့ . . . မကောင်းတဲ့ရည်ရွယ်ချက်တော့ မပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

လက်ဆောင်ဘူးတွေ ရောက်မလာတော့ပေမယ့် သုံးရက် ခြားခါလောက်တော့ သူမနှင့် ဖုန်းပြောမိပါသည်။ တစ်ခါတလေ ဟိုဘက်က သူမဖုန်းလေးကို ပြန်ဆက်ပေမယ့် သူမကတော့ မကိုင်တော့ပါ။ သူမဘက်ကသာ စခေါ်တတ်ပါသည်။

တေဇကတော့ လက်ဆောင်ဘူးပို့သူနှင့် ဖုန်းဆက်သူဟာ မြတ်ပညာလင်းဟု အတိအကျပြောသည်။ သူတို့က မြတ်ပညာလင်းနှင့် မျက်နှာကို ကြိုတ်သဘောတူနေကြသည်။ မြတ်ပညာလင်းကလည်း ဆက်ဆံရေးညက်သည်။ စီးပွားရေးသမား။ ပညာတတ်ဆိုတော့ လူ တစ်ယောက်ကို ဘယ်လိုဆက်ဆံပေါင်းသင်းရမလဲဆိုတာကို ပြေပြေရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိအောင် ကျွမ်းကျင်ပြီးသား ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် မြတ်ပညာလင်းကို ပြောရင်းဆိုရင်းကသ

သူတို့ ခင်မင်သွားခဲ့သည်။

"မြတ်ပညာလင်းက မင်းအမေပြောတဲ့ဘောင်ထဲ ဝင်ပါတယ်

ကွာ"

ဟု သစ်ထူးက ပြောသည်။

ဘောင်ထဲဝင်ပေမယ့် သူချစ်မိနေတာက တစ်ယောက်ထေ

အရာရာကို ရဲရဲဝံ့ဝံ့ လုပ်ဆောင်တတ်ပေမယ့် ဒီကိစ္စကိုတော့ ႈ

မပြောရဲဖြစ်နေသည်။

ဒါကလည်း အနေတည်သော သူမ၏သိက္ခာတရားကြော

ဖြစ်မည်။

"ဒါပေမဲ့ . . . ပညာ့မျက်နှာမှာ ဖိုးညံ့ကိုချစ်နေတဲ့ အရိ

အယောင် လုံးဝမတွေ့ရတာ ထူးဆန်းမနေဘူးလား"

"အသိသာကြီးပါကွာ၊ မိန်းမကြိုက်တော့ စိုက်စိုက်

ဆိုတာလေကွာ"

"သူသိက္ခာကျသွားပါ့မယ်ကွာ၊ သူ့ဘက်က ရှိုးရှိုးခင်

တာဆိုရင် မကောင်းဘူး"

ဒီနေ့မနက်မှ မေမေပြောလိုက်သောစကားကို သူ ဒီ





တွေကို ပြန်ပြောသင့် မသင့် စဉ်းစားနေသည်။

"ဘာတွေ စဉ်းစားနေတာလဲ"

"မနက်က မေမေကပြောတယ်၊ သားအသက်လည်း နှစ်

ဆယ့်နှစ်ထဲရောက်နေပြီတဲ့၊ ချစ်သူမရှိသေးဘူးလားလို့ မေးတယ်၊

ပြီးတော့ . . . ဘေးအိမ်က မဆလာမလေး၊ အမေကလည်း သားလာ

တောင်းလို့တဲ့လေ"

မဆလာမလေးဆိုတာ သူ အမြင်ကတ်ကတ်နှင့်ပေးထားတဲ့

နာမည်။ သူမနာမည်ရင်းက မေမြန်မာကျော်ဇော။ နာမည်က စီးပိုး

နှန်းတာမို့ သူက အမြင်ကတ်ကာ မဆလာမဟုခေါ်ခြင်း ဖြစ်သည်။

မိမဆလာမက သူတို့နှင့်ခြံချင်းကပ်လျက်တိုက်က အိမ်နီးခြင်းဖြစ်

သည်။

တစ်ဦးတည်းသမီးမဟုတ်ဘဲ အစ်ကိုလေးယောက်ရှိပြီး

ထယ်ခုံးမို့ တစ်အိမ်လုံးက သမီးလေးတစ်ယောက်တည်းဆိုပြီး ဝိုင်း

ချီးလိုက်ထားကြတာဖြစ်သည်။

အစ်ကိုတွေက သူထက်ကြီးကာ သူမက သူနှင့်မှ ရွယ်တူ

ဖြစ်သည်။

"အဲဒီမဆလာမက ငယ်ငယ်တည်းက စာကျက်ပျင်းတာ၊

ညသ်ကထိုင်းတာမဟုတ်ဘဲ တစ်အိမ်လုံးက ဝိုင်းချစ်နေတာ၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှလည်း မလုပ်တတ်၊ လုပ်လည်း မလုပ်ချင်၊ ဒါကတော့ သူကို ငယ်ငယ်ကတည်းက ကြည့်မရတာကွ''

မေမြန်မာကျော်ဇောဟာ နာမည်ကမိုက်ပေမယ့် ရုပ်ရည်ကတော့ ရှက်ကြမ်းရေကျိုအဆင့်လောက်ပါပဲ။ ဒါပေမဲ့ . . . မာနကတော့ သူဌေးသမီးပီပီ ခေါင်ခိုက်နေသည်။ တစ်အိမ်လုံးမှာ သူမက ပိုက်ဆံသုံးခွင့် အများဆုံးရထားသူမို့ သူမကို ကပ်မြှောက်ပြီး စားသောက်ကြသူတွေလည်း ရှိသည်။

သူမ ကားကိုကပ်စီး၊ သူမပိုက်ဆံကို ဝိုင်းသုံး၊ သူမအသုံးစားတွေယူဝတ်နှင့် သူမကို မှီခိုပြီးကပ်စားနေတာမို့ သူငယ်ချင်းတွေက. သူမကို ဘုရင်မတစ်ပါးလို မြှောက်ပင့်ထားကသည်။

''အဲဒီမဆလာမ,က သိပ်မောက်မာတာ၊ သူ့ဘေးကဟာတွေကို စွန့်ကြဲပေမယ့် သိပ်တင်စီးတာ၊ ဘေးလူ အမြင်ကတ်စရာကွာ၊ သူ့ဘေးကဟာတွေကတော့ ကပ်စားရလို့ ငြိမ်တာပဲ၊ စိတ်ဓာတ်တွေ မကောင်းဘူး။ တစ်ခါကလည်း Valentine day ကြီး၊ chocolate တွေ, cadbury တွေထင်တယ်၊ ငါ့အတွက်ဆိုပြီး သူ့ရဲ့ရှေ့ဖော် ...သိုက်နဲ့ ယူလာတာ၊ ငါက မစားဘူးဆိုတော့ ဘာလုပ်တယ်မှတ်...ဟောကောင်မတွေ ညည်းက မစားဘူးတဲ့၊ နင်တို့ကတော့ ငါကျွေး...စားဖူးကြမှာမဟုတ်လား၊ ရော့ . . . စားလိုက်ကြဆိုပြီး ပစ်ကျွေး...





...ကွာ၊ ကျွေးပုံကို ပြောတာပါ၊ စားတဲ့သူတွေကဘာည်း ဘာပြောခံရ...ခံရ စားရရင် ပြီးရော အပြောခံတာပဲ၊ အံ့သြတယ်''

''ဆယ်တန်းလည်း မအောင်ဘူးမဟုတ်လား''

''အေးကွ . . . ကိုးတန်းတောင် ကျောင်းစစ်မှ position ...တိတ်ချေးက အောင်တာ၊ ဆရာမတွေကို ဘာတွေပေးပြီး mod-...ation ဘယ်နှဘာသာနဲ့ အောင်ခဲ့တာလဲ မသိဘူး၊ ဆယ်တန်းကျ...တော့ မရတော့ဘူးလေကွာ''

''မင်းအိုမားက အခုကိစ္စ မပြောင်းလိုက်ဘူးလားကွ''

''ပြောင်းထားပါတယ်ကွာ၊ အဲဒါကို မပြီးဘူး၊ အခု ငါ ရုံးကို ...ကွက်လာတော့ အဲဒီ မဆလာမ အမေက ငါ့ကားကို ခြံရှေ့မှာတားပြီး သူတို့ပိုင်တဲ့ကုမ္ပဏီဟာ မေမြန်မာလေးအပိုင်ပါ၊ သူတို့မှာ ခြံတွေ...တိုက်တွေ လေးငါးခုရှိတော့ သားတွေကို အမွေခွဲပြီးသား၊ ကျန်တာ...အားလုံးက မေမြန်မာအပိုင်တွေပါဆိုပြီး စည်းရုံးတယ်ကွာ၊ ငါက ...ပြတ်ပြောင်းလိုက်တယ်၊ အဲဒီအကြောင်းကို မာမီ့ဆီ ငါဖုန်းလှမ်းဆက်...ပြီး ပြောပြလိုက်တော့ မာမီက စိတ်ပူနေတယ်၊ မဆလာမရဲ့အစ်ကို ...တွေက လူမိုက်တွေလေ၊ သူတို့ညီမကို ငြင်းလို့ ငါ့ကို အငြိုးထားပြီး ...လုပ်မှာကို မာမီက စိုးရိမ်နေတာ''

''အေးကွ . . . မင်း တစ်ခုခုတော့ စီစဉ်ထား ...ရောင်၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘက်က အုပ်စုတောင့်တယ်''

''မာမီကတော့ ငါ တကယ်ချစ်တဲ့သူကို ရွေးတော့တဲ့''

''မင်းက ဘယ်သူ့ကို ချစ်နေတာလဲ''

သူ တစ်ချက်ပြုံးလိုက်ကာ –

''ငါ ငါ ပန်းကနုတ်ကို ချစ်နေခဲ့တာ''

''ဟေ''

တေဇနှင့်သစ်ထူး၏ ဟေဆိုသည့်အသံကြီး ထွက်လာ… သည်။ ဖုန်းထဲက အသံချိုလေးကို စွဲလမ်းမိပေမယ့် ဒီအသံပိုင်ရှင်… မြတ်ပညာလင်းဆိုရင်တော့ သူ လုံးဝ ချစ်မိမှာမဟုတ်ပါ။

ဒါပေမဲ့ သူ ဖုန်းသံလေးကိုတော့ ကြားချင်နေမိသည်။

''ဖုန်းဆက်တဲ့သူဟာ မြတ်ပညာလင်းဆိုရင်ရော''

''ပညာဟာ ရုပ်ရည်, ပညာ, အဆင့်အတန်း, စီးပွားဥ… လူမှုရေး . . . ဘာတစ်ခုမှ အပြစ်ပြောစရာမရှိပါဘူး။ ဒါပေမဲ့ ပညာ… ပတ်သက်ရင် ငါ့ရင်ထဲမှာ ဗလာဖြစ်နေတယ်''

ထိုစဉ်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် မြတ်ပညာလင်း ရောက်… ခဲ့သည်။

''ရှင်တို့အတွက် ကြေးအိုးဝယ်လာတယ်၊ မိုက်ဆာ… တယ် မဟုတ်လား''





ချိုင့်ကြီးနဲ့ထည့်လာတဲ့ ကြေးအိုးနံ့က သူတို့ကို ဆွဲဆောင်နေ… သည်။ Lunch စားချိန်မို့ သူတို့ဗိုက်တွေ ဆာနေခဲ့တာလည်းအမှန်။

''ဟာ . . . ပညာက တော်တယ်ကွာ၊ ကျွန်တော်တို့လည်း …ိုက်ဆာနေကြတာ၊ စားမယ် . . . စားမယ်''

သစ်ထူးက ချိုင့်ကို ဆွဲယူရင်း ပြောသည်။

''အယ် . . . ဟန်မဆောင်ဘူးတော့''

သူမက တရင်းတနှီးဆိုလာသည်။

ရုတ်တရက် တေဇက–

''ပညာရေ . . . ကျွန်တော်ကတော့ သိချင်တာမမေးရရင် အသည်းတယားယားနဲ့ဖြစ်နေလို့ မေးမယ်ဗျာ''

တေဇစကားကြောင့် ကျွန်တော်ရော သစ်ထူးပါ မျက်လုံးပြူး… သွားရသည်။ သစ်ထူးက တေဇကို မသိမသာ တံတောင်နှင့်တွက်ရင်း …ားစဉ် . . .

''ဟာ . . . ဘာဖြစ်လို့ တံတောင်နဲ့လာတွတ်တာလဲ၊ နာလိုက် …ာကွာ''

''သေဟ''

မသိအောင်တားပါတယ်ဆိုမှ ဒီကောင်လုပ်တာနှင့် သူမက… …ိသွားကာ ရယ်တော့သည်။

www.burmeseclassic.com



''မေးချင်တာ မေးပါရှင်၊ ရပါတယ် ... ကျွန်မလည်း ရှင်တို့ကို မေးချင်လို့လာတာပါ''

သူမက အရယ်တစ်ဝက်နှင့် ပြောလာသည်။

''ဒါဆို ... ပညာကပဲ အရင်ပြောပါ''

''ဒီလိုပါ ... ဒီလကုန်ရင် ယွန်းထည်ပစ္စည်းတွေကို ဈေး နည်းနည်းတိုးချင်တယ်၊ ဆေးတွေ ဈေးတက်သွားလို့ပါ၊ အဲဒါ မလား၊ ရှင်တို့နဲ့ မညှိဘဲ ဈေးမဖြတ်ချင်လို့ပါ''

''ဩော် ဒါလား ... ခင်ဗျား တင်ချင်သလောက်တင် ဒါပေမဲ့ တခြားဆိုင်တွေထက်တော့ ငါးရာလောက်လျှော့မှ ဖြစ်မယ် နော်''

''အဲဒါတော့ စိတ်ချပါ''

''ဩော် ... သူ့ပစ္စည်းဈေးတင်ချင်တာနဲ့ ကြေးအိုးနဲ့လာပြီး လာဘ်လာထိုးတာကိုး''

သစ်ထူးက ကြေးအိုးတွေကို ပန်းကန်လုံးတွေထဲ ထည့်ရင်း ပြောသည်။ ဒါကို သူမက ပြုံးရင်းမှ -

''အဲဒါ စီးပွားရေးသမားတွေရဲ့ အမူအကျင့်ပဲ ... မှတ်ထား နော်''

''ခင်ဗျားဆီကရတဲ့ ပညာတွေ တော်တော်များနေပါပြီ''





သူမနှင့်သူတို့ အဲဒီလောက်ထိ ရင်းနှီးနေခဲ့ကြပြီလေ။

''ကဲ တေဇ ... မေးလေ ဘာမေးမှာလဲ''

''မေးမယ်နော် ... မရက်နဲ့၊ ကျွန်တော်တို့က သူငယ်ချင်း တစ်ယောက်လို သဘောထားလို့ မေးကြည့်တာပါ''

''မေးပါရှင်''

တေဇက တံတွေးတစ်ချက်မြိုချကာ သူတို့ကိုလည်း ကြည့် သေးသည်။ ပြီးမှ ပြုံးစိစိနှင့် -

''ဟိုးလတွေတုန်းက ခင်ဗျား lion ဆိုင်ကနေ ဒီ shopping mall ကို လာလာမော့ကြည့်တာလေ၊ အဲဒါ ဘာအဓိပ္ပာယ်လဲ ဆိုတာ သိချင်တယ်''

သူမက တေဇ၏မေးခွန်းအဆုံး တခွိခွိနှင့်ရယ်သည်။

''အဲဒါ ... ကျွန်မ personal ပါ''

''ဘယ်သူ့ကို လာကြည့်တာလဲ''

တေဇက ထပ်မေးသည်။ သူမက ပြုံးဖြီးဖြီးနှင့် -

''ရှင်တို့ shopping mall ထဲမှာ တွေ့ချင်တဲ့သူရှိလို့ လာကြည့်

''တွေ့လား''

''တွေ့တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

ဒီမေးခွန်းကိုတော့ သစ်ထူးက ဝင်မေးလိုက်တာပါ။

"no . . . ဒါတော့ ကျွန်မ မဖြေချင်ဘူး"

သူမမျက်နှာ ရုတ်တရက် တည်သွားကာ ဖြေလိုက်ခြင်း ဖြစ်သည်။

"ကျွန်မ ဘယ်သူ့ကိုလာကြည့်တယ်ဆိုတာကိုတော့ မဖြေနိုင်ပါဘူး။ ဒါပေမဲ့ . . . မကောင်းတဲ့ရည်ရွယ်ချက်တော့ မပါဘူး။ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာလှုပ်ရှားမှုဟာ ရှင်တို့အမြင်မှာ ရှိုးသာချင်ရှိုးသာလိမ့်မယ်၊ အထင်လည်း လွဲရင်လွဲနေလိမ့်မယ်၊ ကျွန်မတာကတော့ ဖြေရှင်းမှာမဟုတ်ဘူး၊ ကျွန်မကြောင့် တစ်စုံတစ်ယောက် ထိခိုက်နစ်နာ ပါစေဆိုတဲ့ဆန္ဒတော့ လုံးဝမပါပါဘူး"

"ကဲပါ အရေးမပါတာတွေ မပြောကြပါနဲ့၊ ကဲ . . . ကြော်သောက်ရအောင်"

သူကပဲစပြီး စကားလမ်းကြောင်း လွှဲလိုက်ပါသည်။ သူမက နှုတ်ခမ်းလေးမဲ့လိုက်ပြီး –

"ကျွန်မ ဒီနေ့ ကံမကောင်းဘူး"

ဟု ညည်းရှာသည်။

"ကဲ . . . ကျွန်မပြန်တော့မယ်၊ ဩော် . . . ပြောရဦးမယ်





ကျွန်မ ပုဂံက ကိစ္စလေးတွေရှိလို့ ပြန်မှာ၊ ဆယ်ရက်လောက်တော့ ကြာမယ်၊ ဘာမှာကြဦးမလဲ"

"တော်ပါပြီဗျာ . . . မမှာတော့ပါဘူး"

သူမက အားလုံးကို နှုတ်ဆက်ကာ ပြန်သွားသည်။

"သေချာမဖြေဘူး"

"ဟာ . . . ဖြေမလားကွ၊ သူက မိန်းကလေးလေ၊ မင်းက အရှက်မရှိမေးတိုင်း သူက အရှက်မရှိ ဖြေမလား"

သူက တေဇကို နှိပ်ကွပ်လိုက်သည်။

"ကဲပါ . . . အခုနက မြတ်ပညာလင်းရောက်လာလို့ စကားစ ပြတ်သွားတာ၊ မင်း ပန်းကနုတ်ကို ချစ်သွားတယ်ဆိုတာ တကယ် လား"

"ညာစရာလားကွာ၊ တကယ်ပေါ့"

"ဟာ . . . မိုက်တယ်ကွာ၊ မင်း မြန်မြန်ကြိုးစားတော့လေ"

သစ်ထူးက မြှောက်ပေးသည်။

"ဆယ်ကျော်သက်ကလေးတွေ ကြိုးစားသလိုတော့ ကြိုးစားလို့ရမှာ မဟုတ်ဘူးကွ၊ အဲဒါကိုပဲ ငါလည်း စဉ်းစားနေတာ"

"သူ ဘယ်မှာရှိတတ်လဲဆိုတာ ငါတို့စုံစမ်းပေးပါ့မယ်၊ မင်း ဘက်ကသာ အားမွေးထား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ"

ထိုနောက်ပိုင်း သူမရှိတတ်မည့်နေရာတွေကို သူတို့ စုံစမ်းခဲ့ပေမယ့် ရုပ်ရှင်ရိုက်ရန်အတွက် အမေရိကားကိုသွားနေတဲ့သတင်းကို ကြားလိုက်ရတာမို့ သူ တော်တော် ဟာသွားရတော့သည်။

✿ ✿ ✿





"ငါက ထတီဝတ်ထားရင် ပြီးရော မိန်းမဆို အကုန်ကြိုက်ဘယ်လိုမျိုး မင်းက ထင်နေတာလား။ မိန်းမတစ်ယောက်က ဖုန်းဆက်[illegible]ပိုင်း ပြန်ကြတတ်တဲ့ယောက်ျားထဲမှာ ငါ မပါဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ညဘက်လာတတ်တဲ့ ဖုန်းလေးကတော့ သုံးရက်ခြားတစ်ခါ အလာမပျက်။ မြတ်ပညာလင်းက ပုဂံပြန်သွားသလို ပန်းကနုတ်ဘလည်း အမေရိကားမှ ပြန်မရောက်သေး။

''ဟာ . . . ပော့ကောင်တွေ ကြည့်စမ်း ဒီမှာ''

သစ်ထူးက ပြောလည်းပြော သတင်းစာလည်း ယူလာကာပြသည်။

''မြတ်ပညာလင်း စေ့စပ်လိုက်ပြီ ဆိုပါလား''

''ဘယ်လိုဖြစ်ရတာလဲ၊ သူက ဖိုးညံ့ကို ကြွေနေတာ မဟုတ်ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



ခုန်ထ၍မေးသူက တေဇဖြစ်သည်။ သူက မြတ်ပညာလင်း ဟာ သူ့ကိုသဘောကျနေတာမို့ နည်းမျိုးစုံနှင့် လာပတ်သက်နေပါ သည်ဟု အတိအကျ စွပ်စွဲထားသူ။ လက်ဆောင်တွေ ပို့ပေးခဲ့တာရော ညညဖုန်းဆက်နေတာတွေဟာ မြတ်ပညာလင်းပဲဟု နိုင်မာစွာ ယုံကြည်ထားသူ။ သူနှင့်သစ်ထူးလည်း ဘာထူးတာမို့လဲ။ တေဇလော [illegible] မဟုတ်တောင် သုံးပုံနှစ်ပုံလောက်တော့ ထင်ထားခဲ့တာပဲမဟုတ်လား။

"ဟုတ်ပါ့ကွာ၊ တကယ်ပဲ သူ ဇွဲစပ်သွားတာပါလား"

"မျက်စိနောက် သက်သာသွားတာပေါ့ကွာ။ ငါတို့ဆီ [illegible] ချောင်းပေါက်အောင် မလာတော့ဘူးပေါ့"

"တော်သေးတယ်ကွာ၊ မင်း သူ့ကို မချစ်မိသွားလို့"

သူက တေဇကို လှမ်းဖက်လိုက်ရင်း –

"ချစ်မိသွားရောလားကွာ၊ ငါ့ရင်ထဲမှာ ပန်းက နေရာယူ [illegible] ပြီးသားပဲကွ၊ မင်းတို့ရောလက်ခံပြီလား။ သူလုပ်နေသမျှတိုင်း [illegible] စီးပွားရေးသမားတစ်ယောက်ရဲ့ လုပ်နည်းလုပ်ဟန်တွေပါလို့ ငါ [illegible] ခဲ့ဘူးလား။ သူ့ပစ္စည်းတွေ ဒီမှာတင်ချင်လို့ လာရောတယ်၊ အ [illegible] ရတော့ သူမြတ်တယ်၊ ငါတို့ကို မျက်နှာလုပ်တယ်၊ ဒါဟာ စီး [illegible] သမားတိုင်း လျှောက်တတ်တဲ့ လမ်းကြောင်းမျိုးပါပဲ၊ ငါ သူ့ကို [illegible] လို့ပေါ့ကွာ၊ ချစ်များသာ ချစ်ခဲ့မိရင် ကွဲလိုက်မယ့်အသည်း"





"လူကြီးတွေ ဖွတ်စီစဉ်တာလည်း ဖြစ်နိုင်သေးတာပဲကွ"

"မင်းက မလျှော့သေးဘူးလား တေဇ"

သူက တေဇကို ဘုတောဖြစ်လိုက်သည်။

"ပုဂံသွားတဲ့ရက်တွေမှာလည်း မင်းဆီကို ဖုန်းဆက်တယ်

"အဲဒါ ... မြတ်ပညာလင်းလို့ မင်းကို ဘယ်သူကပြောလဲ"

"မင်းပဲ အသံတူတယ်ဆို"

သစ်ထူးကပါ ဝင်ပြောလာသည်။

"သူက ပုဂံထိတောင်ပြန်ပြီး ဇွဲစပ်တာဆိုတော့ သူသဘော [illegible] သန္ဓမပါဘဲ ဖြစ်နိုင်ပါ့မလား"

"သွားဖျက်တာလားမှ မသိတာ"

တေဇကတော့ လေ လုံးဝမလျှော့ပေ။

"ကဲ ... မင်းပြောသလို လိုက်ဖျက်တယ်ပဲထားဦး။ မဖျက်လို့ [illegible] တာထဲပါလာပြီလေ"

"သူပဲပြောခဲ့တာလေ၊ Shopping mall ကို မော့ကြည့်တာ [illegible] ဝန်ခံတယ်၊ ဖွင့်ပြောလို့မရတဲ့ ကိုယ်ရေးကိုယ်တာတဲ့"

"အေးပါကွာ ... ထားလိုက်ပါတော့၊ ကဲ ကဲ ... စာရင်း [illegible] လုပ်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သူကပဲစပြီး လှုရွဲလိုက်ရသည်။ ဒီနေ့ တစ်နေ့လုံး မြတ်ပညာ လင်းအကြောင်းကို ပြောနေတာမဟုတ်ပေမယ့် စကားတစ်ခုပြောလိုက် တိုင်း မြတ်ပညာလင်းအကြောင်းက အလိုလိုပါလာသည်။ နောက် စကားခေါင်းစဉ်ပြောင်းတော့လည်း မြတ်ပညာလင်းအကြောင်းပဲ ပါ လိုက်နှင့် ဖြစ်နေတော့သည်။

"ဟူး . . . သတိရလိုက်တာကွာ"

"ဘယ်သူ့ကိုလဲ၊ မြတ်ပညာလင်းကိုလား"

"အာ . . . ပန်းကိုကွ၊ လွမ်းနေတာ၊ ဘယ်တော့ပြန်လာ ဆိုတာ စုံစမ်းပေးကြဦးကွာ"

"ရောဂါကလည်း မသေးပါလား"

တကယ်ကို သူ သတိရနေခဲ့တာပါ။ သဲသဲကွဲကွဲမမြင်ရ mask တပ်ထားသည့်မျက်နှာလေးကို သူ လွမ်းနေခဲ့မိတာပါ။

"ဟယ်လို"

"နိုက်ခတ်"





ကြားရပါပြီ။ ချိုရှအေးမြသောအသံလေး။ ထိုအသံက တစ် က်သားကို ဆွဲဆောင်နိုင်လွန်းပါသည်။ သူမ ဖုန်းဆက်ရင် သူနာမည် တန်းခေါ်တတ်တာများသည်။

"ပြောပါ"

"ကျွန်မ . . . ဒီနေ့ထူးထူးခြားခြား ဖြစ်နေတယ်"

"ဟုတ်လား"

စေ့စပ်လမ်းကြောင်းသတင်း ကြော်ငြာပါလာတော့ သတို့ း တစ်ယောက်အနေနှင့် ပျော်နေမှာပေါ့။

"ပျော်နေတာလေ"

တွေ့လား။ သူ့အထင်နှင့်ကွက်တိပဲ။

"ဟုတ်လား"

ဟု သူက စကားထောက်ပေးလိုက်သည်။

"ကျွန်မလေ . . . ရှင့်ကို အပြင်မှာတွေ့ပြီး အကြာကြီး းပြောချင်တယ် သိလား"

အာ ဘာလဲ ဒီမိန်းမ။

သူ့ကို လာညှိနေတာလား။ လက်ထပ်မယ့်သူရှိနေလျက်နဲ့ က ပျော်ဝင်ခဲ့ဘူးသော ထိုအသံဟာ ဒီတစ်ကြိမ်မှာတော့ နားခါး ခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကြာကူလီဖြစ်စေချင်နေတာလား။

ချိုသာအေးမြသောအသံဟာ သူနားထဲတွင်တော့ လာ

သော မိန်းမတစ်ယောက်၏အသံအဖြစ်သို့ ချက်ချင်း ပြောင်းသွား

သူ ခံစားလိုက်ရသည်။

သူ့ကို သိက္ခာမဲ့သော မိန်းမမြင်တိုင်း ငမ်းငမ်းတက်

ယောက်ျားအဖြစ် ဒီမိန်းမဘက်က မြင်နေတာလား။ ကွယ်ပျော

သော နဂိုဗီဇမာနက ခေါင်းထောင်လာခဲ့ကာ –

"မင်းက ငါ့ကို စော်ကားနေတာလား"

"ဘာလဲဟင် ရိုက်ခတ်၊ ကျွန်မ ရှင့်ကို ဘာစော်ကား

အပြင်မှာ နှစ်ယောက်အတူ စကားပြောချင်မိတာ စော်ကားတာ

"မင်း ချေစပ်တဲ့သတင်း ငါဖတ်ပြီးပြီ"

"ရှင် ... အာ မဟုတ်ဘူး၊ အဲဒါ"

သူက သူမကို စကားဆက်ပြောခွင့်မပေးဘဲ ဖြတ်

သည်။

"မင်းဆန္ဒမပါဘဲ လူကြီးတွေစီစဉ်တာလို့ ပြောဦး

မင်းက ကလေးမှမဟုတ်တာ၊ ကိုယ်ပိုင်စီးပွားရေးကို ဦးဆော

သူ၊ မင်းမိဘတွေကလည်း မင်းကို အိမ်ထောင်ရေးလွတ်

ပေးထားတယ်၊ မင်းသဘောမင်းဆန္ဒမပါဘဲ မင်းလိုမိန်း





ယ် ချေစပ်လို့ရမလား။ တခြားယောက်ျားနဲ့ ချေစပ်ထားပြီး ငါ့ကို

အဲဒီတဲ့မိန်းမတစ်ယောက်ကို ငါက ဘယ်လိုဆက်ဆံရမှာလဲ၊

ာက်"

ပြောရင်း ဒေါသထွက်လာတာမို့ ဆက်ပြော၍မရတော့။

မမဲ့ ပြောရပါဦးမည်။

"ငါက ထမိဝတ်ထားရင် ပြီးရော မိန်းမဆို အကုန်ကြိုက်

ယ်လို့များ မင်းကထင်နေတာလား။ မိန်းမတစ်ယောက်က ဖုန်းဆက်

တိုင်း ပြန်ကြိုတတ်တဲ့ယောက်ျားထဲမှာ ငါ မပါဘူးကွ"

သူတစ်ပါးနှင့် ချေစပ်ထားပြီးကာမှ ကိုယ့်ကိုလာကြိုနေတာ

ာ သူ့သိက္ခာတရားကို စော်ကားလွန်းသည်။

"ရိုက်ခတ် ... ဘာလို့ ဒီလောက်ဒေါသထွက်နေလဲဆိုတာ

မ သဘောမပေါက်ဘူး။ ကျွန်မ ချေစပ်တဲ့သတင်း သတင်းစာမှာ

ယ်လို့ ရှင်ပြောတယ်နော်၊ ရှင်က ကျွန်မကို သိလို့လား၊ တစ်ခုခု

နေတယ်ထင်တယ်"

"တောက်"

သူ တောက်တစ်ချက် ခေါက်မိသွားပြန်သည်။ ဒီမိန်းမ

ွက်နင်းနေတာပဲ။

"ကျွန်မ ... ဘယ်သူနဲ့မှ ချေစပ်မထားပါဘူး၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ အချိန်တွေအားနေလို့ ရှင့်ဆီ ဆက်နေတာလည်း မဟုတ် ဘူး။ မလောက်တဲ့အချိန်တွေထဲက ရှင့်ဆီကို ဆက်သွယ်ခဲ့တာ ကျွန်မ ... ကျွန်မ ... ရှင် အခုပြောတဲ့ စေ့စပ်သွားတယ်ဆိုတဲ့ ယောက်ကို သိသွားပါပြီ ...။

ကျွန်မအရင်ကတည်းက ရှင့်ကို အပြင်မှာ ဆုံချင်ခဲ့တာ ဒါပေမဲ့ ... ကျွန်မမှာရှိတဲ့ အားနည်းချက်ကို ရှင့်ဘက်က နားလည် နိုင်ပါ့မလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ မဆုံဖြစ်ခဲ့တာပါ။ ပြီးတော့ ကျွန်မ လက်ခံစကားပြောပေးတဲ့အတွက်လည်း ဝမ်းသာခဲ့ရတယ် ...

ဒါပေမဲ့ ဒီလိုလက်ခံစကားပြောနေတာဟာ ကျွန်မကို တစ် တစ်ယောက်နဲ့ မှားနေတာဆိုတာကို သိလိုက်ရတော့ ဝမ်းနည်းမိတာ တကယ်ပါ''

မှားနေတယ်၊ မှားနေတယ်ဆိုပါလား။ ဒါဆို သူမဟာ မြတ် ပညာလင်း မဟုတ်ဘူးပေါ့။ ဟား ... ဝမ်းသာလိုက်တာ။ သူ့ရင် တဒိတ်ဒိတ်နှင့် ခုန်လာခဲ့သည်။

သူမဘက်ကတော့ ရှိုက်သံတစ်ဝက်နှင့် ရှင်းပြနေဆဲ။

''ရိုက်ခတ်က ကျွန်မကို ဘယ်သူနဲ့မှားနေလဲဆိုတာ ကျွန် ရိပ်မိပါပြီ၊ ကျွန်မကို အဲဒီတစ်ယောက်ထင်ပြီး လက်ခံစကားပြော တာဆိုရင်တော့ ကျွန်မ ဝမ်းနည်းရပြီပေါ့။ ရှင်က ကျွန်မကို ကျွန်





ဖြစ်နဲ့ပဲ လက်ခံစကားပြောတဲ့အဖြစ်ကိုပဲ ကျွန်မ မက်မောတာပါ။ ကျွန်မဟာ ကျွန်မ ဘယ်သူပါလို့ မပြောနိုင်တဲ့အားနည်းချက်နှစ်ချက် တယ်၊ ပထမတစ်ချက်ကတော့ ရှင်နဲ့ ရှင့်မိသားစု အထင်သေးမယ့် ကိစ္စတစ်ခု ကျွန်မမှာရှိနေတယ်၊ ဒုတိယကတော့ ကျွန်မ ဘယ်သူပါလို့ ပြောရမှာရှက်လို့၊ နောက်ဆုံးပြောချင်တာကတော့ ကျွန်မဟာ မြတ် ပညာလင်း မဟုတ်ဘူးဆိုတာပါပဲ၊ ကျွန်မ ဖုန်းပိတ်တော့မယ်''

''ဟိတ် ... နေဦး''

သူ တားလိုက်မိသည်။

''ပြောပါ ရိုက်ခတ်''

''ခင်ဗျားကို ကျွန်တော် မြတ်ပညာလင်းနဲ့ မှားနေပါတယ်လို့ ခင်ဗျား ဘာဖြစ်လို့ ပြောနိုင်ရတာလဲ''

''မြတ်ပညာလင်းဟာ ရှင်တို့သုံးယောက်နားမှာ ရောက်နေတဲ့ မိန်းမပျိုတစ်ယောက်ပဲ၊ ရှင်တို့ သိပ်ရင်းနှီးတာကိုလည်း ကျွန်မသိတယ် လေ၊ ဒီနေ့ စေ့စပ်တဲ့သတင်းပါလာတော့ ရှင်တို့နဲ့သူ ဘာမှမပတ်သက် ဘူးဆိုတာကို ကျွန်မသိလိုက်ရတယ်''

''ခင်ဗျား ဘယ်သူဆိုတာ ကျွန်တော့်ကိုပြောဦးလေ''

''ကျွန်မ မနက်ဖြန်ရှင်တို့ဆီလာခဲ့မှာပါ၊ မောင်းမထုတ်နဲ့ နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ဟော့"

သူမဘက်က ဖုန်းချသွားသည်။ သူမဟာ မြတ်ပညာလင်း မဟုတ်ဘူးဆိုရင် ဘယ်သူဖြစ်နိုင်မလဲ။ မျက်နှာလေးတစ်ခုကို မြင်ယောင်မိပေမယ့် မဖြစ်နိုင်ပါဘူးလေ။

ဒီညလည်း သူ့အတွက် အိပ်ပျက်ညဖြစ်ဦးမည်မှာအမှန်။

✿ ✿ ✿





"ကျွန်မ အပြစ်မပါခဲ့ပေမယ့် အများလုပ်တဲ့သူက ကျွန်မ မဟုတ်ပေမယ့် ကျွန်မအသည်း တကယ်ကို ကွဲရပါတယ်။ သွေးတွေ စီးကျမနေပေမယ့် ကျွန်မ အသည်းကွဲရပါတယ် ကိုသွေးနေ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သူတို့သုံးယောက် စာရင်းစစ်နေစဉ် ရုံးခန်းတွင်းမှ ဖုန်းက ထမြည်လာသည်။ သူပဲ ကောက်ကိုင်လိုက်ပါသည်။

"အစ်ကို... အောက်မှာ ညီလေးတစ်ယောက် ရောက်နေတယ်၊ အစ်ကို့ကို တွေ့ချင်လို့တဲ့၊ လွှတ်လိုက်ရမလား"

"ဘယ်သူလဲကွ"

"သူ့နာမည်ပြောရင် မသိပါဘူးတဲ့၊ အလုပ်ကိစ္စ ဆွေးနွေးချင်လို့လို့ ပြောတယ်"

"အေးကွာ... လွှတ်လိုက် လွှတ်လိုက်"

ထိုစဉ် သူ့ဖုန်းလေး မြည်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ရိုက်ခဝတ် ကျွန်မပါ"

ညမှဆက်တတ်သည့် သူမက သူ့ကို ဆက်သွယ်လာတာပါ လား။

"ဩော် . . . ပြောလေ၊ လာမယ်ဆို"

"ကျွန်မ လာမှာမဟုတ်တော့ဘူး"

"ဘာလို့လဲဗျ"

"ခုနက တွေ့ခွင့်တောင်းနိုင်းလိုက်တာ ကျွန်မပါ၊ စောင့်နေမှာစိုးလို့ မလာတော့ဘူးလို့ပြောတာ၊ ကျွန်မ မလာရဲဘူး။ ရှင့် သူငယ်ချင်းတွေရှေ့မှာ နေတတ်မှာမဟုတ်ဘူး"

သူမ၏ ရှက်သံဝဲဝဲစကားကြောင့် သူ သဲ့သဲ့ရယ်လိုက်သည်။

"အာ . . . သူတို့က မနောက်တတ်ပါဘူးဗျ။ ခင်တတ်ပါတယ် ရောက်တဲ့လက်စနဲ့ တက်လာခဲ့ပါ၊ ကျွန်တော် လာခေါ်ရမလား"

"ကဲ . . . လာခဲ့မယ်ရှင်"

သူမ တကယ်ပဲ ရှက်နေတာထင်ပါရဲ့။ သူ့မျက်နှာကတော့ ပြုံးပြုံးကြီးကြီးဖြစ်နေသည်။

"ဟော့ကောင် . . . ဘယ်သူ့မို့ ဒီလောက်ပြုံးနေရတာလဲ"

"သူငယ်ချင်းပါ၊ လာရင်တွေ့ရမှာပေါ့"





Lift နှင့်တက်လာတာမို့ သိပ်မကြာခင်မှာပဲ သူတို့အခန်းရှေ့ ရောက်လာခဲ့ပါသည်။

"ဟာင်"

"ပန်း"

"ပန်းကနုတ်"

သူတို့သုံးယောက်ထံမှ အာမေဋိတ်သံတစ်ပြိုင်တည်း ထွက်သွားရသည်။ နက်ပြာရောင်ပိုးချိတ်လေးနှင့် ကျော့ရှင်းစွာ အခန်းထဲသို့ ဝင်လာခဲ့သော သူမကတော့ တောက်ပနေသောကြယ်တစ်စင်း သူတို့အခန်းထဲသို့ ကြွေဆင်းခဲ့သလို ခဏအတွင်း လင်းထိန်သွားတော့သည်။

✺

မိတ်တွေတစ်ယောက် dinner တွင် ရိုက်ခတ်ညဲ့ဆိုသည့် ယောက်ျားကို စတင်တွေ့ဖူးခဲ့ခြင်းဖြစ်သည်။ ဘယ်တုန်းကမှ ဘယ်ယောက်ျားကိုမှ စိတ်ဝင်စားခြင်းမရှိခဲ့သော သူမဟာ သူ့ကို ငေးကြည့်နေခဲ့မိသည်။ မျက်တောင်လေးတစ်ချက်မျှ မခတ်နိုင်ခဲ့သလို မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



လည်း မလွှဲနိုင်ခဲ့ပဲ ဣန္ဒြေတွေ ပျက်လောက်အောင်ပင် ဖြစ်ခဲ့ရပါသည်။

သူ့ဘက်ကတော့ လုံးဝမသိချေ။ သူ့ကိုမြင်လိုက်ရတဲ့ခဏမှာ သူမအတွက် လက်တွဲဖော်တွေ့ပြီဟု ဆုံးဖြတ်ချက် ချခဲ့သည်။ သူ့ကို အရမ်းကို ချစ်မိသွားခဲ့တာပါ။

သူမရယ် မေမေရယ်က ညစာကို အတူစားနေစဉ် မေမေ့ သူငယ်ချင်းအန်တီဝေဝေက ခပ်ချောချောအမျိုးသမီးတစ်ဦးနှင့် စကား ပြောနေခဲ့သည်။

ဒါကို သူမက –

"မေမေ . . . အန်တီဝေနဲ့စကားပြောနေတဲ့ မမက ဘယ်သူလဲဟင်၊ အရမ်းချောတာပဲ"

ဟု မေးလိုက်မိသည်။

မေမေက သူမအမေးကို ရယ်မောနေခဲ့သည်။ ပြီးမှ –

"ဘယ်က မမရမှာလဲ သမီးရယ် . . . အန်တီလို့ ခေါ်ရမှာကွဲ့ ဒေါ်လှဲ့လှဲ့ချိုတဲ့၊ ဝေနဲ့တော့ သူငယ်ချင်းထင်တယ်၊ မေမေနဲ့တော့ လူချင်းမသိပါဘူး။ ဒါပေမဲ့ မြင်ဖူး သိဖူးထားပါတယ်၊ သမီးက မမလို့ ခေါ်ရလောက်အောင်ကို အရွယ်တင်တာ၊ သူ့မှာ သားချောချောလေး တစ်ယောက်ရှိတယ်လေ . . .၊





သူ့သားလေးနာမည်က ရိုက်ခတ်ညံ့တဲ့၊ ခုနကတောင် တွေ့ လိုက်သေးတယ်၊ ဒီကလေး ဘယ်ရောက်သွားပါလိမ့်"

ဒေါ်လှဲ့လှဲ့ချိုဟာ သူမချစ်မိသွားသော ရိုက်ခတ်ညံ့ရဲ့ မေမေ ဆိုပါလား။

"ဒါနဲ့ . . . သမီးက လှဲ့လှဲ့ချိုကို ဘာစိတ်ဝင်စားသွားလို့ မေးတာလဲ"

"တော်တော်လေး ချောလို့ပါ၊ ပြီးတော့ သူနဲ့ မျက်နှာချင်း ဆင်တဲ့ မေမေပြောတဲ့ရိုက်ခတ်ညံ့ပေါ့။ သူ့ကိုတွေ့ပြီး သူတို့နှစ်ယောက် က မျက်နှာချင်းဆင်တော့ မောင်နှမတွေလားလို့"

"သမီးက ရိုက်ခတ်ညံ့ကို စိတ်ဝင်စားတာလား"

"အာ . . . မဟုတ်ပါဘူး မေမေရယ်"

သူမက ဘယ်လိုပဲ မဟုတ်ပါဘူးပြောပြော မေမေကတော့ သူမ မေမေစီသစ္စာ ရိပ်မိပါသည်။

"မေမေ့သမီးအသည်းက ကျောက်တုံးမှ မဟုတ်တာဘဲ၊ အခု လှုပ်ခတ်လာခဲ့ပြီပေါ့။ အေးလေ . . . ဘာပဲဖြစ်ဖြစ် ဝေကတစ်ဆင့် မေမေ အဆင်ပြေအောင် လုပ်ပေးပါ့မယ်"

"အာ . . . မေမေကလည်း"

မေမေက ပြုံးရင်း တခြားမိတ်ဆွေတွေနှင့် စကားပြော



www.burmeseclassic.com

www.burmeseclassic.com



နေချိန်မှာ သူမကတော့ ဒေါ်လှဲ့လှဲ့ချိုနှင့် အန်တီဝေတို့နား မသိမသာ ကပ်လာခဲ့သည်။ ပထမဆုံးကြားလိုက်ရသောစကားကြောင့် သူမ တုန်လှုပ်သွားရသည်။

"ဘမျိုးဘိုးတူပဲ၊ အဲဒီကလေးမနဲ့တော့ မဖြစ်ဘူးထင်တာ ပဲရယ်"

အန်တီဝေက အောင်သွယ်အလုပ်ကို အလွန်ဝါသနာပါသူ ဖြစ်သည်။ အခကြေးငွေမယူဘဲ သူ့အိတ်ထဲကစိုက်ပြီးတော့တောင် သူ့အိမ်မှာ နှစ်ဦးနှစ်ဖက် ဆုံကြဖို့ ထမင်းဝိုင်းကြီး ကျွေးပပေးဖို့လည်း ဝန်မလေးသူတစ်ယောက်။ သူမကိုဆိုလည်း အဲဒီလို စပ်ဟပ်နေတာ လေ။

သူမကိုပဲ မျက်စိထဲမတွေ့တာလား။ သူ့ကိုပဲ မတွေ့တာလား ဒီနှစ်ယောက်ကိုကျတော့ မေ့နေပုံရသည်။ သူ့ကိုတော့ မတွေ့ ဟုတ်ပုံမရ။ အခုပဲ သူ့အတွက် ဘယ်သူ့ကိုတောင်းပေးနေသည် ဒေါ်လှဲ့လှဲ့ချိုကတော့ ငြင်းနေပုံရသည်။

"ဘာဆိုင်လဲ လှဲ့ရယ် ... ခြေညှိုးမကောင်း ခြေညှို့။ ခြေ မကောင်း ခြေမ,ဆိုသလို သူ့အဖေနဲ့ သူ့သမီးက တစ်ကဗ္ဗာစီပဲ ကွယ်"

"သူ့အဖေက အရမ်းမြူးပွေတဲ့သူ၊ အရမ်းရှုပ်တယ်လို့လည်း





သတင်းကြားထားတယ်၊ သူ့အမေလည်း ဒီလိုပဲတဲ့၊ ဒီလိုမိဘတွေဆီက ပေါက်ဖွားလာတဲ့ မိန်းကလေးမှာ သူ့မိဘတွေရဲ့အကျင့် ပါလာမှာတော့ ကြောက်တယ်ဝေရယ်၊ ပြီးတော့ သူ့မိဘတွေရဲ့အကျင့်တွေ ဒီမိန်း ကလေးဆီမှာ ပါမလာဘူးပဲထားဦး။ အဲဒီလိုအကျင့်စရိုက်ရှိတဲ့သူတွေနဲ့ ဆည်းခမက် မတော်ချင်ပါဘူးဝေရယ်"

ဒီစကားတွေကို ပီပီသသကြီး ကြားလိုက်ရတဲ့အချိန်မှာ သူမ ရင်ထဲ အောင့်မျက်သွားရသည်။

"ဒီမိန်းကလေးရဲ့အဖေဟာ ဒီလောက်ချောလွန်းတဲ့ မိန်းမကို ပစ်ပြီး သမီးနဲ့မှ ရွယ်တူမိန်းကလေးတစ်ယောက်ကို ထပ်ယူထားတာ၊ သူ့အဖေအကျင့်တွေ သူ့သမီးဆီ ပါမလာဘူးလို့ ပြောနိုင်လား၊ ပါလာဘူးပဲ ထားဦး။ ဒီလိုအိမ်ထောင်ရေး ဖောက်ပြန်တတ်တဲ့လူမျိုးနဲ့ ဆည်းခမက် မတော်ချင်ဘူး"

ဟု သူမရှေ့ ဒဲ့လာမပြောပေမယ့် ဒီစကားသံတွေကတော့ ရင်ထဲ ခေါင်းလောင်းတီးသလို ဆူညံစွာ ဝဲပျံနေတော့သည်။

သူမရဲ့အားနည်းချက်က ထိုအရာပင်။ ဖေဖေနှင့်ပတ်သက်၍ အခြား ဘာမှပြောစရာမရှိပေမယ့် ဒီပြဿနာကတော့ သူမဘဝကို ပြောင်းလဲသွားစေသည်။

"မမျှော်လင့်ဘဲ မှားသွားခဲ့တော့ မောင် တာဝန်ယူချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



စိမ်းရယ်၊ ဟိုကလေးမလေးက ငယ်ငယ်ကလည်း ငယ်တော့လေး သူ့အ
လေး မောင့်ကြောင့် ပျက်ရတာဆိုတော့ကွယ်''

နိုင်ငံခြားမှာသာ အနေများပြီး တစ်နှစ်တွင် တစ်လလော
သာ မြန်မာပြည်ကို ပြန်လာတတ်သော ဖေဖေက အလုပ်အကိုင်လည်း
ကြီးစားသလို စီးပွားရေးလည်း အရာကောင်းသူ ဖြစ်သည်။

နိုင်ငံရပ်ခြားမှာ စီးပွားရှာနေသော ယောကျ်ားတစ်ယော
မိသားစုနှင့် ခွဲနေရချိန်မှာ အထီးကျန်စွာ ပင်ပန်းမှုများနှင့် ခံစား
မည်ဆိုတာကို သူမကတော့ ဖခင်ဖြစ်သူကို ခံစားနားလည်ပေး
သည်။

ဒါပေမဲ့ မေမေ့အတွက် ပြိုင်ဘက်တစ်ယောက်ဆိုပြီး
လာတာကိုတော့ မကြိုက်ချင်ပေ။ ဖေဖေသာ မုဆိုးဖိုတစ်ယောက်
တော့ ကျေနပ်ကြည်ဖြူစွာ လက်ခံပေးမိမှာအမှန်။ ဖေဖေ့ကို
သမီးတစ်ယောက်အနေနှင့် နားလည်လက်ခံပေးနိုင်ပါသည်။

''သမီး ဖေဖေ့ကို အပြစ်မတင်တော့ဘူးလားကွာ''

ဖေဖေက သူမပခုံးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း
လာခဲ့သည်။ အပြစ်ရှိသူတစ်ယောက်အနေနှင့် နေရထိုင်ရ
အပြစ်ဝန်ခံနေသော ဖေဖေ့ကို သူမ တကယ်လည်း သနားမိပါ
သူမနှင့်မှ ရှယ်တူပါလို့ ပြောရလောက်အောင် ငယ်ရွယ်သော





လေးတစ်ယောက် သူမအဖေကြောင့် ဘဝပျက်ရတာကိုလည်း
သက်ခုပ်ဆိုတာ တစ်ဖက်တည်းတီးလို့ မမြည်ဘူးလို့လည်း မဝေဖန်
ရက်ပါ။ သနားတော့ သနားမိပါသည်။

ဖေဖေ နောက်တစ်ယောက် ထပ်ရှာလိုက်တာကို မကျေ
နပ် ဖြစ်မိပေမယ့် ဖြစ်ခဲ့ပြီးမှတော့ ဖေဖေ့မှာ တာဝန်ရှိတယ်လို့ပဲ
သူဆလိုက်ပါသည်။ အားလုံးထဲမှာ သနားကရုဏာအသက်ရဆုံး
ကတော့ မျက်ရည်လဲ့သောမျက်ဝန်းတွေနှင့် ကျောက်ရုပ်တစ်ရုပ်လို
ငြိမ်သက်စွာ ထိုင်နေခဲ့သော မေမေ့ကိုပါပဲ။

ဘာအပြစ်မှမရှိရပါဘဲ စိတ်ဆင်းရဲရဖို့အတွက် မထိုက်တန်
ဘူးဟု ထင်မိသည်။ အရမ်းလှ၊ အရမ်းကျက်သရေရှိပြီး သဘောထား
ကြီးလွန်းလှသည့်မေမေ။

ယောကျ်ားအပေါ်မှာလည်း ချစ်ခင်လေးစားလွန်းသည့်
မေမေ။

အိမ်ထောင့်တာဝန် လူမှုရေးအစရှိတဲ့ ကိစ္စတွေဘက်မှာ
လည်း မလစ်ဟာင်းစေရဘဲ ထောင့်စေ့အောင်လုပ်တတ်တဲ့ မေမေ။

ဖေဖေ့အမျိုးတွေကိုယ်တိုင်ကတောင် ဖေဖေ့ထက် မေမေ့ကို
ချစ်နှိုးခင်မင်ခြင်းကို ခံခဲ့ရတဲ့ မေမေ။

ဘာအပြစ်မှ မကျူးလွန်ရပါဘဲနှင့် မေမေ ခံလိုက်ရသည့်



www.burmeseclassic.com

www.burmeseclassic.com



လောကဓံ၏ထိုးနက်ချက်က ရက်စက်လွန်းလှသည်။

သူမကတော့ အဖက်ဖက်မှ ဝင်ရောက်ခံစားပေးကာ -

"ဖေဖေ့ကို သမီး အပြစ်မတင်ရက်ပါဘူး ဖေဖေ ဘာပဲဖြစ်ခဲ့ ဖြစ်ခဲ့ ဖေဖေဟာ သမီးရဲ့ဖေဖေပဲလေ"

"စိတ်ချပါ သမီးရယ်၊ ဖေဖေဟာ သမီးရဲ့ဖေဖေ စိမ်းရဲ့ ခင်ပွန်းနေရာကနေ တစ်လက်မလေးမှ မရွေ့စေရပါဘူး၊ ဖေဖေ ကတိပေးပါတယ်"

ဖေဖေ့ဘက်ကတော့ ခါတိုင်းလို နိုင်ငံခြားကဖနီးနှင့် ဆယ်လ ကျော်နေပြီး ရန်ကုန်ကဖနီးနှင့် တစ်လကျော် လာနေမည်ဟု စိတ်ကူး ထားပုံရသည်။

"ရှင့်ကို ကျွန်မ နားလည်ပေးနိုင်ပါတယ် ကိုသွေးနေ"

မေမေ့စကားအဆုံး ဖေဖေ့မျက်နှာ ကွက်ခနဲပျက်သွားသည်။ ရုပ်ကလေးက ချောသလို တက္ကသိုလ်တွင် ကွင်းဖြစ်ခဲ့သော မေမေ့ကို ဖေဖေက သုံးနှစ်တိတိ လိုက်ခဲ့ရပါသည်။ ဖွဲကောင်းလွန်းသော ဖေဖေ့ကို နောက်ဆုံးနှစ်ရောက်မှ ခေါင်းညိတ်လက်ခံခဲ့ပြီး စောင့်ကြည့်ခဲ့သော တာ ဖြစ်သည်။

သုံးနှစ်လောက် ချစ်သူသက်တမ်းကြာမှ လက်ထပ်ခဲ့သော နူးညံ့သိမ်မွေ့လွန်းသည့်မေမေသည် ဖေဖေ့ကို မောင်လို့ ချစ်စနိုးနှင့်



ခေါ်ခဲ့တာပါ။

"မောင် စိမ်းကလေ" ဟု အမြဲပြောတတ်သော မေမေက ကိုသွေးနေ၊ ကျွန်မ ဆိုတဲ့အသုံးအနှုန်းက မေမေ့ဘက်က ဆုံးဖြတ်ချက် ကို ပြသခဲ့ပါပြီ။

"စိမ်းကိုပဲ မောင်ချစ်ခဲ့တာပါ၊ ယုံပါ စိမ်းရယ်"

ဖေဖေက မျက်နှာငယ်လေးနှင့် မေမေ့ဘက်ကို လှည့်ရင်း ပြောသည်။

"ကျွန်မယုံမိတယ် ကိုသွေးနေ၊ သမီးရှေ့မှာပဲ ပွင့်ပွင့် လင်းလင်း ပြောရမယ်ဆိုရင်တော့ ရှင်တို့ယောကျ်ားတွေက အချစ်စစ် က တစ်နေရာ၊ သာယာမှုက တစ်နေရာဆိုပြီး နှစ်နေရာခွဲပြီး ချစ်နိုင်ကြ ပေမယ့် ကျွန်မတို့မိန်းမသားတွေမှာတော့ အဲဒီလို မရှိခဲ့ကြဘူး၊ ရှင့် အပြစ်ကို ကျွန်မ နားလည်ပေးနိုင်ပါတယ်၊ တကယ်ပြောတာပါ၊ ရှင်က ယောကျ်ားပဲ၊ ဒီနိုင်ငံမှာ သမီးကို တစ်ယောက်တည်း မထားခဲ့နိုင် လို့ နိုင်ငံခြားကို မလိုက်နိုင်တဲ့ ကျွန်မရဲ့လုပ်ရပ်ကိုလည်း ကျွန်မ နောင်တ မရပါဘူး။

ယောကျ်ားတစ်ယောက်ရဲ့အချစ်ကို ခြောက်နှစ်တိတိ စောင့် ကြည့်ပြီး လေ့လာခဲ့တာတောင် ဆုံးဖြတ်ချက်မှားယွင်းမိလေခြင်းရယ်လို့ သည်း ကျွန်မ မပြောပါဘူး၊ ကျွန်မ ဒီအချိန်မှာ လင်ပစ်ခံရတာက

www.burmeseclassic.com

www.burmeseclassic.com



ပါလာတာပဲ၊ ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့ပါတယ်''

''မောင် . . . စိမ်းကို မယုံပါဘူးကွာ''

''ရှင့်ဘက်က မယုံပေမယ့် ကျွန်မဘက်က ရှန်းထွက်
တယ်၊ တရားဝင်ကွာရှင်းပေးပါ့မယ်''

''အဲဒီလို မဖြစ်ချင်ဘူးစိမ်း၊ မောင် ကွာမပေးနိုင်ဘူး''

''အခုကိစ္စမှာ ကျွန်မအပြစ် ကျွန်မအမှား တစ်ခုခုပါခဲ့လို့လား
ဟင်''

''စိမ်းအပြစ် လုံးဝမပါပါဘူး၊ မဆင်ခြင်နိုင်တဲ့ မောင့်အပြစ်
တွေပါကွာ''

''ကျွန်မအပြစ်မပါခဲ့ပေမယ့် အမှားလုပ်တဲ့သူဟာ ကျွန်
မဟုတ်ပေမယ့် ကျွန်မအသည်း တကယ်ကို ကွဲရပါတယ်၊ သွေးအေး
စီးကျမနေပေမယ့် ကျွန်မအသည်း ကွဲရပါတယ် ကိုသွေးနေ၊ ရှင်
ကျွန်မဘက်က နားလည်ပေးသလို ရှင့်ဘက်ကလည်း ကျွန်မ
နားလည်ပေးနိုင်မယ်ဆိုရင် ကွာရှင်းပေးပါ၊

သမီးဟာ တစ်သက်လုံး ရှင့်သမီးပါပဲ၊ ရှင်ဟာလည်း သမီး
အဖေပါပဲ၊ ဒါပေမဲ့ . . . ကျွန်မခင်ပွန်းတော့ မဟုတ်တော့ပါဘူး၊ ဒီတော့
ရှင့်သမီးကို တွေ့ချင်လို့ပဲဖြစ်ဖြစ်၊ အလုပ်ကိစ္စနဲ့ ရန်ကုန်ကိုလာခဲ့တာ
ဖြစ်ဖြစ် ရှင် တစ်နေရာရာမှာတည်းပြီး သမီးနဲ့တွေ့နိုင်တယ်၊ ဖြစ်နိုင်



ကျွန်မကတော့ ခုချိန်ကစပြီး ရှင်နဲ့ မျက်နှာချင်း လုံးဝမဆိုင်ချင်တော့
ပါဘူး''

ပြောပြီးပြီးချင်းမှာပဲ မေမေက ထရပ်သည်။

''ရက်စက်လိုက်တာ စိမ်းရယ်''

ဖေဖေ့ညည်းတွားမှုကြောင့် မေမေက ဖေဖေ့ကို တစ်ချက်ငဲ့
ကြည့်ကာ -

''ရက်စက်တယ်ဆိုတဲ့စကားလုံး ရှင့်မှာ သုံးခွင့်မရှိဘူးလေ၊
ကျွန်မဘက်က ရှင့်ကို မတွေ့ချင်ဘူးဆိုတာက မုန်းလို့မှ မဟုတ်တာ၊
ရှင်နဲ့ကျွန်မက မုန်းလို့ ခွဲခွာတာမှ မဟုတ်တာ၊ နားလည်ခွင့်လွှတ်ပေး
ခဲ့တာဆိုတော့ ရှင်နဲ့တွေ့လို့ ရှင့်မျက်နှာကိုမြင်ရရင် ရှင့်အပေါ် ကြင်နာ
သနားစိတ် ဖြစ်သွားခဲ့ရင် မကောင်းဘူးလေ၊

ကျွန်မဘက်က ငါးပါးသီလလုံအောင် ထိန်းတာပါ၊ ရှင်ဟာ
သူများရဲ့ယောက်ျား ဖြစ်နေတော့ ရှင့်အပေါ် ကြင်နာစိတ်ဝင်မိသွားရင်
သည်း မကောင်းဘူးလေ၊ ကျွန်မ ကာမေသုမိစ္ဆာစာရကံ ထိုက်မှာစိုး
လို့ပါ''

မေမေ့လက်ဖျားလေးကို ဆုပ်ကိုင်ရင်း ဖေဖေက -

''စိမ်းပြောတဲ့ကံကို ထိုက်နေတာက မောင်နဲ့ ဟိုတစ်ယောက်
မဟုတ်ဘူးလား''

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကိုယ်ကျွန်မပဲ ဝေဖန်ပြီး ကောင်းအောင်နေပါတယ် တစ်ဖက်သားကို အပြစ်တင်တဲ့အမြင်မျိုးနဲ့ ကျွန်မ မကြည့်တတ်ပါဘူ ကျွန်မကိုစွမ်းဟုတ်ဘူးလို့လည်း ထင်ပါတယ်"

ဖေဖေဆုပ်ကိုင်ထားသော လက်ကို ဖြုတ်ချရင်း အေးစ စွာ ပြောနေခြင်းဖြစ်သည်။ မေမေ့ဘက်က ဒီလောက်အထိ သွေးအေ လိမ့်မည်ဟု သူမ မတွေးမိခဲ့။

ဘယ်လိုမှ ပြောမရတဲ့အခါမှာတော့ ဖေဖေက ရှိသမျှပစ္စည်း အကုန်လွှဲကာ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် နိုင်ငံခြားသို့ ပြန်သွာ ပါသည်။ ဂျပန်ကပြားမလေး မီချိုကိုကလည်း ကံပဲထင်ပါရဲ့။ အအေ အရွယ် ဖေဖေ့ကို ချစ်ရှာသည်ဆိုတော့ အိမ်ထောင်ရေးသာယာပုံရ သည်။

ဖေဖေက သူမထံတော့ ဖုန်းအမြဲဆက်ကာ မေမေ့အကြောင် မေး တတ်သည်။

"မေမေ အရှမ်းကို ငြိမ်သက်သွားတာ ဖေဖေရဲ့ တရားနဲ့ မွေ့လျော်နေတဲ့ပုံ ဖြစ်နေတယ်၊ သမီးက မေမေ တရားရတာစောလွန် တယ်လို့ပြောတော့ မေမေက ပြုံးတယ်သိလား၊ တရားဆိုတာ စောစောတွေ့လေ ကောင်းလေပေါ့ သမီးရယ်တဲ့"

"စိမ်းက ဘဝကူးကောင်းမှာပါ၊ လောဘနည်းတဲ့သူလေ





"ဒေါသနဲ့မောဟလည်း မရှိသလောက်ပါပဲ ဖေဖေရယ်၊ နောက်ဘဝမှာ ယောက်ျားလေးပဲ ဖြစ်ချင်တယ်လို့ ဆုတောင်းတယ်တဲ့၊ မိန်းမသားဘဝ မဖြစ်ချင်ဘူးတဲ့"

သူမစကားဆုံးတော့ ဖေဖေ့ဘက်က အသံတိတ်သွားကာ သက်ပြင်းချသံသဲ့သဲ့ ကြားရတော့သည်။

✺ ✺ ✺



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမကျတော့ အိမ်တွင်းအောင်း ချက်ပြုတ် ကျွန်ခံ။ ယောက်ျားကျတော့ ငါဟဲ့ယောက်ျားဆိုပြီး လုပ်ချင်ရာလုပ်၊ သန်းခေါင်ကျော်မှ ပြန်လာတဲ့ယောက်ျားကို သနပ်ခါးအဖွေးသားနဲ့ ကျွန်မက အိမ်ပေါက်ဝကနေ ဆီးကြိုရှိခိုးရမှာလား။ တစ်သက်လုံး မရဘူးမှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဒေါ်လှဲ့လှဲ့ချိုဟာ သူမကို ဘယ်လိုသတ်မှတ်လေမလဲ။

"သူ့အမေတောင် လူ့မှုရေးဖောက်ပြန်တတ်သေးတာ၊ သူ့သမီးမှာလည်း ဗီဇလေးပါလာမှာပေါ့"

ဟု ပြောမှာပေါ့။

ဒီလိုပြောမှာ ဒေါ်လှဲ့လှဲ့ချိုတစ်ယောက်တည်း ဖြစ်နိုင်မည်ထင်ပါ။ လူတကာအပြောခံရမှာကိုစိုးလွန်းလို့ ဖေဖေ နောက် အိမ်ထောင်ပြုပြီးကတည်းက ယောကျ်ားတွေနှင့် ခပ်တင်းတင်းကြီးကိုနေခဲ့တာပါ။ ဘယ်ယောကျ်ားကိုမှလည်း သွားချစ်မိဖို့ စိတ်မကူးခဲ့ဘူး

ချစ်မိသွားမှာကို ကြောက်လွန်းလို့ မျက်နှာကိုတောင် mask



www.burmeseclassic.com

www.burmeseclassic.com



တစ်ကာ ဝေးဝေးရှောင်နေခဲ့တာ အခုတော့ ကံကြမ္မာက သူမကို ချောင်ပိတ်လိုက်လေပြီ။

"ရိုက်ခတ်ညဲ့ကို မြင်မြင်ချင်း ချစ်မိသွားတယ် မေမေရယ်"

ဟု သမီးလိမ္မာ ပီသစွာ မေမေ့ရင်ခွင်ထဲ ခေါင်းမှုပ်၍ ပြောခဲ့မိသည်။

ဒေါ်လဲ့လဲ့ချို သူမကို ဘယ်လိုမှ အမှတ်မပေးနိုင်သော အချက် နောက်တစ်ချက် ရှိပါသေးသည်။

ဖေဖေ့တွင် ညီပအရင်းခေါက်ခေါက် တစ်ယောက်ရှိသေးသည်။ နာမည်က အန်တီသက်မာဖြစ်သည်။ အန်တီသက်က ဖေဖေ့ သူငယ်ချင်း ဦးဆန်းလွင်နှင့် အိမ်ထောင်ကျပေမယ့် အိမ်ထောင်သက် ငါးလအကြာတွင် အိမ်ထောင်ရေးက အက်သံပါလာသည်။

ဦးဆန်းက ခပ်ပွေပွေ၊ အန်တီသက်က ခပ်ရှုပ်ရှုပ်။

အန်တီသက်က တကယ်တမ်း ပွေတာ၊ ဖောက်ပြန်တာတော့ မဟုတ်။ ခေတ်မီသည်ဆိုပြီး ယောကျ်ားတွေနှင့် တွဲသွားတွဲလာ ရှိခြင်းပင်။

တကယ့်တကယ်တော့ ဘာမှမဟုတ်ပေ။ ဒါပေမဲ့ ဘယ် ယောကျ်ားနှင့်မဆို dinner စားတာ၊ shopping ထွက်တာ၊ ရုပ်ရှင် အတူတူကြည့်တာတွေကို လုပ်တတ်သည်။ ဒါကို အန်တီသက်က ခေတ်မီသည်ဟု အကောင်းထင်နေသည်။ ဦးဆန်းကိုလည်း ဘယ်လို နေနေ အန်တီသက်က ခွင့်လွှတ်သည်။





ဒါတွေဟာ ဘဝရဲ့ ကြမ်းတမ်းသော ရုန်းကန်မှုများ၏ ထွက်ပေါက်ဟု ဆိုသည်။ ဦးဆန်းကလည်း အန်တီသက်လိုပဲ သွားလာတာပဲ။ အန်တီသက်ဘက်က ကြည်ဖြူပေမယ့် ဦးဆန်းဘက်ကကျတော့ မကြည်ဖြူခဲ့ပေ။

"မင်းက မိန်းမ၊ ယောကျ်ားနဲ့တန်းတူ လိုက်ပြိုင်လို့ရမလား"

တဲ့လေ။

"လိုက်ပြိုင်တာမဟုတ်ဘူး၊ ကိုယ့်ဘာသာ နေတတ်သလို နေတာ၊ တစ်သက်လုံးကလည်း နေခဲ့တယ်၊ ဒီလိုနေလို့လည်း မှားတစ်ပေါက် မစွန်းခဲ့ဘူး၊ တကယ်လို့ လိုက်ပြိုင်တယ်ဆိုရင်တောင် ရှင် တားခွင့်မရှိဘူး . . .၊

ဘယ့်နှယ်တော် မိန်းမကျတော့ အိမ်တွင်းအောင်း ချက်ပြုတ် ကျွန်ခံ၊ ယောကျ်ားကျတော့ ငါဟဲ့ယောကျ်ားဆိုပြီး လုပ်ချင်ရာလုပ်၊ သန်းခေါင်ကျော်မှ ပြန်လာတဲ့ယောကျ်ားကို သနပ်ခါးအဖွေးသားနဲ့ ကျွန်မက အိမ်ပေါက်ဝကနေ ဆီးကြိုရှိခိုးရမှာလား။ တစ်သက်လုံး မရဘူးမှတ်ပါ . . .၊'

သက်မာကိုတော့ လာမကြောနဲ့နော်၊ ဘယ်သူကြောကြောကိုမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးခံခဲ့တဲ့သူ မဟုတ်ဘူး။ ယောကျ်ားရဲ့ ကလေးမဟုတ် သူငယ်မဟုတ် ဘယ်လိုနေ ဘယ်လိုထိုင် လာမလုပ်နဲ့ သဘောင်မရဘူး။ ပျော်သလိုနေမှာပဲ၊ မှဲ့တစ်ပေါက်မစွန်းရင်ပြီးရော"

ဂုဏ်သိက္ခာ အဆင့်အတန်းနှင့်မညီ သတ်ပုတ်ပြောဟောသည်။ ဖြစ်ချိန်မှာ အန်တီသက်က ကိုယ်ဝန်ကြီးနဲ့ပါ။

ဖေဖေက မနေနိုင်စွာ ဝင်ပြောတော့ –

"သက်မာက အပျိုကတည်းက ဒီလိုနေတတ်တာ မင်းအသိပဲ ဆန်းလွင်ရာ၊ ခုမှ ထလုပ်တာမှ မဟုတ်တာ"

"ဟိုတုန်းက အပျိုကွ၊ အခု အိမ်ထောင်သည်လေ၊ မင်းမိန်းမ စိမ်းမြင့်မိုရ် သူ့လိုလုပ်သလား။ သွားသလား"

"ဒါကတော့ကွာ ... စိမ်းက အပျိုတည်းက အိမ်ထဲမှာခပ်အေးအေးနေတတ်တာကိုးကွ၊ စရိုက်ချင်းမှမတူတာ၊ အိမ်ထဲမှာနေစေချင်ရင် အစကတည်းက စိမ်းလိုမိန်းမမျိုးကို ယူခဲ့ပါလား။ မင်းသက်မာကိုမှမရရင် သေလိမ့်မယ်ဆိုပြီး တကျိုကျိုနဲ့"

"တော်ကွာ ငသွေး"

အဲဒီနောက်ပိုင်း ဦးဆန်းနှင့်အန်တီသက်တို့ကွဲကာ အန်တီသက်က ကိုယ်ဝန်ကြီးနှင့် ဖေဖေတို့အိမ်သို့ ရောက်လာသည်။ မျက်နှာတစ်ချက် မညိုးဘဲ ကိုယ်ဝန်ကြီးတကားကားနှင့် လျှောက်လည်သည်။





အိမ်ထောင်ထိန်းသိမ်းမှု၊ ချက်ရေး ပြုတ်ရေး ဘာတစ်ခုမှ စိတ်မဝင်စားဘဲ စားချင်တာစားကာ မိုးလင်းပေါက် ဖဲရိုက်တတ်သေးသည်။ ဖေဖေက ရန်ကုန်မှာမရှိတာများတာမို့ သူမ ရှစ်လအရွယ်လေးနှင့် မေမေက ကလေးတစ်ဖက်နှင့်မို့ ဘာမှမပြောပေ။ ပြောလည်းနားထောင်မှာမဟုတ်။ ဦးဆန်းကတော့ ဘယ်ရောက်သွားမှန်းမသိရဘဲ ပျောက်သွားခဲ့သည်။

ဒါတွေကို ဖေဖေပြောပြလို့ သူမ သိခဲ့ရတာတွေဖြစ်သည်။ သူမ တစ်နှစ်သမီးအရွယ်မှာ အန်တီသက်က သမီးလေးတစ်ယောက်မွေးသည်။ ကလေးမွေးပြီးပြီးခြင်းမှာပဲ သွေးလွန်ကာ အန်တီသက်ဆုံးသွားရှာသည်။ အဲဒီကတည်းက ဖေဖေက ငုံးဥ (ချစ်စနိုးနှင့်ခေါ်သောအမည်) လေးကို မေမေ့နို့တစ်ဖက်ကိုတိုက်ကာ မွေးစားခဲ့သည်။

ငုံးဥ သုံးနှစ်အရွယ်ရောက်တော့ ဦးဆန်းပြန်ရောက်လာပြီး ငုံးဥကိုခေါ်သွားလိုက် မေမေတို့ထံ ပြန်လာပို့လိုက်နှင့်ပဲ ငုံးဥလေးနှင့်သူမ အရွယ်ရောက်ခဲ့သည်။ အပျိုအရွယ်လေးဖြစ်လာတော့ ငုံးဥကသူ့အဖေလာခေါ်လည်းမလိုက်တော့ပေ။

နောက်တော့ ဘေးအိမ်မှ ဝသုန်ဆိုသောကောင်လေးနှင့် ငုံးဥကို လူကြီးချင်းသဘောတူကာ လက်ထပ်ပေးရန် စီစဉ်ကြသည်။ ဝသုန်ကို ငုံးဥက သဘောမလောက်ချစ်သော်လည်း ဝသုန်က ငုံးဥကို



www.burmeseclassic.com

လုံးဝမချစ်ပေ။ ဝသုန် ဘယ်သူ့ကိုချစ်နေလဲဆိုတာကို ငုံးညသိသ
သူမလည်းသိပါသည်။

ဒါပေမဲ့ သူမရင်ထဲမှာ ချစ်ရမယ့်သူက အခိုင်အမာရှိနေ
သား။ နောက်တော့ စပ်စုလှသော ငုံးညက သူမချစ်နေသူဟာ ရိုက်
ညံ့ဆိုတာကို သိရှိသွားတော့သည်။

ငုံးညသိမှတော့ သူ့အကြောင်း ဝသုန်လည်း သိသွားတော
ပေါ့။ ဝသုန်က ဘာစိတ်ကူးပေါက်သလဲတော့မသိ ရိုက်ခတ်ညံ့
လေရာကို တကောက်ကောက်လိုက်တတ်သည်။

ဒါကို သူမက ရိုက်ခတ်ညံ့ကို သွားကြည့်မိသည့်အချိန်
နှင့် တိုးတာမို့ သိနေ တွေ့နေရသည်။

"ဝသုန် . . . နင် ဘာတွေလျှောက်လုပ်နေတာလဲ"

"ကျွန်တော် ဘာလုပ်လို့လဲ မ,ရာ"

"ဟဲ့ . . . ညာဦးမယ်၊ နင် ဘာလို့ ရိုက်ခတ်ညံ့နော
လျှောက်လိုက်နေရတာလဲ"

"ဩော် . . . ဒါလား။ မ,က သိပ်ချစ်တဲ့ယောကျ်ား
ဘယ်လိုအရည်အချင်းတွေ ရှိနေလို့လဲဆိုတာ သိချင်လို့"

ဒီကောင်လေးကြောင့်တော့ သူမနှင့်ငုံးည စိတ်ဝမ်းမ

ပေ။





"မ, ကျွန်တော် လားရှိုးကိုသွားမလို့"

"လားရှိုး ဟုတ်လား။ ဘာသွားလုပ်မလို့လဲ"

သူမက ဝသုန်ကို မောင်ငယ်တစ်ယောက်လို သဘောထား
ပြီး မေးလိုက်မိသည်။

"ရိုက်ခတ်ညံ့က လားရှိုးကို သွားမှာမို့လို့ လိုက်မှာလေ၊
မှာ ကားလက်မှတ်၊ အဲဒီလူဘေးကခုံကို ဝယ်ထားတာ"

"ငါနဲ့ သူနဲ့က ဘာမှမဟုတ်သေးပါဘူးဟယ်၊ နင် ဝင်မရှုပ်
နဲ့၊ ငါ တောင်းပန်ပါတယ်"

သူမက တောင်းတောင်းပန်ပန်ပြောတော့ –

"ဘယ်မှာရှုပ်လို့လဲ မ,ရာ၊ သူ့ဘေးကကပ်ထိုင်ပြီး သူ့မှာ
ဘယ်လိုအရည်အချင်းတွေ ရှိုးမိုးနေသလဲဆိုတာ လေ့လာမှာ၊ ဒီခရီးက
ပြန်လာရင် ငုံးညနဲ့ လက်ထပ်ရတော့မှာ၊ ဒီခရီးက ကျွန်တော့်ဘဝတစ်ခု
လုံးနဲ့ဆိုင်တယ်"

"ဝသုန်ရယ် . . . အကြောင်းကိုစွမရှိတဲ့လိုက်ရတာ နင် စိတ်
မှာက်တူးလားဟယ်၊ ပြန်စဉ်းစားစမ်း ဝသုန်၊ နင့်လုပ်ပုံက အရူးလိုပဲ"

ဝသုန် ဘာကိုရည်ရွယ်ပြီး လုပ်နေတယ်ဆိုတာ သူမ မသိပါ။
န်လုပ်ရပ်တွေ မှုမှန်ရဲ့လား။ ဝသုန် ခရီးသွားမှာကို ငုံးညက ကားဂိတ်
ဒီ လိုက်ပို့သလို သူမမှာလည်း ဒါရိုက်တာပန်းကနုတ်မှန်း လူတွေ

www.burmeseclassic.com



မသိအောင် ရုပ်ဖျက်ရင်း ရိုက်ခတ်ညံ့မသိအောင် တိတ်တိတ်ကလေး

လိုက်ပို့ရသေးသည်။

ဒီခရီးဟာ ဝသုန်ရဲ့နောက်ဆုံးခရီး ဖြစ်နေတာကိုတော့ ဘ

ရော ငုံးဥပါ မသိခဲ့ပေ။





"ဝသုန်နဲ့ပန်းဟာ မကောင်းဘူး။ ပန်းရဲ့ညီမနဲ့ ဝသုန်က လက်

ထပ်တော့မှာ။ ဒါကို ပန်းက သူမှာ ဟိုဟာရှိနေပါပြီဆိုပြီး သူ့ကို ယူပါ

ပြောလို့ ဝသုန် စိတ်ညစ်ပြီး ထွက်သွားရာကနေ သေတာ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ဝသုန် သေဆုံးသွားတာနှင့် ငုံးဥက သူ့အဖေရှိရာ LA ကို တစ်ခါတည်း ပြောင်းတော့သည်။

"ဟိုဘက်ခြံကိုမြင်ရတိုင်း ဝသုန်ကို သတိရနေမိတယ်"

ဆိုတာကို ဆယ်မိနစ်တစ်ခါလောက် ပြောတတ်တဲ့ငုံးဥကို အလိုလိုက်တဲ့အနေနဲ့ ပြောင်းခွင့်ပြုလိုက်တာပါ။ ငုံးဥဟာ သူမတို့ဆီ အလည်အပတ်လေးတောင် ပြန်မလာတော့ဘဲ ဟိုကိုမသွားခင်။

"ဝသုန်ဟာ ပန်းကိုကြိုက်နေတာ၊ ပန်းကလည်း ပြန်ပြီးအိပ်ပြီး လက်မခံတော့လို့ စိတ်ညစ်ပြီး ထွက်သွားတာကနေ သေရတာ"

ဆိုပြီး လျှောက်ပြောခဲ့သေးသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့ပါးစပ်ဆိုတာကလည်း သိတဲ့အတိုင်းပဲလေ။ ကြားနေတဲ့ သတင်းတွေကို ကားချင်တိုင်းကားပြီး –

"ဝသုန်နဲ့ပန်းဟာ မကင်းဘူး၊ ပန်းရဲ့ညီမနဲ့ ဝသုန်က လက်ထပ်တော့မှာ၊ ဒါကို ပန်းက သူမှာ ဟိုဟာရှိနေပါပြီဆိုပြီး သူ့ကို ယူပါပြောလို့ ဝသုန် စိတ်ညစ်ပြီး ထွက်သွားရာကနေ သေတာ"

ဆိုပြီး ကားသွားလိုက်တဲ့စကား။

တစ်ယောက်ချင်း လိုက်မဖြေရှင်းတော့ချင်ပါ။ သူမမှာသာ ဘာအပြစ်မှ မလုပ်ခဲ့ရဘဲ နာမည်ပျက်ခဲ့ရတာ။

ဖေဖေက မေမေ့ကိုပစ်ခဲ့တာ။ အန်တီသက် အနေအထိုင် မတတ်ခဲ့တာ။ ဝသုန် အဖြစ်ဆိုးခဲ့တာနှင့်ပတ်သက်ပြီး သတင်းတွေ ထွက်ခဲ့သေးတာလေ။ ဝသုန်ကိုယ်တိုင်က ရိုက်ခတ်ညံ့နှင့် ခုံချင်းကပ် ထွက်သွားခဲ့တာဆိုတော့ ဝသုန်က ရိုက်ခတ်ညံ့ကို ဘာတွေများ ပြော သွားခဲ့သလဲဆိုတာကိုလည်း မသိတာမို့ သူမဘာသာသူမ စိတ်ဆင်းရဲ ပြီး လူလုံးထွက်မပြခဲ့တာဖြစ်သည်။



ဒါတွေအားလုံးကို ရှင်းပြသူက သစ်ထူးပင်ဖြစ်သည်။ သစ်ထူးနှင့်သူမက သူငယ်ချင်းတွေတဲ့။

"ဘယ်တုန်းက သူငယ်ချင်းတွေလဲကွ။ ငါတို့မသိလိုက်ရပါလား"

"နွေနဲ့ပန်းကနုတ်နဲ့က အချစ်ဆုံးသူငယ်ချင်းတွေကွ၊ ငါနဲ့ နွေကို လူကြီးတွေ စေ့စပ်ပေးတော့ ပန်းကနုတ်နဲ့ မိတ်ဆက်ပေးခဲ့တာ လေ၊ နောက်တော့ နွေက ပန်းကနုတ်ကို ဖြတ်လိုက်တယ်"

"ဟေ ... ဘာလို့လဲ"

"မပြောချင်ပါဘူးကွာ၊ ပန်းကနုတ်က သူထက်ချောတော့ ငါကြိုက်သွားမှာစိုးလို့တဲ့လေ"

သူတို့နှစ်ယောက် ခွီးခနဲရယ်မိတော့သည်။

"နောက်မှ ပန်းကနုတ်က နွေ့ဆီမှာ ရင်လာဖွင့်တာမို့ နွေက ကျုပ်ရဲ့ပြဿနာမရှိနိုင်တော့ဘူးဆိုပြီး ကူညီပေးတာလေ၊ ဒါပေမဲ့ အန်တီလင်းကိုစွကြောင့် ပန်းနဲ့ဆုံဖြစ်တာကတော့ ကံကောင်းစွာ တိုက် ဆိုင်မှုပဲ"

ဝေဇက သစ်ထူး၏ကျောကို တဖြောင်းဖြောင်းနှင့်ရိုက်ရင်း–

"ဒါတောင် ... မင်းက ဖုန်းဆက်တာ မြတ်ပညာလင်းလို့ ထင်နေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစကတော့ တကယ်ထင်တာက၊ ပန်းက ဒီလို ကလေး ကလားလုပ်တာကျတော့ နွေ့ကို မပြောထားဘူးလေ၊ နောက်မှသိရတာ၊ ဒါပေမဲ့ . . . ငါက မင်း ပညာကိုရော ကြိုက်နေတာလားဆိုတာကို သိရအောင် လမ်းလွှဲထားတာ"

"တော်တော့ကွာ၊ ပန်းကလည်း မျက်နှာကလေးပြုပြီး ပြေးတာပဲ၊ ငါ သူ့ကို သွားတွေ့ပြီး ဖွင့်ပြောတော့မယ်ကွာ၊ ရင်တွေပူနေပြီ"

"ခဏလေး . . . ခဏလေး၊ မနက်က ပန်းက နွေ့ဆီကိုလာပြီး ငိုတယ်ကွ"

"ဘာလို့လဲ"

"မင်းက ပညာကို စိတ်ဝင်စားပြီး ပညာထင်လို့ ဖုန်းပြန်ပြောနေတာတဲ့၊ ပညာ စေ့စပ်သွားတော့ မင်းအသည်းကွဲနေတယ်ဆိုပြီး ငိုတော့တာပဲဟေ့၊ ဒါနဲ့ ငါလည်းရောက်နေတာမို့ မင်းက ပညာကို မချစ်ဘဲ ပန်းကနုတ်ကိုပဲ ချစ်နေခဲ့တာပါလို့ ပြောလိုက်တယ်၊ သူ တော်တော် ပျော်သွားတာကွ သိလား"

"ဒီကောင်ကွာ . . . သူ့ကို ငါချစ်တာ ငါပဲ ဖွင့်ပြောမှာပေါ့"

"မင်းတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ချစ်နေလျက်သားနဲ့ တိုင်တွေပတ်လွှန်းလို့ ငါ ကြိုးဝင်ထားတာလေ"

သူတို့ တဟားဟား ရယ်မောကြစဉ်မှာပဲ -





"ဟော . . . ပညာ"

ပြုံးစိစိ မချိုမချဉ်မျက်နှာနှင့် ဝင်လာသူက မြတ်ပညာလင်းပါ။

"ဒီမှာ ရှင်တို့အတွက် မုန့်ပြန်လက်ဆောင်တွေ ပါလာတယ်"

"ပညာ ခင်ဗျားကလည်း ပြောတောင်မသွားဘူး၊ သတင်းစာထဲမှာ တွေ့မှပဲသိရတာ"

"သြော် . . . ဟုတ်တယ်၊ ကျွန်မနဲ့ သူက လေးနှစ်လောက်ရှိပြီ ချစ်နေတာ၊ စီးပွားရေးဖူလုံမှ လက်ထပ်ဖြစ်တာလေ၊ စီးပွားရေး အဆင်မပြေတဲ့ အိမ်ထောင်ရေးတွေမှာ အချစ်က နောက်နားမှာ ရောက်သွားတတ်လို့ အဲလိုမဖြစ်အောင် စီးပွားအရင်ရှာထားတာလေ"

"ခင်ဗျားရဲ့ ဒဿနက တစ်မျိုးပါလား"

"အဲဒါ အမှန်ပဲလေ"

"ဒါနဲ့ ပညာ . . . ရှင့်ရဲ့လျှို့ဝှက်ချက်ကို ပြောနိုင်ပြီလား"

တေဇာ၏စကားကြောင့် ပညာကပြုံးသည်။

"တေဇက မမေ့သေးဘဲကိုး၊ ကျွန်မက Men cosmetic ကောင်တာက မြတ်သီဟကို စိတ်ဝင်စားတာပါ"

"ဟာ . . . အခု ခင်ဗျားနဲ့စေ့စပ်တာ ခင်ဗျားချစ်သူဆို"

သစ်ထူးက ဝင်ပြောတာမို့ ပညာက လက်ကလေးကာရင်း-



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ရှင်ကလည်း ပြောတာကို ဆုံးအောင်နားထောင်ပါဦး၊ ကျွန်မဖေဖေမှာ လူမသိ သူမသိ အိမ်ထောင်ကျရာက သားတစ်ယောက်ရခဲ့တယ်၊ အဲဒီသားအမိက အဆင်မပြေဘူးလေ၊ အဲဒါကို စောင့်ရှောက်ပေးဖို့ ကျွန်မက လာရာတာ"

"အဲဒါ မြတ်သီဟလား"

"ဖေဖေပြောတဲ့အချက်အလက်က မြတ်သီဟနဲ့ ကိုက်ညီတော့ မြတ်သီဟလို့ ထင်နေတာ"

"ဟုတ်နေလား"

"ရာဇထွန်း ဖြစ်နေတယ်"

"ဗျာ ... အမျိုးသားဝတ်တွေရောင်းတဲ့ counter က ရာဇထွန်းလား"

"ဟုတ်တယ်၊ အစကတော့ မြတ်သီဟလို့ထင်ခဲ့တာလေ၊ ယောကျ်ားလေးနဲ့ မိန်းကလေးကျတော့ ဘယ်ကစပြီး မိတ်ဆက်ရမလဲ ဆိုတာကို lion ကနေ ကြည့်ပြီး စဉ်းစားနေတာ"

"ရာဇထွန်းမှန်း ဘယ်လိုသိသွားတာလဲ"

"မြတ်သီဟနဲ့ခင်သွားတော့ မဟုတ်မှန်း သိသွားတာ၊ ရာဇထွန်းအကြောင်းကို မြတ်သီဟက သိထားတယ်လေ၊ အဲဒါ ... စကားစပ်မိရင်းက ရာဇထွန်းဟာ ကျွန်မမောင်မှန်း သိသွားတာ"





"ဩော် ... ဩော် ဒီလိုကိုး"

ပြီးတော့ သူတို့သုံးယောက် လှိုက်လှိုက်ပြီးတွေးမိတာကို ပြန်တွေးရင်း ရယ်လိုက်ကြသည်။

"ရှင်တို့ shopping mall က ဝန်ထမ်းတစ်ယောက် အလုပ်ထွက်မယ်"

"ရာဇထွန်းလား"

"ဟုတ်တယ်၊ ဖေဖေက မေမေမသိအောင်ရှာပြီး အမွေပေးချင်တာ၊ ဒါပေမဲ့ ... မေမေသိသွားတယ်လေ၊ အခု မေမေ့ခွင့်ပြုချက်နဲ့ သိန်းငါးရာ အမွေပေးလိုက်တယ်၊ မောင်လေးက သူ့ချစ်သူနဲ့ လက်ထပ်တော့မှာလေ၊ နောက်လိုအပ်ရင် ဆက်ထောက်ပံ့ပေးမှာပေါ့"

ဩော် ... အခုမှပဲ ရှင်းလင်းတော့တယ်။

"အစက မေမေမသိသေးတော့ သတင်းပေါက်ကြားမှာစိုးလို့ ရှင်တို့ကို မပြောတာပါ၊ အခုတော့ ရပါပြီ"

"ရာဇထွန်း မေမေကရော"

"မနှစ်ကပဲ သွေးတိုးရောဂါနဲ့ ဆုံးသွားတယ်လေ"

"ကောင်းတာပေါ့ဗျာ၊ တော်ကြာ ... ခင်ဗျားမေမေ သူ့အိမ်နဲ့ တိုနေရမှာ" .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကဲ . . . ကျွန်မပြန်မယ်ရှင်၊ မင်္ဂလာဆောင်ရင် ဖိတ်စာပို့လိုက်မယ်"

"အိုကေပါဗျာ"

မြတ်ပညာလင်းတစ်ယောက်တော့ လောကကြီးကို ဘယ်လောက်တောင် ကျေနပ်နေသည်မသိ၊ မျက်နှာလေးက ပြုံးရွှင်နေသည်။

❁ ❁ ❁





"ဒီကိစ္စတွေက ဘာမှမဟုတ်ပါဘူးကွာ၊ လောကထဲမှာ၊ လူသားတွေထဲမှာ၊ ဖြစ်တတ်တဲ့သဘာဝတွေထဲမှာတောင်မှ ခပ်ပေါ့ပေါ့ ဖြစ်ရပ်တွေပါ။ ဒီ့ထက်ဆိုးတာတွေ တစ်ပုံကြီး"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဟော ... မာမိ ပြန်လာပြီ"

"ဟုတ်တယ် သားရေ သား အန်တီဝေဝေ့၊ မာမီ့ကို ထမင်းစားဖိတ်လို့လေ၊ သွားစားတာ"

"ဟုတ်လား၊ ဘာအထိမ်းအမှတ်လဲ မာမီ"

မာမီက ဆိုဖာမှာ ဝင်ထိုင်လိုက်ရင်း –

"ထမင်းစားဖိတ်တာ မာမီတစ်ယောက်တည်းကို မဟုတ်ဘူးလေ၊ စိန်မြင့်မိုရ်တို့သားအမိလည်း ပါတယ်၊ စိန်မြင့်မိုရ်ရဲ့သမီးလေးက နာမည်ကြီးဒါရိုက်တာ ပန်းကနုတ်လေ၊ မိန်းကလေးပေမယ့် မြန်မာပြည်မှာ နာမည်တစ်လုံးနဲ့ ရပ်တည်နိုင်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကစလို့ ထမင်းစားပွဲအကြောင်းကို မာမီက သူ့ထံ ပြန် ဖောက်သည်ချတော့တယ်။

“လဲ့ရေ ... လာကွယ်၊ မိတ်ဆက်ပေးရဦးမယ်၊ သူ တို့တွေနဲ့ တက္ကသိုလ်တုန်းက တစ်နှစ်တည်း major သာမတူ လေ၊ နာမည်က စိမ်းမြင့်မိုရ်တဲ့၊ သူကတော့ စိမ်းရဲ့သမီးလေး ဒါရိုက်တာ ပန်းကနုတ်တဲ့၊ နာမည်ကြီးပဲလေ”

“မြင်ဖူး တွေ့ဖူးတာတော့ ရှိနေပါတယ်၊ ရင်းရင်းနှီးနှီး မခဲ့ဖြစ်တာလေ၊ စိမ်းရဲ့သမီးလေးကလည်း အချောလေးပဲ၊ ချစ်စ ကောင်းလိုက်တာ၊ သမီးရဲ့ အောင်မြင်တဲ့သတင်းတွေ အန်တီ ကြားပါတယ်ကွယ်”

ဝေဝေါရည်ရွယ်ချက် ပထမဆုံး မိခင်ချင်းရင်းနှီးအောင် အစ လုပ်ပေးတာပါ။

“စိမ်းက အိမ်တွင်းသိပ်ပုန်းတယ်လေ၊ အိမ်တွင်းပုန်းလို နိုင်သာဝင်လိုက်နဲ့ ဒါပဲလုပ်နေတာ၊ သိတယ်မဟုတ်လား သူ့အကြော ကို”

ဝေက တမင်ပဲ ပြောချလိုက်တာပါ။

ဒေါ်လဲ့လဲ့ချိုတစ်ယောက်သာ ဘာပြန်ပြောရမယ်မှန်းမသိ အင်း အင်းဟု မသက်မသာ ရယ်မိသည်။ ဝေက ဦးသွေး





ကြောင်းကို ထပ်ပြောသည်။ တကယ်တော့ ဦးသွေးနေအကြောင်းကို ဒေါ်လဲ့လဲ့ချိုလည်း သဲ့သဲ့တော့ ကြားထားပါသည်။

“အဲဒီကိစ္စနဲ့ပတ်သက်လို့ လူတွေက သူတို့သားအမိကို အထင်သေးနေမှာဆိုပြီး အိမ်တွင်းပုန်းလုပ်နေတာလေ၊ သမီးကတော့ သူ့အလုပ်လေးနဲ့သူမို့ စိတ်သက်သာရာရပေမယ့် သူကတော့ အိမ်ထဲက ကို မထွက်ဘူး၊ အဲဒါကြောင့် ဒီနေ့ သူငယ်ချင်းတွေဆုံရအောင်ဆိုပြီး ထမင်းစားဖိတ်လိုက်တာ”

“ကံတရားတွေပေါ့ စိမ်းရယ်”

ဒေါ်လဲ့လဲ့ချိုက ကရုဏာသက်စွာပြောသည်။

“တက္ကသိုလ်မှာ major မတူလို့ မရင်းနှီးခဲ့ပေမယ့် စိတ်ထဲက ခင်နေခဲ့တာပါ လဲ့ရဲ့”

“သူ့အဖေလုပ်ပုံကြောင့် ပန်းကိုလည်း လူတွေ အထင်သေး မှာစိုးနေတာလေ၊ ပန်းလေးမှာလည်း ယောကျာ်းတွေကိုကြောက်ပြီး စိမ်မှာစိုးလို့ မျက်နှာကို mark ကြီးနဲ့ကာကွယ်ပြီး အချစ်နဲ့မတွေ့ အောင် ရှောင်နေခဲ့တာ”

“မဟုတ်တာဘဲ သမီးရယ်၊ အန်တီတို့ကြားထားတာက ည်း၊ သမီးဖေဖေအပြစ်က သိပ်မကြီးပါဘူးကွယ်၊ မဖြစ်ရင်တော့ ကောင်းတာပေါ့လေ၊ ဒါပေမဲ့ ... ယောကျာ်းဆိုတော့လည်း နားလည်



www.burmeseclassic.com

www.burmeseclassic.com



ပေးမှာပေါ့၊ အခုခေတ်ယောကျ်ားတွေက small လေးမှမဆွဲရင် ခေတ်မမီသလို ဖြစ်နေတာလေ၊ စိမ်းကလည်း သမီးလေးကို မွေးပေးပေါ့၊ သမီးကလည်း အားမငယ်နဲ့၊ သမီးက အောင်မြင်နေတဲ့ မိန်းကလေးတစ်ယောက် ဘာမှ အားငယ်စရာမလိုဘူး၊ သိလား သမီး"

"ဟုတ်ကဲ့ပါ အန်တီ"

ပန်းကနှုတ်က ချစ်စရာကောင်းလောက်အောင် ချောမောတာမို့ ဒေါ်လှဲလှဲချိုတစ်ယောက် ထိုင်သာငေးချင်နေမိတော့သည်။

"ဒါတင်ဘယ်ကမလဲ လှဲရဲ့၊ စိမ်းရဲ့ယောက်မ သက်မာကို သိလား"

"တို့တွေထက် ငယ်မယ်နော်၊ အခု ဘယ်မှာလဲဟင်"

"ဆုံးသွားပြီဟ၊ သူက ပွင့်ပွင့်လင်းလင်းသမားလေ၊ သိတယ် မှတ်လား။ အဲဒီအတွက် သေတဲ့အထိ ယောကျ်ားနဲ့သတ်တုံး"

"ဟုတ်တယ် ... ဟုတ်တယ်၊ ဦးသွေးနေသတင်းကြား သူညီမကလည်း မွေတယ်ဆိုပြီး သတင်းထွက်လာသေးတယ်လေ"

စိမ်း စိတ်မဆိုးပါနဲ့နော်၊ လှဲကတော့ ဘယ်သူတွေ ဘာပြောပြော မယုံပါဘူး။ သက်မာက အဖော်မင်တာပါ၊ စိတ်ရင်းက မဆိုးပါဘူး"

"နောက်တစ်ခု ရှိသေးတယ်"

"ဘာလဲ ဝေရဲ့"





ဝေကတော့ တစ်ခုပြီးတစ်ခု ထုတ်ပြောကာ ဖြေရှင်းနေသည်။

"သက်မာရဲ့သမီးလေ"

"သက်မာက သမီးလေးမွေးတာလား"

"ဟုတ်တယ် ... မွေးပြီးပြီးချင်းမှာပဲ ဆုံးတာ၊ အဲဒီတုန်းက စိမ်း က ပန်းကိုမွေးပြီးတာ တစ်နှစ်တောင် မပြည့်သေးဘူးဆိုတော့ သက်မာသမီးကို စိမ်းကပဲ နို့တိုက်ပြီးမွေးခဲ့တာ"

"အဲဒီကလေးကရော"

"ပြောဦးမယ်၊ သက်မာ သမီးနာမည်က သွက်သခင်၊ ဒါပေမဲ့ တစ်အိမ်လုံးက သူ့ကို ချစ်စနိုးနဲ့ ငုံးညလို့ခေါ်တာ၊ အဲဒီငုံးညက အရွယ်ရောက်တော့ ဘေးအိမ်ကကောင်လေးကို ကြိုက်တယ်၊ လူကြီးချင်းကလည်း သဘောတူတယ်၊ ဒါပေမဲ့ ... ကောင်လေးက ငုံးညကို မကြိုက်ဘဲ ပန်းကိုကြိုက်တာ၊ ပန်းကတော့ ရှောင်တိမ်းပါတယ်၊ ဒါကို ငုံးညသိသွားတယ်၊ ဖြစ်ချင်တော့ တောင်လေးက ခရီးသွားရင်း ကား accident ဖြစ်ပြီး ဆုံးသွားတယ်"

ထို့နောက် ငုံးညဘက်ကမသွားခင် သတင်းဆိုးလွှင့်ခဲ့တာကိုပါ ပြောတော့သည်။

ဝေက ပန်းနှင့်ပတ်သက်သမျှ သတင်းဆိုးတွေ အကုန်ပြော အကုန်ရှင်းပြီးမှ ပန်းကိုအမွှန်းတင်၊ စိမ်းကို အမွှန်းတင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်မှာ ဒီလိုဖြစ်ဖို့က ကံပါလာရင် ရှောင်လွှဲလို့မရဘူး စိမ်းရဲ့၊ ဒီကိစ္စတွေက ဘာမှမဟုတ်ပါဘူးကွာ၊ လောကထဲမှာ လူသားတွေထဲမှာ၊ ဖြစ်တတ်တဲ့သဘာဝတွေထဲမှာတောင်မှ ခပ်ပေါ့ပေါ့ဖြစ်ရပ်တွေပါ၊ ဒို့ထက်ဆိုးတာတွေ တစ်ပုံကြီး ...၊

ခု ကြုံရတာတွေမှာ စိမ်းဘက်က လုံးဝအပြစ်မရှိဘူး။ စိမ်းမှာအပြစ်မရှိသလို သမီးဘက်မှာလည်း အပြစ်မရှိဘူး၊ သားအမိ နှစ်ယောက်လုံး လဲ့တို့အိမ်ကိုလည်း လာလည်ပါကွယ်၊ လူ့ဘဝဆိုတာ တိုတိုလေး ...၊

တရားထိုင်တာလည်းထိုင်ပေါ့၊ အပေါင်းအသင်း မိတ်ဆွေတွေနဲ့လည်း တွေ့ပါ၊ သမီးလေးကတော့ လူတွေနဲ့ ဆက်ဆံရတဲ့သူမို့ ကိစ္စမရှိဘူး။ စိမ်းက အဲဒီအတိုင်းသာ ဆက်နေရင် ရောဂါတွေ ဝင်လာလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် လဲ့ရယ်၊ စိမ်းတို့သားအမိနဲ့ ခင်မင်ဆက်ဆံဖို့ စိတ်မပျက်ဘူးလားဟင်"

"မပျက်ပါဘူး"

"အဲဒါပဲ လဲ့ရယ်၊ ဘယ်သူမဆို သူတို့သားအမိနဲ့ အပေါင်းအသင်းလုပ်ချင်တော့မှာ မဟုတ်ဘူးဆိုပြီး စိတ်ဓာတ်ကျနေတာလေ"

သူမကတော့ စိတ်ထဲမှာ ပျော်နေခဲ့တာပါ။ သူကတော့





ဘယ်လိုနေမည်မသိ သူမဘက်ကတော့ သူမမေမေနှင့် အဆင်ပြေအောင် ကြိုးစားရမည်။

သစ်ထူးကတော့ သူကလည်း သူမကို ချစ်နေခဲ့တာဟု ပြောခဲ့သည်။ ဒါပေမဲ့ သူ့ပါးစပ်က ဖွင့်ပြောတာကို ကြားချင်သေးတာပေါ့။ သူ့ဘက်က စပြီး မဆက်သွယ်လာတော့လည်း မိန်းကလေးပီပီ သူမကတော့ စောင့်ရဦးမှာပေါ့။

"သမီးလေးက ဒီနှစ် ကားကြီးရိုက်ထားတာ အကယ်ဒမီဆန်ကာတင်လည်းပါတယ်ဆို"

"ဟုတ်ကဲ့ အန်တီ၊ ပရိသတ်တွေက မှန်းပေမယ့် သမီးကတော့ မမှန်းရဲဘူး။ လွဲရင် ကိုယ်ပဲခံစားရမှာလေ"

"ကဲ ကဲ ...စကားကောင်းနေတာနဲ့ ဗိုက်တောင်ဆာလာပြီ ထမင်းစားရအောင်၊ လဲ့ရေ တို့က ထမင်းစားသာဖိတ်တာ ဒီထမင်းတွေ ဟင်းတွေက တို့ချက်တာ မဟုတ်ဘူးကွ"

"ဟယ် ... ဒါဆို ဘယ်သူချက်တာလဲ"

"ပန်းပေါ့၊ အစောကြီးလာပြီး သူပဲ ချက်ပြုတ်ပေးသွားတာ၊ အားလုံးကျက်မှ အိမ်ပြန်ရေချိုး အဝတ်အစားလဲပြီး စိမ်းကိုခေါ်ပြီး ပြန်လာတာလေ"

ပိုးချိတ်ခရမ်းရင့်လေးနှင့် ပန်းက တကယ့်ပန်းလေးတစ်ပွင့်



www.burmeseclassic.com

www.burmeseclassic.com



လို လှပနေပါသည်။

"သမီးကတော့ ဘက်စုံပဲကွယ်၊ သမီးကူညီပေးလိုက်လို့ လင်းရဲ့ ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးလည်း အရမ်းအောင်မြင်သွားတာလေ"

ထမင်းစားတော့လည်း လက်ရာက ကောင်းလွန်းလှသည်။ ဒေါ်လှဲ့လှဲ့ချိုတစ်ယောက် နားလည်လိုက်ပါပြီ။ ပန်းကို ချွေးမတော်ချင်စိတ်က တဖွားဖွား ပေါ်လာခဲ့ပြီလေ။

✺

"အဲဒါပဲ သားရယ်၊ မာမီကတော့ ပန်းရဲ့မျက်နှာလေးနဲ့ ပန်းရဲ့လက်ရာကို စားပြီးကတည်းက ပန်းရဲ့ အဖြစ်အပျက်တွေကို မေ့ထားပြီး ချွေးမပဲ တော်ချင်မိတယ်"

မာမီကတော့ ပန်းအကြောင်းတွေကိုပဲ ပြောနေခဲ့သည်။

"မာမီ"

"ဟေ"

"သားလည်း အဲဒါပဲ ပြောတော့မလို့"



"ဘာလဲ သားရဲ့"

"သားမှာ ချစ်သူရှိနေပြီဗျ"

"ဟေ"

မာမီ တကယ်ကို အံ့ဩသွားပုံရသည်။

"ဘယ်သူများလဲ သားရယ် . . . မာမီက ပန်းလေးကို ချွေးမတော်ချင်နေတာ၊ ဒါနဲ့ သားချစ်သူက ပန်းလောက်တော်လို့လား"

သူ ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ –

"ပန်းကနုတ်လောက်တော်တာပေါ့ မာမီရဲ့၊ သားက မာမီ ပေးထားတဲ့ ဘောင်ထဲက ရွေးထားတာလေ"

မာမီက သက်ပြင်းသဲ့သဲ့ချရင်း –

"ဘယ်သူတဲ့လဲသား"

"ပန်းကနုတ်ပဲလေ၊ သားက သူ့ကိုချစ်နေတာကြာပေါ့"

"ကြည့်စမ်း ကောင်လေး . . . အမေကို ရင်ထိတ်အောင်လုပ်တယ်၊ မာမို့မှာတော့ ပန်းကို ချွေးမ မတော်ရတော့ဘူးဆိုပြီး ဝမ်းနည်းသွားတာ၊ ခုမှ"

ညှို့ခန်းလေးထဲတွင် သူတို့သားအမိနှစ်ယောက်၏ ရယ်သံလေး စည်ဝေသွားတော့သည်။

✺ ✺ ✺

ရွှေပဒေသာစာပေ

www.burmeseclassic.com



"ကျွန်မ ရှင့်ကို ချစ်တယ်လို့ ပြောခဲ့ဖူးလို့လား။ ရှင်ကရော ကျွန်မကို ချစ်ပါတယ်လို့ ပြောခဲ့ဖူးသလား"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

သူ့ဖုန်းထဲတွင် မှတ်ထားဖူးသော သူမ၏ ဖုန်းနံပါတ်လေးကို နှိပ်လိုက်သည်။ တော်ပါသေးရဲ့ ဖုန်းဖွင့်ထားလို့။

"ဟယ်လို"

"ပြောလေ ရိုက်ခတ်"

"အာ . . . အဲဒီလိုခေါ်တာကြီးကို ပြောင်းတော့လေ"

"ဘာလို့ပြောင်းရမှာလဲ"

"ပန်းနဲ့မောင်က ချစ်သူတွေဖြစ်နေပြီပဲဟာ"

"ချစ်သူတွေ ဟုတ်လား"

သူမက ပြန်မေးလာခဲ့သည်။

"ဟုတ်တယ်လေ၊ ပန်းနဲ့မောင်က ချစ်သူတွေပဲဟာ"

"ကျွန်မ ရှင့်ကို ချစ်တယ်လို့ပြောခဲ့ဖူးလို့လား။ ရှင်ကရော ကျွန်မကို ချစ်ပါတယ်လို့ ပြောခဲ့ဖူးသလား"



www.burmeseclassic.com

www.burmeseclassic.com



"အာ ပန်း မောင့်ကို မနောက်နဲ့နော်၊ မောင်တို့နှစ်ယောက်ရဲ့အချစ်တွေက ဖွင့်ပြောစရာမလိုအောင် နားလည်ထားတာလေ"

"ရှင့်ကို ဘယ်သူက ပြောလဲ"

"ပန်း"

သူ စိတ်နည်းနည်းတိုသွားတာမို့ အော်လိုက်မိသည်။

"ပန်း ... မနောက်နဲ့ကွာ၊ မောင် သေလိမ့်မယ်"

သူ့မဘက်က ရယ်သံလေးထွက်ပေါ်လာကာ –

"အခုမှ အသည်းအသန် လာဖြစ်နေတယ်"

"တကယ်ချစ်တာကွ၊ ပန်းရော မောင့်ကိုချစ်ရဲ့လား"

"အခုထိ မသိသေးဘူးလား။ ဒီဘက်က သိကွာမဲ့ပြီး အရင်စခဲ့ရတာနော်"

"ပန်းရယ်"

"မောင်"

သူ့မထံမှ ခေါ်သံတိုးဖွဖွလေး ထွက်လာသည်။

"ပန်းကို မောင်သာပြန်မချစ်ရင် ပန်းလည်း ရူးလောက်တယ် မောင်ရဲ့"

"ပန်းရယ် ... မောင်လေ အငြိမ်နေလို့မရလောက်အောင်ကို ပျော်နေတာကွ"





ရယ်သံလေး ထွက်လာပြန်သည်။

"မနက်ဖြန် မောင်နဲ့မာမီတို့ လာတောင်းမယ် ပန်းကို"

"အယ် ... ဆိုင်းမဆင့် ဘုံမဆင့်ကြီး"

"ပန်း ... မောင် ပန်းတို့ခြံရှေ့ရောက်နေတယ်"

"ဟာ ... ဒါဆို မောင်က ကားမောင်းလာရင်း ဖုန်းပြောနေတာလား"

"ဟုတ်တယ်၊ အပျော်လွန်ပြီး ပန်းကိုတွေ့ချင်သွားတာ၊ တံခါးဖွင့်ပေးမလား"

"အာ ... ခုနကမှ မောင့်အမေ ပြန်သွားတာလေ၊ အမေ လာလိုက် သား လာလိုက်နဲ့ ဘယ်လိုဖြစ်နေတာလဲ"

"ဒါဆို ... ထွက်ခဲ့ကွာ၊ ကော်ဖီသွားသောက်ရအောင်"

"မထွက်ခဲ့ဘူးဆိုရင်ရော"

"ဒါဆို ... မောင်နဲ့ပန်း လက်ထပ်တော့မယ်ဆိုတာကို face book ပေါ်တင်တော့မယ်"

"တင်ချင်တင်ပေါ့"

"ပန်း ... မောင် တကယ် စိတ်တိုလာပြီနော်"

"အလကားနောက်တာပါ မောင်ရယ်၊ ပန်းက တံခါးဝကိုတောင် ရောက်လာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ရေညှိရောင်ပိုးချိတ်ဝမ်းဆက်လေးနှင့် ခြံအပြင်ကို ထွက်လာသည်။ သူကလည်း ကားထဲမှထွက်ပြီး သူမလက်ကလေးကို သွားဆွဲလိုက်သည်။

"ကျေးဇူးတင်ပါတယ် မောင်"

"ဘာအတွက်လဲ ပန်းရဲ့"

"ပန်းကိုချစ်ပေးတဲ့အတွက်ပါ"

သူက ဟာက်ခနဲရယ်ကာ သူမနား နားသို့ကပ်ပြီး တိုးတိုးလေး မေးလိုက်သည်။

"မောင့်ကိုချစ်လား"

သူမက မဖြေဘဲ သူမျက်နှာကို စိုက်ကြည့်ကာ ခေါင်းလေး ထောက်လိုက်သည့်ခဏ သူ့နှုတ်ခမ်းလေး နွေးခနဲ ဖြစ်သွားရတော့သည်။

ရင်ခုန်သက်သေကြောင့် သူအနား ကြယ်တစ်စင်း ကြွေခဲ့ပြီလေ။ သူ့အတွက် အိပ်မက်ညတွေလည်း ရှိတော့မှာမဟုတ်။

ချစ်သူနှစ်ဦးကို တင်ဆောင်ထားသည့် ကားကလေးဟာ လည်း ဒေါင်ဥယျာဉ်လေးရှိရာဆီသို့ ဦးတည်လျက်။

ပရိသတ်အတွက်

အမြဲထာဝရလေးစားကြိုးစားလျက်

ခေတ်ပျိုဖြူ

Facebook.Khit Pyo Phyu

Likepage. ခေတ်ပျိုဖြူ

BURMESE CLASSIC

www.burmeseclassic.com